www.burmeseclassic.com

အောင်မြင်စာပေ

# နတ်ကြိုး

မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
နှုတ်ချွာမိုး
မျက်လုံး/နှုတ်ချွာမိုး။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၁၅၁ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

ထုတ်ဝေသူ ဦးအောင်မြင့်။ အောင်မြင်ပုံနှိပ်တိုက်။ ဖြန့်ချိရေး အောင်မြင်စာပေ။
ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်၊ (ဒီဇင်ဘာလ)၊ အုပ်ရေ(၅၀၀)။






www.burmeseclassic.com

www.burmeseclassic.com

အကျယ်အကျယ်
အငြင်းဖွယ်ကို
အကျဉ်းအကျဉ်း
စိတ်ထဲရှင်းဖို့
အမြဲအမြဲ
ရင်ထဲ..ဖော့ကာ..
အစဉ်အစဉ်
သုံးသပ်ချင်လည်း
ဆုံးဖြတ်ထိုးထွင်း
သည်နစ်ကွင်းကား
လင်းလင်းကြည်ကြည်
မြင်လွှန်းသည်။







# အခန်း(ပါဝ်)

မင်္ဂလာပါ. . .။

ကျွန်တော် ခုလို နှုတ်ဆက်လိုက်တာ. . စင်ပေါ် တက်သွားတဲ့ အဆိုတော်တစ်ချို့ကို အားကျလို့မဟုတ်ဘဲ တကယ့်ကို ရင်ထဲက စိတ်အရင်းခံနဲ့ နှုတ်ခွန်းဆက်သမှု ပြုတာပါ။ စာရေးသူနဲ့ စာဖတ်သူတို့ တိတ်တိတ်ကလေး စတင်ဆုံတွေ့လိုက်ရတဲ့အချိန်လေး မဟုတ်လား။ အဲ့ဒါကြောင့်ပါ. .။

နောက်တစ်ခုက (အဲ. . အဲ. . ဆရာဦးသုရဲ့လေသံနဲ့ပြော

www.burmeseclassic.com



ရရင်. . 'ခုနှယ်ခါ'. . ပေါ့ဗျာ) ကျွန်တော့်ရဲ့ ဝတ္ထုစာကြောင်းလေး တွေပေါ် အာရုံစူးစိုက်နေပြီဖြစ်တဲ့. . . ပရိသတ်ရဲ့ မျက်လုံးအစုံကို အတွေးနဲ့မြင်ပြီး ရင်ခုန်မိတာပါ။

ငါ့စာကို ဂရုစိုက်ဖတ်ကြည့်နေတဲ့ မျက်လုံးအစုံဟာ ဘယ်လိုမျက်လုံးမျိုးလဲ. . ???. . . ။

သိပ်လှတဲ့ မျက်ဝန်းမျိုးလား. . ၊

ကြည်လဲ့တောက်ပြောင်ပြီး ဆွဲဆောင်မှုတစ်မျိုး သေချာပေါက်ရှိနေတဲ့ မျက်လုံးမျိုးလား. . ၊

အဲ့ဒါမဟုတ်. . . ငါ့လိုပဲ မှေးတေးတေး မျက်လုံးအိမ်ထဲ သွေးကြောမျှင်တွေ နီတျာ်းတျာ်း ရှုပ်ထွေးပြီး မျက်ဆန်ကြောင်လေးနဲ့ များ ဖြစ်နေမလား. . ၊

မျက်လုံးအားနည်းလို့ ပုလင်းဖင်မျက်မှန်ကြီးနဲ့. . အတင်း ဆင်ကန့်,ကန့်ပြီး ဖတ်နေရသလား. . . ဆိုတာပါ။

ဘာကြောင့်လဲဆိုတော့. . . လူ့ခန္ဓာကိုယ် အစိတ်အပိုင်း အားလုံးထဲမှာ ကျွန်တော်က မျက်လုံးကို အတော်စိတ်ဝင်စားတာဗျ။ ကျွန်တော်သိသလောက် ပြောရရင်. . မျက်လုံးဟာ လူတစ်ယောက် ဘဝရပ်တည်မှု ရှင်သန်ရမှုအတွက် နံပါတ်တစ် အားကိုးရတဲ့ အစိတ် အပိုင်းပဲလို့ ထင်တယ်ဗျာ။

ခင်ဗျားပြောသလိုသာဆို မျက်မမြင်ကျောင်းက ထွက်လာတဲ့ ထူးချွန်သူတွေကို ဘယ်လိုပြောမလဲလို့ မေးစရာရှိပါတယ်။

မှန်ပါတယ်. . .၊ တကယ်ကို အံ့မခန်းထူးချွန်တဲ့သူတွေ ထွက်ပေါ်နေတယ်ဆိုတာ ငြင်းစရာမရှိပါဘူး။ ကျွန်တော်ပြောချင် တာက အမြင်အာရုံသာ ကောင်းခဲ့ရင်. . ဒီ့ထက်ပိုပြီး မိုးပျံအောင်



ထူးချွန်သွားမှာ အသေအချာပါ။

ဝန်ခံရရင်. . . ဘဝမှာ အမြင်အာရုံ ပျောက်ဆုံးသွားမှာ အကြောက်ဆုံးပါပဲဗျာ။ အဲ့ဒါကြောင့် ကျွန်တော်က မျက်လုံးနဲ့ ပတ်သက်လာရင် အရမ်းကိုဂရုစိုက်တာ။ မနက်မိုးလင်း အိပ်ယာထ၊ ည အိပ်ယာဝင်. . . အနည်းဆုံး နှစ်ကြိမ်လောက်တော့ ကိုယ့်မျက်လုံး ကိုယ် မှန်ထဲကြည့်ပြီး. . ဘာထူးခြားလဲ၊ စိတ်ထဲ ဘယ်လိုခံစားနေ ရမလဲ၊ အောင့်နေသလား၊ စပ်သလား၊ ယားကျိကျိလား၊ မှုန်သွား သလား. . အဲ့ဒါမျိုးပါ။

အဲ့ဒီအပြင် ကျွန်တော်ဘယ်သွားသွား ကျွန်တော်နဲ့အတူ မှန်ဝိုင်းလေးတစ်ချပ်ကတော့ အမြဲပါတယ်ဗျ။ သပ်သပ်ဝယ်ထားတာ တော့ မဟုတ်ပါဘူး၊ ဟိုးတုန်းက အမေသုံးခဲ့တဲ့ ဒီဇင်ဘာ ခရင်ဘတ် ဗူးလေးလေ။ ကိုယ်သုံးချင်တဲ့အခါ ဖွင့်ကြည့်တော့ အဆင်ပြေတယ်၊ အမေမြတ်နိုးတဲ့ အလှပြင်ပစ္စည်းလေးတစ်မျိုးအဖြစ်နဲ့ ကိုယ့်ဆီမှာ အမှတ်တရလည်း ရှိနေတယ်ဆိုတော့ အဆင်ပြေပါတယ်။ (ခင်မင် သူတွေကတော့ ဒီကောင် ရုပ်ကြမ်းကြီးနဲ့ကွာ)လို့တော့ မှဒိတာ ထား ကြတယ်ခင်ဗျ။

ပြောပါစေ. . . ကျွန်တော် ဂရုစိုက်တာ မျက်လုံးပဲဆိုတော့ စိတ်ထဲရှင်းပြီးသားပါ။

မှန်နဲ့အတူ ဆောင်ထားတာကတော့ မျက်စဉ်းဆေးလေ။ အရင်တုန်းက ပိုင်းလော့မျက်စဉ်း၊ တက်ထရော့ဆိုက်ကလင်း Ciprofloxacin Eye Drops ထဲက တစ်ခုခု မပါမရှိဘဲ. . ။

ခုနောက်ပိုင်း တီဗွီကြော်ငြာထဲ. . မျက်လုံးတစ်ဖက်ချင်း မှိတ်ပြနေတဲ့ NEW.V, ROHTO ကို နည်းနည်းသဘောကျတာနဲ့. .



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီပုလင်းစိမ်းလေး အိတ်ထဲမြဲနေတယ်လေ။ ခုချိန်ထိတော့ သူတို့ ကြော်ငြာသလို မဟုတ်သေးဘူးဗျ။ မှန်ကြည့်ပြီး လုပ်ကြည့်တာတော့ ပါးတွေပါ ရွဲ့ရွဲ့နေတာပဲ။ တစ်ခါတစ်ခါ နှာသီးလေးပါ တွန့်ပါသွားသေး၊ တစ်ခါများ ကိုယ့်ဘာသာ ကြော်ငြာထဲကလို အခြေအနေကောင်းမကောင်း လုပ်ကြည့်တာကို တစ်ဌာနထဲ အတူတူအလုပ်လုပ်နေတဲ့ အပျိုကြီးမမက သူ့ကို မျက်စိမှိတ်ပြပါတယ်ဆိုပြီး ဌာနမှူးသွားတိုင်လို့ ရှင်းလိုက်ရသေးတော့. . .။

ဘယ်လိုပြောရမလဲ. . .၊ ဓါတုဗေဒနည်းအရ လူတိုင်းမှာ ကိုယ်နဲ့တစ်မျိုးစီ မတူကွဲပြားမှု ရှိနေသလိုပေါ့၊ စိတ်ပညာအရ လူတိုင်းမှာ စွဲလန်းမှု၊ ဒါမှမဟုတ်. . . စိတ်ဝင်စားမှု၊ ရူးသွပ်မှု တစ်ခုခု ရှိတတ်ကြပါတယ်။

ကျွန်တော့်အမေဆိုရင်ဗျာ. . . သူသုံးတဲ့ပစ္စည်းကို သူကလွဲရင် ဘယ်သူကိုင်တာ သုံးတာမှ မကြိုက်တတ်ဘူး၊ အဲ့ဒါ သူငယ်စဉ်ကတည်းက ခုချိန်ထိပဲ။ အဖေက မင်းအမေ အတ္တကြီးပုံကတော့ ကွာလို့ မကြာခဏ ညည်းတွားရတဲ့အထိ အမေ့ဘက်က စွဲလန်းမှုကလည်း ကြီးတယ်။ အမေ့အတွေးထဲမှာတော့ ဒါဟာ အတ္တမဟုတ်ဘူး၊ ကိုယ့်စည်းကမ်းနဲ့ကိုယ်နေတာ။

အမှန်တော့ လူသားတစ်ယောက်ရဲ့ ပုံမှန်အစွဲလေး၊ ရူးသွပ်မှုလေးပါပဲ၊ အဖေကျတော့ တစ်မျိုး၊ တစ်ခုခုကို တွေးတော့မယ်ဆို နှာသီးဖျားလေးကို လက်ခုံလေးနဲ့ ခပ်ငုံ့ငုံ့လေး ပွတ်ပွတ်ပြီး နေလိုက်တဲ့အကျင့်မျိုး။ အဖေ မဆုံးခင်လေး သူ့ဓါတ်မှန်ဖလင်ပြားကို သူ့ဘာသာပြန်ကြည့်ပြီး၊ ဓါတ်မှန်လေး ဘေးချ၊ လက်က နှာသီးဖျားနားရောက်သွားတာ ခုချိန်ထိ မြင်ယောင်တုန်း. . .။



ဒီလောက်ဆိုရင် ပရိသတ်သိပါတယ်၊ ကျွန်တော်ပြောတာ မယုံရင် ကိုယ့်ပရိသတ်လည်း ကိုယ့်ဘာသာ သတိထားကြည့်လိုက်ပါလား၊ တစ်ခုခုတော့ ရှိမယ်ဆိုတာ လောင်းရဲပါတယ်. . .၊ ဘယ်လောက်ကြေးလဲ. . .။

တစ်ချို့ဆို စကားရပ်ပြောရင် လက်က တင်ပါးကို ကုတ်တတ်တယ်၊ တစ်ချို့က စက္ကူလေး၊ ငွေစက္ကူလေးနဲ့ အလိပ်ကလေးလုပ်ပြီး နားထဲကလော်တယ်ဗျ၊ ကလော်ပြီးရင် ရှုကြည့်လိုက်သေးတယ်။ ဆယ်ခါတစ်ခါ ရေမွှေးနံ့လေးများ ရမလားဆိုတဲ့ မျှော်လင့်ချက်မျိုးနဲ့လား ထင်ရအောင် ရှုကြည့်တာဗျ။

ကျွန်တော်တို့ရုံးက အပျိုကြီးမခိုင်ဆိုရင် လက်အားတာနဲ့ နားရွက်နောက်နားက ဆံပင်ကြားထဲ လက်ညှိုးနဲ့ လက်မထည့်ပြီး သန်းဥ စမ်းတော့တာကလား၊ သန်းထူလို့ မဟုတ်ဘူး၊ အကျင့်ကို ပါနေတာ။

ဌာနမှူးကျတော့ တစ်မျိုး၊ ထမင်းစားပြီးတာနဲ့ အပေါ်နှုတ်ခမ်းနဲ့ အောက်နှုတ်ခမ်းကို တွန့်တွန့်ဆွဲပြီး ပကျွတ်ပကျွတ်နဲ့ မြည်အောင်စုပ်တာ နာရီဝက်အနည်းဆုံးပဲ။ စာရေးအဖွဲ့က ဌာနမှူးတော့ သွားချေးစုပ်နေပြီလို့ တီးတိုးရယ်ပွဲဖွဲ့ကျလို့. . ဒီစကားရိုင်းမှန်းသိလို့ မကြားအောင် သတိပေးရတဲ့အဖြစ်ဗျ. . .။

ကျွန်တော့်ဘော်ဒါ အစ်ကိုကြီးကိုစိုင်းဆို အရက်တစ်ခွက်မော့ပြီးတိုင်း တံတွေးလေး ပစ်ဆိုထွေး၊ ပြီးမှ. . ရေသောက်တယ်၊ ကိုဝင်းရီကျတော့ ရယ်လိုက်တာနဲ့ ချောင်းဆိုးတော့တာပဲ ချောင်းဆိုးတဲ့ရောဂါ မရှိဘဲနဲ့ကို ဆိုးတာ. . အကျင့်လေ. . .။

ဆိုတော့ကာ လူတိုင်း စိတ်ပညာအရ အဲ့သလို အစွဲအကျင့်



www.burmeseclassic.com

www.burmeseclassic.com



လေးတွေရှိတတ်တော့ ကျွန်တော်လည်း မျက်လုံးကို ဂရုစိုက်တတ်တဲ့ အကျင့်က ဘယ်လိုမှကို ဖျောက်လို့ကိုမရဘူး။ ဒီအကျင့် ဘယ်တုန်းကတည်းက ငါ့မှာ စွဲကပ်လာခဲ့တာလဲလို့ တစ်ခါတစ်ခါ ပြန်စဉ်းစားကြည့်မိတယ်။ မသေချာပေမယ့် အဲဒါကြောင့်ပဲဆိုတဲ့ အဖြေတစ်ခုတော့ ရှိတယ်ဗျ. . .။

အဲဒါ ကျွန်တော်ငယ်ငယ်က ကျွန်တော်တို့အဘေးခြံက ဒေါ်အေးလှကြီး မျက်လုံးပေါက်ထွက်ပြီး သေသွားရှာလို့. .၊ အဲဒါ ဘာကြောင့်လဲလို့ အဖေ့ကိုမေးကြည့်တော့ အဖေက သူ ရေတိမ်ဖြစ်နေတာ ကြာပြီတဲ့။

ကုလည်းမကု. .၊ ဂရုလည်းမစိုက်လို့ မျက်လုံးက အပြင်ကို စူထွက်လာပြီး ပေါက်သွားတာလို့ ပြောတယ်။ ရေတိမ်ဆိုတာ ဘာလဲလို့ အဲဒီအရွယ်က ကျွန်တော်မသိပေမယ့် တော်တော်ကြောက်သွားတယ်။

မျက်လုံးပေါက်တဲ့အသံက ကျွန်တော်တို့ခြံဘက်ကတောင် ကြားရတာလားဗျာ။ မှတ်မိသလောက်တော့ အဲဒီအချိန်ကတည်းက ကျွန်တော် မျက်လုံးကို အရမ်းဂရုစိုက်မိတယ် ထင်တာပဲ. .။

မျက်လုံးနဲ့ ပတ်သက်ပြီး သာမန်အခြေအနေဆိုးမျိုး မပြောနဲ့၊ လမ်းသွားရင်း ပိုးကောင်ဝင်ရင်တောင် ဆေးခန်းသွားပြီးပြတာ ကျွန်တော်ပါလို့ ပြောရင်. . ယုံလိုက်တော့ဗျာ။

အဲဒါကြောင့် ရဲထွဋ်ဆိုတဲ့ကောင်က မျက်လုံးနဲ့ပတ်သက်လာရင် ခရေဇီပဲ၊ မျက်လုံးရူး ရူးနေတဲ့ကောင်လို့ ပြောရင် ကျွန်တော် မနာနိုင်တာ အံ့သြစရာ မဟုတ်ဘူးပေါ့ဗျာ. . . နော။

မျက်လုံးတွေထဲမှာတော့ ကျွန်တော့်မျက်လုံးက အတော်





ဆိုးဆိုးရယ်၊ ဘယ်လိုမှ ရင်ခုန်စရာမကောင်းတဲ့ မျက်ဝန်းတွေထဲမှာ ကျွန်တော် ထိပ်ဆုံးကထင်တာပဲ၊ မသိရင်. . အရက်ခိုးရိုက်ပြီး နိုကြောင်နေသလားလို့တောင် ထင်ရပါတယ်။

ဒါပေမယ့်. . . အမြင်အာရုံ စူးရှမှာတော့ ကျွန်တော်ပဲ နံပါတ်တစ်လား မသိဘူးဗျာ. . . တကယ်ပြောတာ။

ကွန်ပျူတာနဲ့ အလုပ်လုပ်နေရတာချင်း အတူတူ ကျွန်တော်နဲ့ အတူလုပ်နေတဲ့သူငယ်ချင်းတွေ တစ်ချို့အဝေးမှုန်သလို၊ အနီးမှုန်သလိုတွေ ဖြစ်ကုန်ကြလို့ မျက်မှန်စမ်းတဲ့သူကစမ်း၊ ပါဝါတပ်တဲ့သူက တပ်နဲ့၊ ကျွန်တော်ကတော့ အေးဆေးပဲဗျာ. . . အားလုံးကောင်း။

သူများမမြင်တာကို ကိုယ်လာမြင်လို့ ပြဿနာတက်ရတာလည်း တစ်ပုံကြီးပဲ။

မျက်လုံးမှာ အကြည်ဓာတ်ကလေးလာပြီး ထိခတ်လိုက်ရုံနဲ့ စက္ခုပသာဒဖြစ်ပြီး သိမှုဆိုတဲ့ လျှပ်တပြက် မြင်စိတ်ကလေး ဖြစ်လာတာဟာ တကယ်စိတ်ဝင်စားစရာပါ။ ကျွန်တော်ထင်တယ်လေ. . ကိန်းဗရစ်ချ် တက္ကသိုလ်က Opticks ပညာရှင် Sir Isaac Newton လည်း မျက်လုံးကို စိတ်ဝင်စားတဲ့အခြေခံနဲ့ အောင်မြင်ပြီး. . တော်ဝင်အသင်းကြီးရဲ့ဥက္ကဋ္ဌ ဖြစ်ခဲ့တာနဲ့တူတယ်။ (နည်းနည်းသည်းခံပါဗျာ. .၊ ကိုယ့်အတွက်ကိုယ် စံပြုချင်လို့ ညွှန်းတာဆိုတော့ နည်းနည်းကြီးကျယ်ချင်လို့ပါ)

အရမ်းနူနယ်ပြီး ဘယ်လိုမှ တိုင်းတာလို့မရအောင် လျင်မြန်လွန်းတဲ့ အချိန်ကလေးအတွင်းမှာ ချက်ချင်းသိနိုင်တဲ့ မြင်စိတ်ကလေးဗျ၊ သိပ်အံ့သြဖို့ကောင်းတယ်။

ပိုပြီးအံ့သြမိတာ ကျွန်တော်ပိုင်ဆိုင်ထားတဲ့ ကျွန်တော့်မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးပါ။ ကြဲကြဲဖန်ဖန်မြင်. . ကြဲကြဲဖန်ဖန်သိပြီး. . ကြဲကြဲဖန်ဖန် ပြဿနာတွေ တက်ရလို့ အံ့သြတယ်လို့ ပြောရမှာပဲ။

အဲ့ဒါက. . ဒီလို. . အဲ. . အဲ. . ပြောရတာ အာယားပေမယ့် လက်ကုန်ကြွားထားမိတော့ ပြောရတော့မှာပဲ။

ဟိုတစ်နေ့ကပါ. . . ။ အဲဒီအရင်က ဖြစ်တာတွေ နောက်ကျံတော့ ပြောပြပါ့မယ်။

ဒီလိုဗျ. . အခု ကျွန်တော်နေတဲ့အိမ်က ခုနစ်လွှာ တတိယထပ် ညာဘက်အခန်းပါ။ မိဘတွေ ဆုံးပါးကုန်ကြပြီးကတည်းက မွေးရပ်ကို စွန့်ခွာပြီး ဒီတိုက်ခန်းလေး ဝယ်ပြီးနေတာ (၃)နှစ်လောက် ရှိနေပါပြီ။

ကျွန်တော်တို့ရပ်ကွက်က ဒီလိုအထပ်မြင့် တိုက်ခန်းတွဲတွေ ချည်းရှိတော့ အရှေ့ကြည့်ကြည့် အနောက်ကြည့်ကြည့် တိုက်ခန်းအလွှာတွေ ပိတ်ကာနေတာကြောင့် ထူးခြားတဲ့ ပတ်ဝန်းကျင်မြင်ကွင်းဆိုတာ မမြင်ရသလောက်ပါပဲ။

တစ်ခါတစ်လေ ငြီးငွေ့လွန်းလို့၊ ဒါမှမဟုတ် နွေရာသီညတွေလို ပူလွန်းလို့ ခေါင်မိုးပေါ် တက်ပြီး လေညင်းခံမှသာ အဝေးမြင်ကွင်းတွေ မြင်ရ ခံစားရတာဗျ။

အဲ့ဒါကြောင့် အလုပ်ကပြန်လာပြီး အခန်းထဲရောက်လာရင် အိပ်ချင်အိပ် စာဖတ်ချင်ဖတ်၊ မဖတ်ရင် တီဗွီကြည့်၊ အခွေလေးဘာလေးကြည့်၊ အဲဒါမှ စိတ်အလိုမပြည့်ရင် အောက်ဆင်းပြီး လက်ဖက်ရည်ဆိုင်သွား၊ ဒါပဲ ရှိတယ်။

ပရိသတ် တွေးကြည့်ဗျာ။ ကြာလာတော့ အရမ်းကို စိတ်ဖိစီးမှုဖြစ်တယ်။ မွန်းကြပ်တယ်၊ ငြီးငွေ့တယ်ဗျ။





တကယ်က အိမ်ဆိုတာ(ကျွန်တော်ငယ်ငယ်ကလေးထဲက ရင်းနှီးခံစားမိတာကို ပြောပါတယ်) အနည်းဆုံး. . ပျင်းရင် အိမ်ရှေ့ထွက်ထိုင်နိုင်တာမျိုး၊ ခြံထဲဆင်းလျှောက်နိုင်တာမျိုးလောက်တော့ ရှိသင့်တယ်ဗျ။

ဒါမှလည်း. . နေပျော်တယ်။ အခုဟာကြီးက စိတ်ထဲရောမျက်လုံးထဲမှာပါ ပိတ်ပိတ်ကြီး. . . ။

ကျွန်တော်ကလည်း ကျွန်တော်ပဲ၊ ဒဂုံမြို့သစ်လိုနေရာမျိုးမှာ ခြံဝင်းနဲ့အိမ်ကလေးတစ်လုံး ဝယ်နိုင်ပါလျက်နဲ့. . ငပျင်းကျပြီး အလုပ်နဲ့နီးအောင် မြို့ထဲမှာ တိုက်ခန်းလေး ဝယ်မိသွားတယ်။ အဲဒီတော့ ကိုယ့်ချောင်ကိုယ်ပိတ်ပြီး စိတ်ကျချင်ချင်ကြီးပေါ့ဗျာ။

စောစောကပြောသလို အိမ်ခန်းထဲနေလိုက်၊ မနေနိုင်လို့ အောက်ဆင်းဆိုင်ထိုင်လိုက်နဲ့ နေလာရာက ရိုးအီလာတော့ အခန်းရှေ့က လေသာဆောင်ကို ထွက်ထိုင်မိရောလား။ အမှန်တော့ ဟော ဒီလေသာဆောင်ဟာ ကျွန်တော့်အတွက် Out of bound ဆိုတာ ကျွန်တော်သိတယ်။ ဒီနေရာကနေ ရှင်းရတဲ့ ပြဿနာတွေလည်း မနည်းတော့ဘူးဆိုတော့. . ဒီနေရာကို မထွက်မိဖို့ အမြဲတမ်း သတိထားတယ်။

ထွက်မိရင်တောင် နောက်ပြန်ထွက် ဒါမှမဟုတ် မျက်စိမှိတ်ပြီးထွက် ဆိုတော့ကာ. . အဓိပ္ပါယ်မှ မရှိတော့ မထွက်ဘူးပေါ့။

အဲကွန်းမရှိတော့ တံခါးပေါက်တော့ မပိတ်ဘူး။ ကားစပါယ်ယာတွေ ပြောသလို ဒီအပေါက်လေးနဲ့ အသက်ရှင်နေရတာ၊ အလယ်မှာ ညပ်နေတဲ့အခန်းဆိုတော့ လေက အရှေ့ပေါက်က မဝင်ရင် အနောက်ပေါက်က ဝင်မှပဲ ဖြစ်မှာမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က. . အလုပ်ထဲမှာလည်း ပရိုဂရမ်အသစ်တစ်ခု ကြောင့် အငြင်းအခုံတွေ ဖြစ်ပြီး အဆင်မပြေခဲ့ဘူး။ အခန်းပြန် ရောက်တော့လည်း ရာသီဥတုကပူ၊ ဘယ်မှလည်း မသွားချင်၊ အိပ် လည်း မအိပ်ချင်သေးလို့ လသာဆောင်ကို ခဏလေး ထွက်ထိုင် မိတာ၊ မျက်လုံးကလည်း ဘာကိုမှ မရည်ရွယ်ဘဲ ရောက်တတ်ရာရာ ဖြတ်ခနဲ တစ်ချက် အကြည့်ရွေ့လိုက်မိတာပါဗျာ။ ဘုရားစူး ကျိန်ရ စေရဲ့. . .॥

အဲဒီမှာ သိပ်ကိုရှင်းပြီး အရမ်းကို မြင်တတ်တဲ့မျက်လုံးလေ၊ ကျွန်တော့်မျက်နှာချင်းဆိုင်အခန်းက အန်ကယ်ကြီးရဲ့ ရင်ခွင်နန်း တော်ကို ဂွပ်ခနဲ မြင်မိပါလေရော။

ရင်ခွင်နန်းတော်ထဲ ရောက်နေတာ. . အန်တီကြီးဆိုရင် ပြဿနာ မရှိဘူး။ သူ့လင်သူ့မယား အချစ်ကားရိုက်နေတာ ဘာဆန်း လဲ၊ ဟိုဘက်အကြည့်လွှဲလိုက်ရုံပေါ့။ ခုဟာက အန်တီကြီး မဟုတ် ဘူး၊ အိမ်ဖော်ကောင်မလေး။ ဒါလည်း နှစ်ဦးနှစ်ဖက် ကျေနပ်နေရင် ပြဿနာ မဟုတ်ဘူးလေ။

ဖြစ်ချင်တော့ ကောင်မလေးက အလိုမတူဘဲ ငြင်းဆန်ရုန်း ကန်တယ်။ အန်ကယ်ကြီးကလည်း လွှတ်တဲ့ငါး အကြီးမခံဘူး။

စဉ်းစားဗျာ ပရိသတ်. .॥ ဒီနေရာမှာ ပရိသတ်သာဆို ဘယ်လိုလုပ်မလဲ။

ကဲ. . လာ. . အတူတူ စဉ်းစားကြရအောင်။

ဖြစ်နိုင်ချေအားလုံး ချရေးလိုက်မယ်။

(၁) ဒါ. . အနိုင်ကျင့်ခံရတာ။ တာဝန်သိ လုပ်သား ပြည်သူ တစ်ယောက်အနေနဲ့ ကူညီရိုင်းပင်းရမယ်။ သက်ဆိုင်ရာကို





ဖုန်းဆက်မယ်။ (၁၉၉)ဗျာ. . . အိုခေ။

(၂) 'ဟေ့. . လူကြီး. . ကောင်မလေးကို လွှတ်လိုက်' ဟီးရိုးလုပ်လိုက်မယ်။

(၃) ကိုယ့်အခန်းကနေ ပြေးဆင်း၊ အဲဒီဘက်အခန်းကို ပြေးတက်၊ အခန်းတံခါးကို ခပ်ကြမ်းကြမ်း ထုပစ်လိုက်။ (ဧည့်သည် ဆိုတဲ့အသိနဲ့ လန့်ပြီးလွှတ်လိုက်ရအောင် ကူညီတာ၊ ကိုယ်ကတော့ အတွေ့မခံဘဲ ပြန်ဆင်းပြေး)

(၄) ဟာ. . . ဘာဆိုင်လဲကွာ။ သူဖြစ်သူခံ ကိုယ်ကအ နေသာကြီး။ အစကတည်းက တိုက်ခန်းတွဲဆိုတာ အခန်းတွေ ကန့် ထားသလို လူမှုရေးအသိလည်း ကန့်ထားပြီးသား။ ကိုယ့်ကိစ္စမှမ ဟုတ်ဘဲ. . . အေးဆေး. . .॥

(၅) ဒီဘက်ကနေ အန်ကယ်ကြီး ကိုယ့်ကိုမြင်အောင် နည်းလမ်းသုံးတာမျိုးဆိုရင်ကော။

ကဲ. . . ပရိသတ်. . အဲဒီနည်းလမ်း ငါးမျိုးထဲက ဘယ်ဟာ ကြိုက်လဲ။ ကြိုက်တာသာ လုပ်ပေတော့. . .॥

ကျွန်တော်ကတော့ သနားတတ်တဲ့ စိတ်အခံရှိတော့ ရှဉ့် လည်းလျှောက်သာ ပျားလည်းစွဲသာဆိုတဲ့အချက်မျိုးနဲ့ ညီတဲ့ နံပါတ် သုံးအချက်ကိုလုပ်ဖို့ ဆုံးဖြတ်တယ်ဗျ။

အဲဒါကြောင့် ကပျာကသီ ပြေးဆင်းလာပြီး ဟိုဘက်အခန်း ကို တက်ဖို့ပါ။ အဲဒီအချိန်မှာလဲ အန်ကယ်ကြီးရဲ့အန်တီကြီး ကားနဲ့ ပြန်ရောက်လာတယ်။ အဲဒီနောက် တိုက်ခန်းလှေခါးအတိုင်း ပြေး တက်သွားတာ မြင်လိုက်ရတော့ ကျွန်တော်လည်း နေသာထိုင်သာ ရှိသွားပြီး ကိုယ့်အခန်းကိုယ် ပြန်တက်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



လေသာဆောင်ဖက် တစ်ခါထွက်ပြီး မသိမသာ လှမ်းကြည့်တော့ အခြေအနေ ကောင်းသွားပြီဗျ။ ကောင်မလေးကတော့ လေသာဆောင်ဖက်ထွက်ပြီး ထိုင်ငိုနေတယ်။

အင်းလေ. . . ဘာမှမဖြစ်လိုက်ပေမယ့် သူ့ခမျာ ရှက်တာရော ကြောက်တာပါ ပေါင်းပြီး ငိုရှာမပေါ့။

ဒါပေမယ့်. . သိပ်မကြာလိုက်ပါဘူး၊ အဲ့ဒီဖက်အခန်းမှာ ပြဿနာတက်ကုန်ပါရောလား။ အန်ကယ်ကြီးနဲ့ အန်တီကြီးတို့ အော်ကြဟစ်ကြတဲ့အသံ. . . မာန်မဲကြိမ်းဝါးသံတွေရော ဆူပွက်ပြီး ထွက်လာတယ်။

ပြဿနာမှန်းသိလို့ ကျွန်တော် နားလည်းမထောင်၊ ထွက်လည်း မကြည့်တော့ဘဲ လေသာဆောင်ဖက်ထွက်တဲ့ တံခါးပါ ပိတ်ပစ်လိုက်တယ်ဗျ။ စိတ်ထဲမှာလည်း ဘာမှ မထားတော့ဘဲ အခွေထိုးကြည့်နေလိုက်တယ်။

ကြာလှ နာရီဝက်ပါပဲ။

ကျွန်တော့်အခန်းတံခါး လာခေါက် လို့ ဖွင့်ကြည့်လိုက်တော့ ဆယ်အိမ်မှူး ကိုတင့်ဝေဗျ. . . ။

"အစ်ကို ဘာကိစ္စလဲ"

"ညီလေး ရုံးခဏလိုက်ခဲ့ကွာ. . ၊ ဟိုဘက်ခန်းက အိမ်ဖော်ကောင်မလေးက မင်းကို သက်သေထွက်ဆိုထားတယ်၊ ပြဿနာအားလုံးကို မင်းမြင်တယ်တဲ့"

"ဗျာ. . ."

အဲဒါပဲ ပရိသတ်။ ကျွန်တော့်မျက်လုံးရဲ့အမြင်အာရုံ စူးရှရှင်သန်ပုံများ၊ ရှောင်တာတောင် မလွတ်တဲ့ အကျိုးပေးနဲ့ ရုံးလိုက်ပြီး





သက်သေထွက်ပေးရတဲ့အဖြစ်။

ငါ့နှယ်ကွာ. . . လို့ မချိတင်ကဲ ညည်းတွားရတာလဲ များလှပါပြီ။





www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၂၅)

"ဟား. . . ဟား. . . ဟား. . . ဟား"

တစ်ပိုင်းလုံး အုံးခနဲ ထရယ်တာတောင် ကျွန်တော် မရယ်နိုင်ဘဲ ရေနွေးတွေချည်း ဖိသောက်နေလိုက်တယ်။ တခြားတော့ မဟုတ်ပါဘူး၊ သောကြာနေ့ ညနေပိုင်းက ရုံးအပြန်. . ရပ်ကွက်ထဲမှာ ရှင်းလိုက်ရတဲ့ ကျွန်တော့်မျက်လုံးပြဿနာကို ပြောတာပါ။

ဒီနေ့က တနင်္လာနေ့၊ ရုံးပြန်ဖွင့်တဲ့ရက်လည်းဖြစ်သလို ဌာနမှူး ခွင့်စယူတဲ့နေ့လည်းဖြစ်လို့ ကျွန်တော်တို့ ဌာနရေးအဖွဲ့တွေ



www.burmeseclassic.com

www.burmeseclassic.com



ကင်(န်)တင်းမှာ ဇိမ်ကျကျ ဆင်းထိုင်ပြီး ထုံးစံအတိုင်း Our Day လုပ်နေကြတာပါ။

"လုပ်ပါဦးကွ. . . အဲ့ဒါ မင်း ဘယ်လိုပြောလိုက်သလဲ"

ကိုစောညွန့်ရွှေ မေးလို့ ကျွန်တော် အာလေးလျှာလေးနဲ့ ပြန်ဖြေဖို့ ပြင်တော့ ကိုဝင်းရီက ကျွန်တော့်ကို လက်ကာပြပြီး. . .

"ခဏလေး. . . ရဲထွန်း"

အဲ့ဒီနောက် ကျွန်တော့်ဘေးခုံမှာ ထိုင်နေတဲ့ ကိုစိုင်းကို လှမ်းကြည့်ပြီး. . .

"ကဲ!. . . ဘယ်လိုလဲ ဗိုလ်စိုင်း. . . လောင်းမလား"

"လောင်းလေ"

"အိုခေ. . . အခု ရဲထွန်းက အိမ်စေကောင်မလေးဘက်က ပါပြီး. . ဟုတ်ကဲ့. . ကျွန်တော်မြင်ပါတယ်လို့ ဖြေတာနဲ့၊ ဟင်အင်း ကျွန်တော်မမြင်မိဘူးလို့ ငြင်းတာ နှစ်မျိုးထဲက တစ်မျိုး သေချာပေါက် ဖြေမှာပဲ၊ ခင်ဗျား ဘယ်ဘက်ကနေမလဲ. ."

"ဟာ. . . အရေးထဲကွာ. . . ဒီလူတွေ"

"နေစမ်းပါဗျာ. . . ဒါ ညနေစာ,စာရှာတာ၊ ဘယ်လိုလဲ. . ဗိုလ်စိုင်း"

"လုပ်လိုက်လေ. . . ကျုပ် ငြင်းတဲ့ဘက်က ယူမယ်"

"အိုခေ. . . ငါက မြင်တယ်လို့ ဖြေတဲ့ဘက်က၊ ညနေစာ နော်. . . အမူးနော်"

"ကြာလွန်းလို့၊ ကဲ. . . ပြောတော့ ရဲထွန်း"

အဲ့ဒီနှစ်ယောက်ကတော့ သေရင်တောင် အသက် ဘယ် အပေါက်က ထွက်မယ်ဆိုတာ လောင်းပြီးမှ သေကြဖို့ ဆုံးဖြတ်ထား





ကြပုံပါ။

"ဟော့. . . ငရဲ ပြောတော့လေကွာ"

"ပြောမှာပါဗျ. . . ခင်ဗျားတို့လောင်းကြေး ပြီးပြီလား"

"ပြီးပြီ"

"ပြီးရင် လက်ရှောင်"

"ဟာကွာ. . . ပြောမှာသာ ပြောစမ်းပါဟ"

ကိုတင်ရှိန် စိတ်မရှည်တော့ပြီ။

"ကဲ. . ကဲ. . . ပြောမယ်၊ ဒီလိုဗျာ. . . ကျွန်တော် ရယက ရုံးရောက်တော့ အန်ကယ်ကြီးလင်မယားရော အိမ်ဖော်ကောင်မလေးပါ တွေ့တယ်၊ ရုံးမှာတော့ လူကြီးတွေရော ဧည့်စာရင်း လာတိုင်တဲ့လူတွေရော အများကြီးပေါ့"

"ဟား. . . အဲဒါထည့်မပြောလည်း ရယကရုံးမှာ ဘယ်သူတွေ ဘယ်လိုရှိတယ်ဆိုတာ အားလုံးသိတယ်၊ မင်းဘယ်လိုပြောလိုက်သလဲဆိုတာပဲ ပြောလေကွာ"

"မဟုတ်ဘူးဗျ ကိုတင်ရှိန်ရ၊ အဲ့ဒါပါ ထည့်ပြောမှ ဖြစ်မယ်၊ ဘာကြောင့်လဲဆိုတော့ ဒီပြဿနာကို ရှိတဲ့သူတွေအားလုံး ကြားနာပြီးကုန်ကြပြီဆိုတော့ ကျွန်တော်ရောက်လာရင် ဘာပြောမလဲဆိုတာ အရမ်းစိတ်ဝင်စားကုန်ကြတယ်လေဗျာ၊ အခု ခင်ဗျားတို့ စိတ်ဝင်စားသလိုပေါ့၊ ကျွန်တော့်ဆီ အကုန်ပြုပြီး ရောက်လာတော့တာ၊ အခု ခင်ဗျားတို့ မျက်လုံးတွေလိုမျိုးပဲ. . ."

"ဒီမျက်လုံးအရှုံးနဲ့တော့ ဒုက္ခပဲကွာ"

"ကြိုက်သလိုသာ ပြောဗျာ. . ၊ ကျွန်တော် တကယ်ရှုံးတာ အမှန်ပဲ၊ အဲဒီမျက်လုံးကြောင့် စိတ်ဒုက္ခရောက်ခဲ့ရတာလည်း ကျွန်



www.burmeseclassic.com

တော်ပဲလေဗျာ”

“အေးပါကွာ. . . မင်းပဲ ပြောတော့”

ကိုတင်ရှိန် စိတ်လျှော့ပြီး ရေနွေးငုံ့သောက်တယ်။ ကျွန်တော့်ကို ဂရုမစိုက်ချင်တော့သလို လုပ်ပေမယ့် တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်တာ. . ရယ်ချင်စရာပါ။ ဒါပေမယ့် ကျွန်တော်ဆက်ပြောတယ်။

“အဲဒီမှာ မျက်လုံးတွေအားလုံးထဲက အမိပ္ပါယ်မတူတဲ့ မျက်လုံးအကြည့်နှစ်စုံကို ကျွန်တော်တွေ့လိုက်ရတယ်၊ တစ်စုံက အန်ကယ်ကြီးမျက်လုံးတွေလေ၊ စိုးရိမ်ထိတ်လန့်မှု ရှက်ရွံ့နာကျင်နေမှုတွေပေါ်မှာ ဟန်လုပ် မာန်တက်ပြနေမှုက ဝါဝါကြီးကို ပေါ်လွင်နေတယ်၊ အဲ့ဒီဝါဝါကြီးရဲ့ထောင့်အစပ်မှာ ရှုံးမည်း,မည်းဖို့ အသင့်ပြင်ထားတဲ့ နီညစ်ညစ်တွေလည်း ရှိနေတယ်ဗျ၊

နောက်တစ်စုံက ကောင်မလေးမျက်လုံးတွေလေဗျာ၊ သိပ်သနားဖို့ ကောင်းတယ်ဗျာ၊ ပင်လယ်ထဲက ဖင်တစ်ထိုင်စာလောက်ပေါ်နေတဲ့ ကျောက်ဆောင်ငုတ်လေးပေါ် တက်ထိုင်ပြီး ခုနေ လှိုင်းတွေကြီးလာရင်ဆိုတဲ့ စိုးရိမ်ကြောက်လန့်မှုနဲ့. . ကယ်ဆယ်နိုင်မယ့် သင်္ဘောများ တွေ့လိုတွေ့ငြား တလည်လည်နဲ့ ရှာနေတဲ့ မျက်လုံးမျိုးဗျ၊ ငိုရလွန်းလို့ မျက်ရည်တွေတောင် သွေးရောင်လွှမ်းနေတယ်”

“တော်ကွာ”

“သောက်ခွေးမှုပဲ”

“သွားကြမယ်ဟေ့”

“အရေးမပါတဲ့ကောင်”

အဲ့သလို တစ်ယောက်တစ်မျိုး မြည်တွန်တောက်ကျွတ်ပြီး





ထပြန်ကုန်ကြပေမယ့်. . နောက်ပိတ်တစ်လုံး ပြောင်းနိုးနိုး စောင့်ကြည့်နေချင်သေးတဲ့ဖွဲ့မျိုးနဲ့ ကိုဝင်းရီနဲ့ ကိုစိုင်းတို့နှစ်ယောက် ကျန်ခဲ့တယ်။

“မင်းကလည်း မင်းပဲ၊ ဟိမဝန္တာ ချိုးမွှမ်းခန်း ဖွင့်နေတာနဲ့ပဲ ခရီးကို မရောက်နိုင်တော့ဘူး”

“မဟုတ်ဘူးလေ ကိုစိုင်း”

“ရတယ်. . . ငါတို့က ပြဿနာမရှိဘူး၊ ညနေစာပဲ အခုမှ မနက်ပဲ ရှိသေးတာ. . . ပြော”

“ကျေးဇူးပဲ. . . အဲ့ဒါဆို နားထောင်ဗျာ၊ ကျွန်တော် အဲ့ဒီမှာ အတော်ဆုံးဖြတ်ရခက်သွားတယ်၊ အမှန်အတိုင်း ပြောလိုက်ရင် အန်ကယ်ကြီး အရှက်ကွဲပြီ၊ အန်တီကြီးကလည်း ရှက်ပြီး လင်မယားချင်းတွဲတဲ့အထိတောင် ဖြစ်နိုင်တယ်၊ ကောင်မလေးလည်း အလုပ်ပြုတ်တဲ့အပြင် အိမ်ပြန်ရောက်ရင် ရှက်ရမ်း,ရမ်းပြီး အနှိပ်စက်ခံရမလားဆိုတာ စိုးရိမ်စရာဗျာ၊

အဲ့. . . ကျွန်တော်မမြင်မိပါဘူးလို့ ငြင်းလိုက်ရင် အန်ကယ်ကြီး သက်သာမယ်၊ ကောင်မလေးကို အန်တီကြီးက ပြဿနာ ရှာတော့မယ်၊ မဟုတ်တမ်းတရား ပြောတယ်. . . လီဆယ်တယ်ဆိုပြီး မောင်းထုတ်မယ်. . . အလုပ်ပြုတ်မယ်ဗျာ၊ ဒါ ဖြစ်နိုင်ချေနဲ့ အနီးစပ်ဆုံးဆိုတော့ ကျွန်တော်စဉ်းစားရပြီလေ”

“အေးပေါ့. . . မှန်တာပေါ့”

စကားဝိုင်းက အခုမှပဲ အဆင်ပြေလာပါတယ်၊ ကိုဝင်းရီတပါ စိတ်ပါလက်ပါ စကားထောက်ပေးတယ်။ အဲ့ဒီအချိန်မှာပဲ သူတို့နှစ်ယောက်ရဲ့မျက်လုံးတွေကို သတိထားမိသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုစိုင်းမျက်လုံးထဲမှာ ကျွန်တော် ငြင်းလိုက်တယ်ဆိုတဲ့ စကားကို ကြားချင်နေတဲ့အကြည့်နဲ့ အားမလိုအားမရ ဖြစ်နေတာမျိုးပါ။ ကိုဝင်းရီရဲ့မျက်လုံးထဲမှာတော့ ကျွန်တော် ပြောပြလိုက်တဲ့ အခြေအနေအတိုင်း လိုက်ခံစားပြီး ဝေဝေဝါးဝါးကြီး ဖြစ်နေလို့ လောင်းကြေးထပ်ထားတာတောင် မေ့နေတဲ့ပုံမျိုး။

အဲဒီအချိန်မှာ ကိုစိုင်းက. . .

"ပြောလေ ငရဲ၊ ပြီးတော့ မင်းဘာပြောလိုက်လဲ၊ ငြင်းလိုက်တယ် မဟုတ်လား"

ကိုစိုင်းက ကျွန်တော့်စကားကို အဆုံးသတ်အပိုင်းအထိ ဆွဲထောက်ပေးလိုက်တယ်။ ဒါပေမယ့် ကျွန်တော်လိုက်ပါမသွားဘဲ ကိုယ်ရောက်တဲ့နေရာကနေ ဆက်ပြောတယ်။

"အဲဒီတော့ ကျွန်တော်က အဆုံးအဖြတ်ပေးနိုင်တဲ့ ရပ်ကွက်လူကြီးကို ဦးတည်ပြီး ပြောလိုက်တယ်"

"အင်း. . . ဟုတ်ပြီ" (ကိုဝင်းရီရဲ့အသံပါ)

"ဦးလေးခင်ဗျာလို့. . . အခု ကျွန်တော့်ကို ဒီကောင်မလေးက သက်သေထူခိုင်းပေမယ့် ကျွန်တော့်ထွက်ဆိုချက်ဟာ ဟောဒီတစ်ဖက်က အန်ကယ်ကြီးနဲ့လည်း တိုက်ရိုက်အကျုံးဝင်နေပါတယ်၊ အကယ်၍ ကျွန်တော်က ထွက်ဆိုပေးရင် ဦးလေးက အဲဒီထွက်ဆိုချက်အတိုင်း အတည်ပြုမှာပါလားဆိုတော့. . လူကြီးတွေက ဟုတ်တယ်တဲ့ဗျာ၊ အဲဒါကြောင့် ကျွန်တော် နည်းနည်းထပ်စဉ်းစားပြီး ပြောလိုက်တယ်၊

ဦးလေးတို့ခင်ဗျာ. . . ကျွန်တော့်စကားက မြင်တယ်လို့ ပြောပြော မမြင်ဘူးလို့ပဲပြောပြော နှစ်ဦးနှစ်ဖက် အကျိုးမရှိတာကို





စဉ်းစားမိပါတယ်၊ အကောင်းဆုံးက ဒီလိုပြဿနာမျိုး မဖြစ်ခဲ့ဘူးလို့ သဘောထားပြီး နှစ်ဦးနှစ်ဖက်ကို ညှိနှိုင်းပြန်လွှတ်လိုက်တာမျိုး လုပ်ပေးလို့မရဘူးလားခင်ဗျာ. . ဆိုတော့ သူတို့က မရဘူးတဲ့၊ တရားလိုက အန်တီကြီးမို့လို့ အန်ကယ်ကြီးနဲ့ ကောင်မလေးက ဘယ်သူ့အမိကတရားခံလဲဆိုတာ ဖော်ထုတ်သွားတဲ့. . ."

"ပြီးပြီပေါ့ကွာ. . ဒါဆို မင်းဘက်က မဖြစ်မနေ ပြောရပြီပေါ့. . ဟုတ်တယ်မဟုတ်လား၊ မင်းဘာပြောလိုက်သလဲ ငြင်းလိုက်တယ် မဟုတ်လား"

"ဟုတ်တယ်. . . ငြင်းလိုက်တယ်"

"ဟေး. . . အဟုတ်ဟုတ်. . . ကျုပ်နိုင်ပြီ ကိုဝင်းရီ"

"နေဦးဗျ. . . ကျွန်တော်ငြင်းတယ်ဆိုတာက ကျွန်တော် သက်သေထွက်တဲ့စကား မဟုတ်သေးဘူး. .၊ လက်ရှိပြောနေတဲ့ စကားရပ်ကိုပဲ ငြင်းတာ"

ကိုစိုင်းမျက်နှာ ပျော်ပြုံးတက်သွားရာကနေ ပျော်ပျက်ပြီး ကျသွားတယ်။

"ဘာလဲကွ. . . မင်းစကားက"

"တရားလိုက ကောင်မလေး မဟုတ်ဘူးလေဗျာ၊ ကျွန်တော်သာ ထွက်ဆိုချက် မှားရင်၊ ဒါမှမဟုတ် အမှန်အတိုင်းထွက်ရင် ဟိုကောင်မလေးက မိအေးနှစ်ခါနာ ဖြစ်တော့မှာ၊ ပါးလည်း အရိုက်ခံရသေးတယ်. . ရိုက်တဲ့သူကို ပြန်လည်တောင်းပန်ရဦးမယ့် အဖြစ်ကြီးမှ"

"အဲဒီတော့ မင်းဘာပြောလိုက်သလဲ"

"ဥပမာလေးနဲ့ ရှင်းကြည့်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာက ဟိမဝန္တာချိုးမွှမ်းခန်း မဟုတ်တော့ဘူးကွ၊ CNG တန်းစီရသလို ဖြစ်နေပြီ"

"ကဲဗျာ. . . ပြီးအောင်သာ ပြောပါစေတော့၊ ကဲ. . . ပြောငရဲ"

ဒီလူတွေ ကျွန်တော့်ကို ချစ်စနိုးနဲ့ ငရဲ. . ငရဲ. . ခေါ်နေလို့များ ကျွန်တော် ငရဲကျကျသွားသလား မပြောတတ်ပါဘူး။ အဲဒါနဲ့ပဲ ကျွန်တော့်ရဲ့ငရဲခန်းကို ဆက်ပြောလိုက်တယ်။

"ဦးလေးတို့ စဉ်းစားကြည့်ကြပါ. .၊ လူတစ်ယောက်က ဖုန်းဆိုင်ကို ခပ်သုတ်သုတ်ရောက်လာပြီး ဖုန်းခေါ်တယ်ခင်ဗျ၊ သူခေါ်ကာမှ ဖုန်းလိုင်းမအားလို့ အလိုအလျောက်ဖြေကြားစက်ကနေ ပြန်ဖြေတယ်၊ လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ မအားလပ်သေးပါရှင်၊ ခေတ္တစောင့်ဆိုင်းပြီးမှ ပြန်လည်ခေါ်ဆိုပါရှင်လို့လည်း ကြားရော. . အဲဒီလူက ဒေါသတကြီး ပြန်အော်တယ်၊

ဟေ့. . . မအားရင် မြန်မြန်အားပေးစမ်းကွာ၊ ငါအရေးကြီးနေတယ်၊ တောက်. . . အရေးကြီးပါတယ်ဆိုမှ သောက်ကောင်မက ဘိုလို ထပ်တွတ်ပြနေသေးတယ်၊ ဟာ. . . လာပြန်ပြီ၊ ဟဲ့ကောင်မ နားပင်းနေသလား၊ ငါ ဗမာလို ပြောနေတာ နားမလည်ဘူးလားကွလို့ အတင်းကျိုးအော်တယ်၊ ပြီးတော့ ခဏအံကြိတ် နားထောင်ပြီး ဖုန်းကို ဂွပ်ခနဲ ဆောင့်ချတယ်၊ ပြီးတော့. . ပြန်ခေါ်တယ်၊

လိုင်းမအားတော့ စောစောက ဖြေကြားသံပဲ ပြန်ကြားတယ်၊ ဒါကို အဲဒီလူက. . . တော်တော့ သောက်ကောင်မ၊ နင့်အသံမကြားချင်ဘူးလို့ ပြန်အော်ပြီး ဖုန်းချတယ်၊ ဘယ်လောက်ပေးရမလဲလှမ်းမေးတော့ ဖုန်းစောင့်တဲ့ကောင်မလေးက နှစ်ကောစာ နှစ်ရာ





တောင်းတယ်၊ ဖုန်းဆက်တဲ့လူက သူပြောချင်တာ မပြောလိုက်ရလို့ တစ်ကောစာပဲ ပေးတယ်၊ အဲဒီမှာ စကားများကြတယ်၊ ခုပြဿနာမှာ ဘယ်သူမှန်သလဲ ဘယ်သူမှားသလဲ ခင်ဗျာလို့ မေးတော့. . . လူကြီးတွေ ကြောင်စီစီနဲ့ စဉ်းစားကြတယ်၊

ခဏကြာတော့. . တစ်ယောက်က နှစ်ယောက်စလုံး မှားတာပေါ့ကွလို့ ပြောတယ်၊ နောက်တစ်ယောက်က. . . မမှားဘူး၊ အလိုအလျောက် ဖြေကြားစက် ဝင်မရှုပ်ရင် အဖြေက ရှင်းတယ်လို့ ပြောတယ်၊

ဥက္ကဋ္ဌက သူ့ဟန်းဖုန်းလေး သူထုတ်ကြည့်ပြီး ဒီပြဿနာမျိုးတာ ငတုံးတွေမို့လို့ တက်တာပါကွာလို့ပဲပြောပြီး အဖြေမထွက်လို့ နောက်ထပ် ဥပမာဆက်ပေးရတယ်၊

တစ်ခါတုန်းက. . မြို့လယ်ခေါင်မှာ ဗီဒီယိုဇာတ်ဝင်ခန်း အောက်ဒိုးရိုက်နေတာနဲ့ လူတစ်ယောက်နဲ့ ကြုံကြိုက်သွားတယ်၊ ဇာတ်ဝင်ခန်းက ဘတ်စ်ကားပေါ်ကို မင်းသမီး တက်လိုက်သွားတဲ့အခန်း၊ အဲဒီလူက မင်းသမီးအတက်အဆင်း လုပ်မယ့်ဘက်က ပြတင်းပေါက်တစ်ခုဘေးမှာ ထိုင်နေတာဆိုတော့. . ဒီဇာတ်ဝင်ခန်းမှာ သူ့မျက်နှာ သေချာပေါက် ပါသွားပြီဆိုပြီး ရိုက်ကူးရေးအဖွဲ့က တစ်ယောက်ကို ဒီဇာတ်ကားရဲ့နာမည် လှမ်းမေးထားလိုက်တယ်၊

အဲဒီဇာတ်ကား ပြသခွင့်ရတော့ သူငှားလာပြီး သူ့အပေါင်းအသင်းတွေကို ခေါ်ပြတယ်၊ ဒီကားမှာ သူ တစ်ခန်းပါတယ် ဆိုပြီးတော့လေ၊ အဲဒါနဲ့ ကြည့်ကြတော့ စောစောက မင်းသမီး ကားပေါ်တက်တဲ့အခန်းသာ ပြီးသွားတယ်၊ သူ့မျက်နှာ ပါမလာဘူး၊ ဒါကို သူငယ်ချင်းတစ်ယောက်က. . ဟေ့ကောင် ဘယ်မှာလဲ၊ ဒီအခန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



မင်းပါတယ်ဆို့ . . လို့မေးတော့ အဲဒီလူက ခေါင်းကုတ်ပြီး ဖြေတယ်၊

ငါ သေချာပေါက်ပါခဲ့တယ်ကွ၊ တစ်ခုပဲ. . . ငါ့တီဗွီက (၁၄) လက်မဆိုတော့ ဘောင်ကျဉ်းပြီး မမြင်ရဘူး ဖြစ်နေတယ်၊ (၂၁) လက်မနဲ့ဆို ငါ့မျက်နှာပေါ်တယ်တဲ့၊ အဲဒါကြောင့် သူငယ်ချင်းတစ်ယောက်ရဲ့အိမ်က (၂၁)လက်မတီဗွီနဲ့ သွားကြည့်ကြတယ်၊ အဲဒီမှာလည်း ဒီလိုပဲ မပါလာတော့ အဲဒီလူက မှတ်ချက်ချသလို ပြောပြတယ်၊

ငါမှတ်မိပြီတဲ့၊ အဲဒီတုန်းက ရုပ်ရှင်ရိုက်တဲ့ ကင်မရာက အဝကျဉ်းပြီး စက်လုံးနည်းနည်းသေးနေလို့ သူ့ပုံကျန်ခဲ့တာ ဖြစ်ရမယ်တဲ့၊ အဲဒီမှတ်ချက်ကို သူငယ်ချင်းတစ်ချို့က လက်ခံပြီး တစ်ချို့က ငြင်းကြတယ်၊ ဦးလေးတို့ရော ဘယ်သူမှန်သလဲ မှားသလဲဆိုတာ စဉ်းစားကြည့်ပါလို့ ပြောလိုက်တော့. . . ဝိုင်းစဉ်းစားပြီး သူတို့လည်း တစ်ယောက်တစ်ပေါက် ငြင်းကုန်ကြရောဗျ၊

အဲဒီအချိန်မှာ စပ်စုစိန်လုပ်ပြီး စောင့်နားထောင်နေတဲ့ လူတစ်ယောက်က လှမ်းအော်တယ်၊ ဟေ့ကောင်. . . မင်း မဆိုင်တာတွေ လျှောက်ပြောမနေနဲ့၊ မင်းဥပမာနဲ့ လက်ရှိပြဿနာက တစ်ခြားစီပဲကွ ဆိုတော့မှ ငြင်းနေတဲ့သူတွေ ငြိမ်သွားတယ်၊ ကျွန်တော်လည်း ပြန်ပြောလိုက်တယ်၊

မဆိုင်ဘူးဆိုတာ ကျွန်တော်သိတယ်၊ ဒါပေမယ့်. . ရုံးကိုရောက်လာပြီး လူကြီးတွေရှေ့မှာ ပြောနေတဲ့အတွက် ထွက်ဆိုချက်နဲ့အကျုံးဝင်တယ်၊ လူကြီးတွေ လက်ခံနားထောင်ပြီး ငြင်းခုံပေးကြလို့ တရားဝင် ထွက်ဆိုချက်အဖြစ် မှတ်တမ်းဝင်ပါတယ်၊ အဲဒါကြောင့် ဒီညအဖို့ ကျွန်တော့်ရဲ့ထွက်ဆိုချက်က ဒါပါပဲလို့ပြောပြီး ပြန်လာခဲ့





တယ်ဗျာ"

"ဟင်. . . မင်း. . အဓိကကျတဲ့ ထွက်ဆိုချက်ကို မပေးခဲ့ဘူးပေါ့"

"မပေးဘူး. . . ကောင်မလေးဘက်ကနေ အမှန်အတိုင်းထွက်ပေးလိုက်ရင် ရှက်ရမ်း‚ရမ်းပြီး နှိပ်ကွပ်မှာ၊ ငြင်းလိုက်ရင် ကောင်မလေး လီဆယ်တာဆိုပြီး ပိုပြီးနှိပ်ကွပ်မှာပဲ၊ ဘယ်လိုပြောပြော တစ်ဖက်သား နစ်နာပြီးသားမို့လို့ ဘာမှမပြောဘဲ ပြန်ခဲ့တာ"

"ဟာ. . . ဒါဆို ကျုပ်တို့ သရေပွဲပေါ့ ကိုဝင်းရီ"

ကိုဝင်းရီ ခေါင်းငြိမ့်ပြပြီး စိတ်မသက်မသာနဲ့ ပိုက်ဆံထုတ်ရှင်းတယ်။ အဲဒီနောက် ရုံးပေါ် ပြန်တက်လာကြရင်း ကိုဝင်းရီ ဆက်မေးပါတယ်။

"နောက်နေ့ အဲဒီကောင်မလေးကိစ္စ ဘာသတင်းကြားသေးသလဲ"

ကျွန်တော် မပြောချင်လို့ ချန်ထားတဲ့စကားကိုပဲ ရွေးပြီးမေးလာလို့ ကျွန်တော်လည်း စိတ်မပါသလို ပြန်ဖြေလိုက်မိတယ်။

"ကောင်မလေးက ရုံးမှာ ခံဝန်လက်မှတ်ထိုးလိုက်ရတယ်"

"ဟေ. . . ဘာလို့လဲ"

"သက်သေမခိုင်လုံတာရယ်. . . အန်ကယ်ကြီးက ရုပ်ကျိုးနှာကျိုးနဲ့ ပတ်သက်လာရင် လက်မနှေးတာရယ်၊ လူကြီးလူကောင်း ဥပမိရုပ်မျိုး ရှိတာရယ်ကြောင့် ကောင်မလေးက နစ်နာကြေးတောင်းကောင်းအောင် ခွင်ဆင်တာလို့ သုံးသပ်ကြသတဲ့ဗျ"

"ဟာ. . . ကွာ"

ကိုဝင်းရီ အတော်စိတ်မကောင်းဖြစ်သွားပုံပဲ၊ ကျွန်တော်တ



www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်ဖက်သားကို ပေါ့စေချင်လို့ ကြောင်ဆေးထိုးပေးခဲ့ကာမှ တက်ဆေးနဲ့ဆင်းဆေးကို ပြောင်းပြန်ထိုးပေးမိလျက်သား ဖြစ်ခဲ့လို့ ရုံးပိတ်ရက်နှစ်ရက်လုံး စိတ်ဆင်းရဲခဲ့ရပြီ မဟုတ်လား။

အမှန်တော့ ကျွန်တော့်မျက်လုံးတွေကိုသာ အပြစ်ပေးသင့်တာပါ။

ဒီမျက်လုံးတွေသာ မမြင်ခဲ့ရင်. . .။

(မကန်းဘဲ မမြင်တာမျိုးလေ. . .)



www.burmeseclassic.com







# အခန်း(သုံး)

"ဘာလဲကွ. . . မင်းကဗျာက"

ကျွန်တော့်စားပွဲရှိ မှန်ချပ်ပေါ် ဗိုက်ဘုတ်ပ်မာကာနှင့် ရေးထားသောကဗျာလေး ငုံ့ကြည့်ပြီး ကိုဝင်းရီ အလိုမကျသလို ညည်းပြော,ပြောလို့. . .။

"ကဗျာလေ. .၊ ရှင်မဟာ အညတရရဲ့ထွင်မှုရဲ့ ကော်ပီကဗျာပေါ့. . . မကောင်းဘူးလား"

"မကောင်းပါဘူးကွာ. . . ဝါသနာပါရင်လည်း ကိုယ့်ဘာသာ ဖြစ်ဖြစ်မြောက်မြောက် လုပ်စမ်းပါ၊ ကာရန်လေးတောင် သူများ

www.burmeseclassic.com

www.burmeseclassic.com



ကာရန်ကူးချပြီး ရေးရမှတော့ မရေးတာ အကောင်းဆုံးပဲ”

“ဒါဆို ကျွန်တော့်ကို သင်ပေးလေဗျာ”

“ဟာ. . . ငါမရေးတတ်ပါဘူးကွာ၊ ပရိုဂရမ်အသစ်ကိစ္စအတွက် ပါဝါပွိုင့် ထုတ်ပြီးပလား၊ ပြီးရင် ပေးတော့၊ နမူနာ တောင်းခိုင်းလို့”

“ဟင်. . . အဲဒါ စာရေးကြီးတစ်ယောက်ကို တောင်းခိုင်းတယ်”

“မဟုတ်ပါဘူးကွာ. . . ငါလည်း ဖိုင်ပြန်ယူရင်း ကြုံလို့ မှာလိုက်တာပါ၊ ရုံးအကူကောင်မလေးကလည်း ခွင့်ယူထားလို့ကွ”

“ဗျာ. . . ခင်မိုးကြည် ခွင့်ယူလိုက်ပြီလား”

“အေးလေ. . . မနေ့က တင်သွားတာ၊ ဒီနေ့ စပြီပေါ့”

“ဟာ. . . ဒါဆို ကျွန်တော်မြင်လိုက်တာ မှန်နေပြီ”

“ဟေ. . . မင်းမြင်လိုက်ပြီလား”

ကိုဝင်းရီ လန့်ဖျပ်ပြီးမေးလို့ ကျွန်တော် ရှုးတိုးတိုး ဆိုသောပုံစံမျိုးလုပ်ပြပြီး လေသံနဲ့. . .

“အစ်ကို သိလည်း စိတ်ထဲမှာပဲထား၊ ဟိုတစ်နေ့က သန့်စင်ခန်းထဲမှာ ခင်မိုးကြည်ကို အပျိုကြီးမမက ပါးရိုက်လိုက်တယ်ဗျ”

“ဘာ. . . မိန်းကလေး သန့်စင်ခန်းထဲ ဖြစ်နေတဲ့ ပြဿနာကို မင်းကဘယ်လိုလုပ် မြင်တာလဲ”

“သြော်. . . အဲဒါကြောင့် တိုးတိုးပြောပါလို့ဆိုနေ”

“အေး. . . တိုးတယ်. . . ပြောစမ်းပါဦး”

“ဒီလိုဗျ. . . အဲဒီနေ့က ကျွန်တော်တို့ တွိုင်းလက်စ်မှာ အခန်းအပြည့် လူအပြည့် ဖြစ်နေတယ်၊ ကျွန်တော်လည်း ဂိတ်ဆုံး





...ာ်နေလို့ ဘယ်လိုမှ အောင့်မထားနိုင်တော့ဘူး၊ ဒီဘက် အသာ ...င်းကြည့်တော့ လုံးဝလူရှင်းနေတာနဲ့ အဲဒီမှာတင် ဝင်ရှင်းလိုက်...ား အဲဒီမှာ ခင်မိုးကြည် ဝင်လာတယ်၊ နောက်ကနေ အပျိုကြီးမမ ပါလာတယ်၊ ကျွန်တော်ကလည်း ကိစ္စပြီးသွားလို့ ထွက်ဖို့ လုပ်နေ...၊ တံကောင်းလို့ တည်တည့်တိုးတော့မလို့”

“ဟုတ်ပြီလေ. . . ဘာလို့ ရိုက်တာလဲ”

“သြော်ဗျာ. . . အပျိုကြီးမမနဲ့ ဌာနမှူး လူပျိုကြီးဇာတ်လမ်း တို့ အစ်ကိုလည်း သိတာပဲ၊ အဲဒီမှာ ခင်မိုးကြည် ရောက်လာပြီး. . . ဌာနမှူး အနီးကပ် ဖြစ်နေတော့ အပျိုကြီး အတိုကြီး တိုပြီလေ”

“တိုစရာလားကွ. . . ဒါ အလုပ်သဘောပဲဟာ”

“အလုပ်သဘောရဲ့ဟိုဘက်မှာ ဘာရှိတယ်ဆိုတာ အစ်ကို သိလို့လား၊ ကျွန်တော်တို့ ဌာနမှူးက အစွံကြီးနော်. . လျှော့မတွက်နဲ့၊ သူ့ဘာသာ ထမင်းစားပြီးတိုင်း ပကျွတ်ပကျွတ်နဲ့ အချိုတည်းတာက တည်းတာပဲ၊ စွံတာက စွံတာပဲဗျ”

“ဟော့ကောင်. . . စွတ်ပြောမနေနဲ့. . . မင်းမြင်လို့လား ”

“မြင်တယ်”

“ဘာ!. . . မင်းမျက်လုံးက မြင်. . မြင်နိုင်လွန်းတယ်၊ ဘယ်မှာလဲ CD ချပ်၊ ပေးတော့. . . ငါသွားမယ်”

“ရော့. . . ဒီမှာ၊ လျှို့ဝှက်ချက်နော်”

“ငါသိတယ်. . . မင်းမျက်လုံးကိုလည်း နည်းနည်းကန်းအောင် လုပ်ထားဦး”

“ဟုတ်. . . ဟာ. . . ကန်းတော့ မကန်းပါရစေနဲ့ဗျာ၊ ကျွန်တော် ဒီကရှေ့ မမြင်တတ်အောင် လေ့ကျင့်တော့မှာပါ”

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနဲ့ ကျွန်တော့်မျက်လုံးထဲ ယားကျိကျိ ဖြစ်လာလို့ မှန်ထုတ်ပြီး ကြည့်လိုက်တယ်။ ဘာမှမထူးခြားပေမယ့် ဒီမနက် မျက်စဉ်းမခတ်ရသေးတာ သတိရပြီး ချူဗီရိုးတို ပုလင်းလေးကို ထုတ်လိုက်တော့တယ်။



ညနေရုံးဆင်းတော့ ကိုဝင်းရီနဲ့ကိုစိုင်းက သူတို့နဲ့ လိုက်ပြီး အတူပြန်ဖို့ပြောတယ်။ ကျွန်တော် မသောက်တတ်မှန်း သူတို့သိတဲ့ အတွက် ဇွတ်ကန်ပြီးတော့ မခေါ်ပါဘူး။ ကျွန်တော်လည်း အလိမ္မာစကားလေးနဲ့ ရှောင်ထွက်ပြီး. . ကားမှတ်တိုင်ဆီ လျှောက်လာခဲ့ပါတယ်။

ညနေက သမရိုးကျ ဆောင်းညနေကနေ ခွဲထွက်ချင်ရုံပါ။ ကောင်းကင်ပေါ်မှာ ပြာလဲ့ကြည်စင်မနေဘဲ တိမ်အုပ်တွေနဲ့ နည်းနည်းအလုပ်ရှုပ်နေကြတယ်ခင်ဗျ။ ဖြူလွလွတိမ်အုပ်နဲ့ ညိုညစ်ညစ်တိမ်အုပ်တို့ အသားရောင်ခွဲခြားပြီး ပြဿနာတက်နေကြတယ် ထင်တာပါပဲ။ စကားသံတွေသာ ကြားခွင့်ရရင်. . .

"ဟေ့ကောင် တိမ်ညို. . . မင်းတို့ ရွာချင်ရင် ဟိုဖက်သွားရွာကွာ၊ ငါတို့က ကွက်ကျားမိုးအုပ်စုထဲ ပါနေတယ်. . . လာမရှုပ်ကြနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးကျယ်ကျယ်ကွာ. . . မရှာခင်လေး ဖြူနေတာများ တိမ်ပါးဝလို့"

စသည်ဖြင့်ပေါ့လို့. . . ကျွန်တော်တွေးရင်း ပြုံးတောင်ပြုံးမိ သေး. . .။

ကားမှတ်တိုင်မှာတော့ ကားစောင့်သူတွေ နည်းနည်းများ တယ်။ ရုံးဆင်းချိန် ညနေထုံးစံအတိုင်းပါပဲ။ ကားရောက်လာတာနဲ့ ရှယ်ကားပဲဖြစ်ဖြစ် ရိုးရိုးကားပဲဖြစ်ဖြစ် အလုအယက်တိုးတက် ပြုကျပ် ရတာချည်းပဲမို့လို့ ကျွန်တော်လည်း ကျွန်တော့်ထုံးစံအတိုင်း ကား မှတ်တိုင်ကို ဗဟိုပြုပြီး ပျံကျခင်းရောင်းနေတဲ့ လက်ဖက်ရည်ဆိုင်မှာ ကျဆိမ့်တစ်ခွက်နဲ့ ဝင်ထိုင်နေလိုက်တယ်။

ဒါ ကျွန်တော့်စတိုင်(လ်)ပဲလို့ ပြောရမှာပါ။ ငယ်စဉ်ကတည်း က တိုးဝှေ့ရမယ့်အလုပ်ကို အလွန်မုန်းပါတယ်။ လူတိုးမခံနိုင်တာ မဟုတ်ပါဘူး၊ စိတ်ရှုပ်တာပါ။ ဆယ်တန်းအောင်စာရင်း ထွက်တုန်း တလည်း လူတိုးရမှာစိုးလို့ လူရှင်းမှ သွားကြည့်တော့ အောင်စာရင်း စာရွက်က မရှိတော့ပါဘူး။ သူများတွေ အောင်လို့ ကျလို့ ပျော်ကြ ငိုကြတဲ့အချိန်မှာ ကျွန်တော်က အောင်မှန်းကျမှန်း မသိသေးတဲ့သူပါ။ နေ့လည်ခင်းလောက်မှ အဖေကိုယ်တိုင် ပညာရေးမှူးရုံး သွားကြည့် ပေးလို့ အောင်တယ်ဆိုတာ သိရတာ။

ကျွန်တော်တို့မြို့က ရုပ်ရှင်ရုံမှာ ဇာတ်ကားအသစ်တင်ရင် တစ်ပတ်လောက်က တိုးမပေါက်ပါဘူး၊ ဘယ်လောက်နာမည်ကြီးတဲ့ ကား ဖြစ်နေပစေ၊ လက်မှတ်တန်းစီတိုးဝှေ့ရမယ်ဆို မကြည့်တော့ ပါဘူး။

တစ်ခါတော့ ရုပ်ရှင်ရုံမှာ လူလည်း သိပ်မရှိ၊ ဇာတ်ကားက





လည်း ကြည့်ပြီးသားသူတွေ ပြောသလောက် သိပ်မကောင်းဘူးဆို ပေမယ့် ကျွန်တော်ပျင်းပျင်းရှိတာနဲ့ ဝင်ကြည့်လိုက်ပါတယ်။

လူမရှိတဲ့ ရှေ့တန်းကခုံပေါ် ခြေစုံဆန့်ပြီး ဇိမ်နဲ့ ကြည့်ရ ပါတယ်၊ ဇာတ်ကားက သူ့ဇာတ်နဲ့သူတော့ ကောင်းပါတယ်၊ ရုပ်ရှင် ပြီးလို့ပြန်တော့ ချွတ်ထားတဲ့ ကျွန်တော့်ဖိနပ်တစ်ဖက်ကို ကြွက်ဆွဲ သွားလို့ ဖိနပ်တစ်ဖက်နဲ့လဲ အိမ်ပြန်ခဲ့ရပါတယ်။

အမေကတော့ ကျွန်တော့်ကို သွေးအေးတယ်လို့ မှတ်ချက် ချဖူးတယ်။ တစ်ခါတစ်လေတော့လည်း. . သွေးအေးတာ သိပ်မ ကောင်းလှပါဘူး။ တိုးတက်ပြောင်းလဲမှု မြန်ဆန်လာတဲ့ လောကကြီး မှာ ခပ်ထုံထုံ ခပ်နုံနုံ နေတတ်တဲ့စရိုက်က ခေတ်နဲ့ သိပ်အံဝင်ခွင်ကျ မဖြစ်ဘူးဆိုတာ ကျွန်တော်လည်း သိပါတယ်။ ထုံအေအေးကြီး နေ တတ်တဲ့ ကိုယ့်စိတ်ကိုယ်လည်း လျင်လျင်ပူပူလေး ဖြစ်လာအောင် ပြောင်းကြည့်ပါတယ်။ မရဘူး ပရိသတ်ရဲ့။ အဲ့ဒါကြောင့် 'မွေးသန္ဓေ သေမှပျောက်' ဆိုတဲ့စကားကို ရှေးလူကြီးတွေ ထားခဲ့တာပဲနေမှာ။

"ထိုင်မယ်နော်"

"ဗျာ. ."

"ဪ. . . ဒီဝိုင်းမှာ ထိုင်မယ်လို့"

"ဟာ. . . ထိုင်ပါဗျာ. . ရပါတယ်"

ကျွန်တော် အတွေးပြတ်ပြီး သတိထားကြည့်တော့ အရမ်း ချောတဲ့ကောင်မလေးဗျ၊ အသားလေးကို ဝင်းနေတာပဲ၊ အိစင်းနေတဲ့ လက်မောင်းတစ်လျှောက် မွေးညှင်းစိမ်းလေးကလည်း တစ်ခင်းကြီး။

အဲ့ဒါကြောင့် သူ့မျက်နှာလေးကို မသိမသာ ခိုးကြည့်မိတာ ကျွန်တော် တကယ်အသက်ရှူမှားသွားတယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားစူး. . . တကယ်မလိမ်ဘူး၊ သိတဲ့အတိုင်း ကျွန်တော်ကိုယ်က Eye Crazy ဆိုတော့ မျက်လုံးလေးကို ဦးစားပေး ကြည့်ဖြစ်တာ၊ အဲ့ဒီမှာ သူကလည်း အမှတ်တမဲ့ လှည့်အကြည့်နဲ့ ဆုံပြီး. . ကျွန်တော့်ရင်ထဲ ဒိန်းခနဲ. . ဂွမ်းခနဲကို ဖြစ်သွားတာ။ ဒိန်းခနဲက သူ့နှိုးလူမိတယ်လို့ ပြောရမလား၊ အဲ. . အဲ. . ဂွမ်းခနဲကတော့ ကြည်စင်တောက်ရှနေတဲ့ မျက်ဝန်းအလှလေးကြောင့် ရင်ခုန်တာပါ။ တော်တော်ကြမ်းလို့ ဂွမ်းခနဲကို မြည်တာ။

ယုံလိုက်ဗျာ. . ကျွန်တော့်ဘဝမှာ တစ်ခါမြင်ပြီး တစ်ချက်တည်း ရင်ခုန်လောက်တဲ့အလှမျိုး ဒါ ပထမဦးဆုံး နဖူးတွေ့ဒူးတွေ့ကြုံဖူးတာပဲ။

ဒါဆို မော်ဒယ်တွေ၊ ရုပ်ရှင်မင်းသမီး အချောအလှတွေက ရင်ခုန်စရာ မကောင်းဘူးလားလို့ မေးစရာရှိပါတယ်။ အမှန်အကန်ကို မခုန်ဘူးဗျာ. . . လောင်းရဲတယ်။ ဘာလို့လဲဆိုတော့ သူတို့က သရုပ်ဆောင်ဆိုတဲ့အသိရယ်. .၊ မလှ့လှအောင် ပြင်ထားရမယ်၊ လှမှ လူလုံးထွက်ပြတယ်ဆိုတာကို သိနေတော့ ဖီလင်နဲ့ ဆိုင်သွားတယ်ပေ့ါဗျာ. . နော၊

ပြီးတော့ မင်းသမီးလှလှလေးကို ရင်ခုန်ပြီး ရူးတဲ့ခေတ်က ကျွန်တော်တို့ခေတ်မှာ သိပ်မရှိတော့ဘူးလေဗျာ၊ ကျွန်တော့်အဖေတို့ အဘိုးတို့ခေတ်လောက်ကတော့ တကယ်တန်းတန်းစွဲတွေ ရှိကြဖူးတာပါ။ ကျွန်တော့်အဘိုးဆို အငြိမ့်မင်းသမီးကို သဘောကျပြီး. . ပွဲကရာနောက် တောက်လျှောက်လိုက်သွားလို့ မိုးကျပြီး အငြိမ့်ပွဲတွေ နားမှ အိမ်ပြန်ရောက်လာသတဲ့။

အရင်တုန်းကလည်း ကျွန်တော်ပြောပြဖူးပါတယ်. . ကျွန်





တော့်ဂျီးဒေါ်ကြီးတစ်ယောက်ဆို မင်းသားဝင်းဦးကို အရမ်းစွဲတာ၊ ဂျီးဒေါ်ကြီး အိမ်ထောင်ကျပြီး သိပ်မကြာဘူး၊ ဝင်းဦးဇာတ်ကားသစ်တင်လို့ လင်မယားနှစ်ယောက် ညပွဲသွားကြည့်ကြသတဲ့၊ ပြန်လာတော့ ဂျီးဒေါ်ကြီးက အိပ်ယာဝင်နှင့်တယ်၊ ဂျီးဒေါ်ယောကျ်ားက ဗိုက်ဆာလို့ ညစာစားပြီးမှ အိပ်ယာဝင်တယ်။ ခြင်ထောင်မချသေးဘဲ တစ်ဖက်စောင်းအိပ်နေတဲ့ ဂျီးဒေါ်ကို ခြင်ထောင်ထဲသွင်းဖို့ ဆွဲလှည့်လိုက်တာ ဂျီးဒေါ်က လန့်ပြီး 'အမလေး ကိုဝင်းဦးရဲ့' လို့ယောင်လို့ လင်မယား ကွဲရတဲ့အဖြစ် ရောက်ကုန်ပါရောလား။ အဲ့ဒီခေတ်က အဲ့သလိုကို စွဲလန်းနှစ်သက်ကြတာပေ့ါ။

ဒီဖက်ခေတ်မှာတော့ ကျွန်တော့်ပတ်ဝန်းကျင်မှာ ဒီလိုရူးသွပ်မှုမျိုး မရှိသလောက်ပါပဲ၊ တခြားပတ်ဝန်းကျင်တော့ မပြောတတ်ဘူးလေ၊ ရှိချင်လည်း ရှိနိုင်ပါတယ်၊ အတပ်တော့ မပြောရဲဘူးဗျ။ လူဆိုတာ တစ်ခုခုတော့ စွဲကြ ရူးကြတာပဲ မဟုတ်လား။

အခု ကျွန်တော်ရင်ခုန်တယ်. . အံ့အားသင့်တယ်ဆိုတာ သာမန် ဒီလိုသွားလာနေရင်း ဒီလောက်လှပြီး မက်မူးစရာကောင်းတဲ့ အလှမျိုး မြင်ကိုမမြင်ဖူးတာ။

“ဝေါ. . . ဝေါ. . .”

“ဟာ. . . လုပ်ပြီဟ၊ ဟဲ့. . ဟဲ့. . မိုးကာ. . မိုးကာ”

“ဟိုထီးကြီး ဖွင့်လိုက်လေ”

ရုတ်တရက် ဆိုင်းမဆင့် ဘုံမဆင့်ပဲ ရွာချလိုက်တဲ့မိုးကြောင့် အားလုံး ဝရုန်းသုန်းကားဖြစ်ကုန်ပြီး. . ကားမှတ်တိုင် အမိုးခုံလေးအောက် စုပြုံတိုးဝင်ကုန်ကြတယ်။

ကျွန်တော်နဲ့ကောင်မလေးကတော့ လက်ဖက်ရည်ဆိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



အရေးပေါ် ဖွင့်သုံးလိုက်တဲ့. . စည်ပင်ထီးလို့ခေါ်တဲ့ ထီးရွက်ကြီးအောက် ပြေးဝင်ကြပါတယ်။ သိပ်မလုံပေမယ့် လက်ဖက်ရည်ဖျော်တဲ့ စားပွဲခုံကို အဓိက မိုးထားပေးတဲ့ ထီးဆိုတော့ လုံသလောက်လေးပဲ ကပ်ခိုနေရတယ်။

"မိုးကလည်း ဒုက္ခပဲနော်၊ အချိန်အခါလည်း မဟုတ်ဘူး"

ကျွန်တော့်ကိုကြည့်ပြီး ညည်းတွားသလို ပြောတော့ ကျွန်တော်လည်း ခေါင်းညိတ်ပြုံးပြရင်း စကားထောက်ပေးတယ်။

"ဒီနှစ်ကတော့ နွေရာသီ ပျောက်မယ့်သဘောရှိတယ်၊ ဖြစ်နိုင်ရင်တော့ ထီးလေး အမြဲဆောင်ထားတာ အကောင်းဆုံးပဲ"

"ဟင့်အင်း. . . ကျွန်မက ထီးကိုင်ရမှာ အရမ်းပျင်းတယ်၊ ခုချိန်ထိ တစ်ခါမှ ကိုယ့်ဘာသာ ထီးဆောင်းပြီး မသွားဖူးဘူး"

"ဟုတ်လား. . . မိုးတွေ တအားရွာရင်ကော"

"ခိုခွင့်မရရင်တော့ ဒီအတိုင်း လျှောက်ပြန်တာပဲ၊ ဒါပေမယ့် ကားထဲ အဝင်အထွက်လောက်ဆိုတော့ သိပ်မစိုပါဘူး၊ ဒီနေ့မှ ကားတလည်း နှိုးလို့မရ၊ မိုးကလည်းရွာနဲ့၊ ဒီနေ့မှ တကယ်ရွဲတော့မှာပဲ"

"ဟုတ်လား. . . ကျွန်တော်ကြည့်ပေးရမလား၊ ကျွန်တော့်အဖေက ဝပ်ရှော့ဆရာဆိုတော့ ကျွန်တော်လည်း နည်းနည်းပါးပါးနားလည်ပါတယ်"

"ဟုတ်. . . ဝပ်ရှော့ကိုတော့ ဖုန်းဆက်ထားတယ်၊ သူတို့ကထားခဲ့လိုက်လို့တော့ ပြောတာပဲ၊ ဘယ်တော့မှ လာပြင်မလဲ မသိဘူး၊ အဆင်ပြေရင် လိုက်ကြည့်ပေးပါလား"

"ဝေးလား"

"ဟိုးက ရပ်ထားတဲ့ကားပါ"





"ရော့. . . ဒီအိတ်ကလေး ယူထားပြီး ဒီတစောင်း၊ သော့ကျွန်တော့်ကိုပေး"

"မိုးရွာထဲ လုပ်မလို့လား. . . အားနာစရာကြီး"

"ရတယ်. . . မြင်းစီးတတ်တဲ့သူတွေ မြင်းမြင်ရင် ခွချင်သလိုပဲဗျ၊ ကျွန်တော်လည်း ကားပြင်တတ်တော့ ကားပျက်တာ မြင်ရင်ပြင်ချင်လာတယ်၊ နေခဲ့လေ. . . ရရင် လှမ်းခေါ်လိုက်မယ်"

ကျွန်တော် ထွက်မယ်လုပ်တော့ ဆိုင်ရှင်ဦးလေးက. . .

"ကောင်လေး. . . လက်ဖက်ရည်ဖိုး ရှင်းပေးခဲ့ဦးလေ"

"ဩော်. . . ဟုတ်သားပဲ. . . မေ့နေတယ်"

"နေ. . နေ. . ကျွန်မ ရှင်းလိုက်မယ်၊ ဦးလေး. . . ဒီကပဲယူလိုက်ပါ"

ဆိုတော့ကား ကျွန်တော်လည်း အားနာနာနဲ့ လှည့်ထွက်လာခဲ့တယ်။

ကိုဝင်းရီတို့သာ အနားမှာရှိနေရင် ငနဲတော့ ကောင်မလေးလှလှကို ဘူးထပြီး ငရဲခံနေပြီလို့ ပြောမှာ အသေအချာပါ။ မိုးကလည်း မိုးတွင်းကြီးရွာသလို အားပါပါနဲ့ကို ဆော်ပစ်နေတာပါ။ ဘာပဲဖြစ်ဖြစ် ဘယ်သူတွေ ဘာပဲပြောပြော၊ ဘူးရုံမကလို့ ဘွတ်တယ်ပဲဆိုဆို ကျွန်တော့်စိတ်ရင်းနဲ့ ဝန်ခံရရင် ဒီမျက်နှာလေးကို မြင်လိုက်ရတာနဲ့ပဲ စိတ်ထဲမှာ သဒ္ဓါစိတ် စေတသိက်တွေ ဖိတ်ဖိတ်ထပြီး. . ဦးရာဇာဝင်းတင့် ဆိုနေတဲ့ 'ဘာပဲလုပ်ရလုပ်ရ'. . ဆိုတဲ့သီချင်းအတိုင်းကို ဖြစ်သွားပါတယ်။

မြင်မြင်ချင်းကိုချစ်မိတယ် ဆိုတာများလားလို့ တွေးပြီး ကြက်သီးမွေးညှင်းတွေ ဖြန်းဖြန်းထတဲ့အထိပါဗျာ။



www.burmeseclassic.com

www.burmeseclassic.com



လိမ်ပြောမိရင် ဒီကောင်မလေးနဲ့ လွဲရပါစေရဲ့။ မလိမ်ရင် မလွဲဘူးဆိုတဲ့သဘောမျိုးပေ့ါနော. . . ။

ကားက Nissan Fairlady-Z sport ကားလေးပါ။ ကျွန်တော်စစ်ဆေးကြည့်ရသလောက် စတာတာမှာပဲ ပြဿနာရှိနေတာပါ၊ ဂီယာက auto/manual နှစ်မျိုးပါတာကြောင့် တွန်းရင် နိုးမယ်ဆိုတာ သေချာတဲ့အတွက် သူမကို လှမ်းခေါ်လိုက်ပါတယ်။

မိုးကလည်း စိတ်ကျေနပ်သွားသလို နည်းနည်းအရှိန်လျှော့သွားပါတယ်။

"ရပြီလားဟင်"

"စတာတာ ပြဿနာဗျ၊ တွန်းနှိုးရင် ရတယ်. . . နှိုးတတ်လား"

"ဟင့်အင်း. . . အဲ့သလို တစ်ခါမှ မနှိုးဖူးဘူး"

"ကျွန်တော် တွန်းပေးမယ်၊ ကားလိမ့်သွားရင် သော့ဖွင့်. . ကလပ်နင်းပြီး ဂီယာနံပါတ်နှစ် ထည့်လိုက်၊ အရှိန်နည်းနည်း ရလာရင် လီဘာတစ်ဖက်လောက် နင်းပြီး ကလပ်ကို ဆတ်ခနဲ လွှတ်လိုက်၊ ကားစက်နိုးသွားရင် ကလပ်ပြန်နင်းပြီး ဂီယာဖြုတ်. . ဘရိတ်လှမ်းမေး၊ ဘယ့်နှယ်လဲ. . . ရမလား"

"အင်း. . . စမ်းကြည့်မယ်"

ဆိုတော့ ကျွန်တော် ကားထဲက ထွက်လိုက်တယ်။

"အိုကေ. . . တွန်းမယ်"

"ရပြီ. . . တွန်း"

ကောင်မလေးက မဆိုးပါဘူး၊ ကျွန်တော်ပြောပြတဲ့ အစီအစဉ်တိုင်းလဲ တစ်ခုချင်းကို ဆက်တိုက်လုပ်သွားနိုင်ပါတယ်၊ လမ်း





ကလည်း ပြေပြေညီညီဆိုတော့ တွန်းရတာ သိပ်မပင်ပန်းပါဘူး။

ဒါပေမယ့် ကားဆိုတာ ကြီးကြီးသေးသေး ရေတစ်ထမ်းစာလောက်ပဲလေးတဲ့ ကားရယ်လို့ မရှိပါဘူး။ ဒါပေမယ့်လည်း. . ယောကျ်ားတွေဟာ မိန်းကလေးလှလှတစ်ယောက်ရဲ့ရှေ့မှာ ကိုယ်စွမ်းကိုယ်စ အပြည့်အဝ ထုတ်ပြနိုင်ကြတာဟာ ကမ္ဘာတည်ဦးကတည်းကမို့လို့ ကျွန်တော်ဟာလည်း ထိုနည်းလည်းကောင်းပါပဲ။

"ဝူး. . ."

"အိုကေ"

ကားနှိုးလို့ရသွားလို့ ကောင်မလေး အတော့်ကို ပျော်ရွှင်သွားပါတယ်။ ပျော်နေတဲ့မျက်နှာလေးကို ကြည့်ပြီး. . ကျွန်တော်အသည်းယားလွန်းလို့ ပါးကလေးတွေ နှာခေါင်းလေးတွေ ဖွဲ့ဖွဲ့ပြီးစားချင်စိတ်တောင် ပေါက်လာပါတယ်။

"လာ. . . ဝင်ထိုင်လေ၊ လိုက်ပို့ပေးမယ်"

"နေပါစေ. . . ကျွန်တော် လိုင်းကားနဲ့ ပြန်ပါ့မယ်"

(ဒီလောက်တော့ မူရမှာပေ့ါနော)

"အို. . . မဟုတ်တာ၊ ဝင်ထိုင်. . . လိုက်ပို့မယ်"

ကျွန်တော် ထပ်မမူနေတော့ပါဘူး။ မမူခင်ကတည်းက လိုချင်လှတဲ့ ဒီအခွင့်အရေးလေး လက်လွှတ်သွားရင် နှမြောစရာပါ။

"ဘယ်ကို မောင်းရမလဲဟင်"

"လမ်းကျယ်မှတ်တိုင်လောက်ရောက်ရင် ရပါပြီ"

"ဟင်. . အဆင်ပြေတာပဲ၊ ကျွန်မက ကျောက်ကုန်းဆိုတော့ တစ်လမ်းတည်းပဲလေ"

အဲဒါနဲ့ပဲ ကျွန်တော်ဟာ အိပ်မက်,မက်ရသလိုမျိုး မိန်းမလှ



www.burmeseclassic.com

www.burmeseclassic.com



လေးမောင်းတဲ့ကားမှာ အငြိမ့်သား ထိုင်လိုက်လာခဲ့ပါတယ်။

တစ်ကိုယ်လုံး မိုးရေတွေ ရွှဲနစ်နေလို့ ချမ်းတုန်နေတာတော့ ရှိတာပေါ့ဗျာ၊ ဒီလောက်က ပါးပါးလေးပါ။ (အဟီးဟီး. . အဲ. . ယား . . ကွန်း. . ပိတ်ခိုင်းရရင်. . ကောင်းမယ်ဟ)

"သြော်. . . ဆောရီး၊ အဲယားကွန်းပိတ်ဖို့ မေ့နေတယ်"

"ကျေးဇူးပဲ"

"အိမ်ရောက်ရင် ဆေးသောက်လိုက်ဦးနော်၊ တော်ကြာ ဖျားနေဦးမယ်၊ ကျွန်မနာမည်က နေရီရီပါ။ ကွန်ပျူတာနဲ့ ကျောင်းပြီးတယ်၊ အခု (၂၂)လမ်းမှာ ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်း အရောင်းဆိုင် ဖွင့်ထားတယ်၊ ဒါ ကျွန်မလိပ်စာကဒ်. . . အင့်"

ကျွန်တော် လှမ်းယူပြီး အိတ်ကပ်ထဲ ထည့်မယ်ပြင်ပြီးမှ ရေတွေစိုနေလို့ ရုံးအိတ်ထဲ ထည့်မယ်လုပ်တော့. . အိတ်က သူမ စလွယ်သိုင်း လွယ်လျက်သား ဖြစ်နေတယ်။ ဒီအတိုင်းဆို လွယ်အိတ်မှာ သူမကိုယ်နံ့လေးတွေ စွဲကျန်ခဲ့တော့မှာပေါ့။

အဟုတ်ဟုတ်. . . ကောင်းမှကောင်း. . ။

"ရှင့်နာမည်လည်း မိတ်ဆက်ပေးဦးလေ"

"ဟုတ်သားပဲ. . . ကျွန်တော့်နာမည်က ရဲထွဋ်ပါ။ ခင်တဲ့သူတွေကတော့ ငရဲလို့ ခေါ်ကြပါတယ်"

"ဘုရားရေ. . . ခင်ပုံကြီးကလည်း"

"ဟုတ်တယ်. . . အဲဒါကြောင့် ခဏခဏ ငရဲကျသလား မသိဘူး"

"ရှင်. . ."

"သြော်. . . ဒီလိုပါပဲ. . . ဟဲဟဲဟဲ၊ ကျွန်တော်က IC နဲ့





ပြီးတာပါ၊ အလုပ်ကတော့ အလှကုန်ပစ္စည်းကုမ္ပဏီမှာ လုပ်ပါတယ်၊ နေတာကတော့ အခုသွားမယ့် လမ်းကျယ်ပေါ့၊ တိုက်နံပါတ်(၁၈) တတိယထပ်က အခန်းအမှတ်(F)ပါ၊ အဲဒီနားမှာ ရဲထွဋ်လို့ မေးရင် သိကြပါတယ်"

"ဟုတ်လား. . . နာမည်ကြီးပေါ့"

"အာ. . . နာမည်မကြီးပါဘူး၊ ဒီလိုပဲ တစ်ယောက်ထဲ မှုန်ကုတ်ကုတ် နေတတ်လို့ သတိထားမိနေကြတာပါ"

"ကောင်းပြီလေ ကိုငရဲ"

"ခင်ဗျာ"

"ဟင်. . . ဘာလို့ လန့်သွားတာလဲ"

"ဟိုလေ. . . နာမည်ကြောင့် နည်းနည်းကြက်သီးထသွားတာ"

"ဟောတော်. . . ခင်မင်သူတွေက ငရဲဆို ကျွန်မလည်း ခင်လိုက်တော့မယ်လို့ ဆုံးဖြတ်လို့ ခေါ်တာပဲဟာ"

"ဟုတ်လား. . . ဟဲဟဲဟဲ၊ ကောင်းပါတယ်. . . ခေါ်ပါ"

ငါ့နှယ်ကွာ. . . ရင်တောင် ဘယ်လိုခုန်ရမှန်း မသိတော့ဘူး။

"ကဲ. . . လမ်းကျယ်ရောက်ပြီ၊ ဘယ်ဘက်ချိုးမယ်နော်"

"ရပြီ. . . ကျွန်တော် ဒီကပဲဆင်း"

"ပို့မယ့်ပို့ အိမ်ရှေ့ရောက်အောင်ပဲ ပို့လိုက်ပါတော့မယ်၊ ဘာလဲ. . . အိမ်က အမျိုးသမီးတွေ့ရင် အထင်လွဲမှာစိုးလို့လား"

"ဟိုးနိုး. . အမျိုးသမီးနဲ့ တူတာဆိုလို့ ကော်ပတ်ရုပ်တောင် မရှိပါဘူးဗျာ၊ လုံးဝ တစ်ယောက်တည်းသမားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းကြွားလည်း ရပါတယ်နော်"

အဲဒီလိုနဲ့ပဲ ကျွန်တော်တို့လမ်းထဲ ရောက်လာပြီး မြေညီထပ်ရှေ့မှာ ရပ်လိုက်တယ်။

ကားထဲက ထွက်လိုက်ပြီးမှ. . .

"ကဲ. . . ရောက်လာမှတော့ ကျွန်တော်ကပဲ ကော်ဖီတစ်ခွက်လောက် ဧည့်ခံပါရစေ"

"ကောင်းပြီလေ. . တစ်ယောက်ထဲ နေတယ်ဆိုတာ ဟုတ်မဟုတ်လည်း သိရတာပေါ့"

"ယုံပါ နေရီရီ"

"ယုံမှာပါ. . . ဒါပေမယ့် ယောကျ်ားတစ်ယောက်ကို သေချာမှ ယုံလိုက်တာ ကောင်းတယ်လေ"

"အိုကေ. . . အပေါ်ကို ကြွပါခင်ဗျား"

ပြောရရင် တကယ့်ကို ရင်ခုန်စရာပါပဲ ပရိသတ်ရယ်။

အစမှာ ဒီလိုကံကောင်းခြင်းမျိုးကို ကျွန်တော်ကလွဲပြီး ဘယ်သူမှ မရနိုင်ဘူးဆိုတာ လောင်းမယ်ဗျာ။ စိတ်ကူးယဉ်ဇာတ်လမ်းတွေထဲမှာတော့ ရချင်ရမပေါ့။ ဒီလို တကယ့်အဖြစ်ကြီးမှာ အဝေးကြီး။ ပရိသတ် ကိုယ်တိုင်ဗျာ. . ဒါမှမဟုတ် ပရိသတ်ရဲ့ပတ်ဝန်းကျင်မှာ စုံစမ်းကြည့်စမ်းပါ။

ပြန်တွက်ကြည့်ရင် နေရီရီလို အဂ္ဂတ်စား (အလျှံစား၊ အမိုက်စား ဆိုတာတွေ ရိုးလွန်းလို့)လေးနဲ့ တစ်နာရီကျော်ကျော်ကြာတဲ့ အချိန်ကလေးအတွင်း ရုတ်တရက်. . ဆုံ၊ မမျှော်လင့်ဘဲ. . ရင်းနှီး၊ ကိုယ့်အိမ်မှာ ကော်ဖီတစ်ခွက်နဲ့ ဧည့်ခံခွင့် ရတဲ့အထိ ကံကောင်းတဲ့ဖြစ်ရပ်မျိုး. . ယောကျ်ားတစ်ရာမှာ တစ်ယောက်ဗျာ၊ တစ်ထောင်





တစ်ယောက်ဗျာ၊ တစ်. . တစ်. . အဲ. . . နည်းနည်းအရေးအတွက်များရင် ဖြစ်နိုင်တာ ပေါ်ချင်ပေါ်လာမှာဆိုတော့ တစ်ထောင်တစ်ယောက်နဲ့ပဲရပ်ပြီး ကြွားတာ ကောင်းမယ်ထင်တယ်။

အဟဲဟဲ. . . အဲ့သလိုပါ။ ကျွန်တော် ဘယ်လောက်ပျော်နေမလဲဆိုတာ ပရိသတ် ခံစားလို့ရမှာပါ။ ကဲ. . . ကြည့်လိုက်ပါဦး။

"ဘယ်လိုကြိုက်သလဲတော့ မသိဘူး၊ ဆိုင်မှာတုန်းက လက်ဖက်ရည် ပေါ့ဆိမ့်လေး မှာသောက်တာ ကြားမိလို့ ကော်ဖီကို ခါးဆိမ့်လေး ဖျော်လာခဲ့တယ်"

"ဟင်. . . ဘာမှလည်း မဆိုင်ပါလား"

"နေရီရီလို အသားအရေလှတဲ့ ကိုရီးယား မင်းသမီးတွေတော့ ဒီလိုပဲ သောက်တတ်ကြလို့ပါ"

"အဟင်းဟင်းဟင်း. . . ကိုငရဲကတော့ တကယ်ပါပဲ"

ကျွန်တော် တွန့်ခနဲဖြစ်သွားပေမယ့် ကျေနပ်တယ်။ ငရဲမကလို့ ပြိတ္တာ၊ အသူရကာယ်ပဲဖြစ်ဖြစ်ဗျာ၊ ဖူးဖူးရွရွ နှုတ်ခမ်းဖျားလေးပေါ်က ပွင့်အန်ကျလာတဲ့ ကျွန်တော့်နာမည်ဆိုတာ သိရရင်ပဲ အတော်ပြည့်စုံနေတယ်။

"မကြိုက်ရင် အသစ်ဖျော်ပေးမယ်လေ"

"ဟင့်အင်း. . . ဒါ ကျွန်မအကြိုက်ဆုံး အရသာပဲ၊ မိုးရွာတဲ့ရက်တွေမှာ ကျွန်မ ကော်ဖီခါးဆိမ့်လေးကို အရသာခံရတာ သဘောကျတတ်လေ"

စိတ်ထဲမှာတော့. . . ငါကွပေါ့။ တစ်လျှောက်လုံး အမှတ်ပြည့်တွေချည်းပဲ မဟုတ်လား။ တအားကို ပျော်မိတာပါ။ အဲဒီအချိန်မှာလဲ သူမ မျက်ဝန်းလှလှတွေ ကျွန်တော့် အိပ်ခန်းအနှံ့အပြားဆီ



www.burmeseclassic.com

www.burmeseclassic.com



ဝေ့ဝိုက်လျှောက်သွားပြီး. . .

"ကိုင်ရဲ့ဆရာကကယ်ပဲ တစ်ယောက်ထဲသမားကိုး၊ မိဘတွေ

"နယ်မြို့မှာပဲ. . . ဆုံးပါးကုန်ကြပါပြီ"

"မြော်. . . ဒါဆို တစ်ယောက်တည်းသမားချင်း တူနေပြီပေါ့"

"ဟင်. . နေရီရီ မိဘတွေလဲ. . ."

"ဟင့်အင်း. . . ဖေဖေရော မေမေပါ ရှိပါတယ်၊ ဒါပေမယ့် မြည်ပမှာလေ၊ ဟိုမှာ မမ အိမ်ထောင်ကျနေတော့ သွားလိုက်လာလိုက်ပေါ့။ မနက်ဖြန် ပြန်လာမယ်လေ၊ လေဆိပ်သွားကြိုရင် လိုက်ခဲ့ပါလား"

"အာ. . . ဘယ်ကောင်းပါ့မလဲ နေရီရီရယ်၊ တော်ကြာ မိဘတွေက နေရီရီကို တစ်မျိုးထင်ကုန်မှာပေါ့"

"ရတယ်. . ကျွန်မမိဘတွေ ခေတ်အမြင်ရှိတယ်၊ သူငယ်ချင်းဆို ရပြီ"

ကျွန်တော် အူတွေအသည်းတွေ တုန်လာအောင် ပျော်ပြီး ခေါင်းညိတ်လိုက်တယ်။

"အိုကေ. . . မနက်ဖြန်ဆယ်နာရီလောက် လာခေါ်မယ်လေ"

"ဒါဆို စောင့်မယ်လေ"

"ကဲ. . . ကျေးဇူးတင်တယ်. . . ပြန်တော့မယ်"

ကျွန်တော် မြေညီထပ်ရှေ့ဆီ လိုက်ပို့ပေးလိုက်တယ်။ ကားပြန်လှည့်ပြီး အပြုံးလေးနဲ့ လက်ပြသွားတဲ့မြင်ကွင်းကို နှမျောတသ





စွာပဲ ရပ်ကြည့်မြင်ယောင်ရင်း လမ်းမပေါ် ဂွမ်းနှစ်ပတ်လောက် လှိမ့်ပစ်လိုက်ချင်ပါတော့တယ်။ (ရှက်တတ်တဲ့စိတ်ကြောင့်ပေါ့. . . မဟုတ်လို့ကတော့. . . ဟင်း)




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(လေး)

မနက်မိုးလင်းပါပြီဆိုကတည်းက တစ်ယောက်ထဲ ဗျာသာခတ်ကာ ပြင်ဆင်ရင်း ချာချာလည်နေသော ကျွန်တော့်အဖြစ်က ရယ်စရာတော့ ဖြစ်နေမှာပါပဲ။ ကျွန်တော်ကိုယ်တိုင်တော့ ရယ်ဖို့နေနေသာသာ ခုမှ ရှူးတောင်ရှူးချင်လာပါတယ်။

"ဟဲလို. . . အင်း. . . ပြော"

" . . . . . . . . . . . . . . . . . . . . . . . . . . "

"ဟာ. . . ကိုဝင်းရိုကလည်းဗျာ၊ နေ့တစ်ဝက်ပဲဦးအား ကြည့်လုပ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



“. . . . . . . . . . . . . . . . . . . . . . . . .”

“ကျွန်တော်ကိုယ်တိုင် လာလို့ မမီလို့ပေါ့ဗျ. . . ခင်ဗျားက လည်း. . .”

“. . . . . . . . . . . . . . . . . . . . . . . . . .”

“အဲဒါက ကိုတင်ရှိန်ဆီမှာ အစည်းအဝေး ပြီးကတည်းက အဲ့ဒါ ကျွန်တော်စီစဉ်ပြီးသား၊ နည်းပညာအသစ်ကိစ္စ,က ဒါရိုက်တာအဖွဲ့ မဆုံးဖြတ်ရသေးလို့ ဒီအတိုင်း ခဏမေ့ထားတာ”

“. . . . . . . . . . . . . . . . . . . . . .”

“သိတယ်. . . သိတယ်. . . ဒါပဲနော်”

ကျွန်တော် ဖုန်းပိတ်ပြီး နာရီကြည့်လိုက်တော့ (၉)နာရီခွဲတော့မည်။ ဌာနမှူး ရုံးတက်ချိန်ကို စောင့်ပြီး ဖုန်းဆက်ရဦးမည်၊ ဌာနမှူးက ဘာတွေ ဆီမန်း,မန်းဦးမည်တော့ မသိ. . ။ ကိုဝင်းရီဆီနေ့ဝက်စာ အလုပ်ဝတ္တရားလေး လွှဲရတာပင် မလွယ်။ ဒါလည်း. . ကိုဝင်းရီ မကူညီချင်တာ မဟုတ်ပါ။ လူနဲ့အလုပ်က မမျှတနိုင်အောင် များနေခဲ့တာပါ။

ကုမ္ပဏီမှာ ကျွန်တော်တို့ နည်းပညာဌာနလောက် အလုပ်ရှုပ်တာ ရှိမယ်မထင်တော့ပါဘူး။ လူကြီးတွေကလည်း သတိထားမိနေတာ ကြာပါပြီ။ ဒါပေမယ့် ဝန်ထမ်းအင်အားဖြည့်ဖို့ အကြောင်းအမျိုးမျိုးလေးတွေ ရှိနေသေးလို့ ဒီအတိုင်း ခဏမေ့ထားရင်း ကျွန်တော်တို့လည်း ကွေးနေအောင် ခံနေရတာပါ။

“ဟဲလို”

“. . . . . . . . . . . . . . . .”

“ဟုတ်. . . ဌာနမှူး၊ ကျွန်တော် ရဲထွဋ်ပါ၊ ဒီမနက် အရေး





ကြီး ကိုယ်ရေးကိုယ်တာကိစ္စလေး ရှိနေလို့ နေ့ဝက်ခွင့်လေး. . .”

“. . . . . . . . . . . . . . . . . . . .”

“ဟာ. . . ဆရာရယ်၊ တစ်ခါလောက်ပဲ ကျေးဇူးပြုပြီး ခွင့်ပေးပါ၊ အသက်နဲ့ရော ဘဝနဲ့ပါ အရေးကြီးလို့ပါ”

“. . . . . . . . . . . . . . . . . . . . . .”

“ခင်ဗျာ. . ဘယ်. . ဘယ်သူမှ လိုက်မသတ်ပါဘူး ခင်ဗျာ”

“. . . . . . . . . . . . . . . . . . . . .”

“မလုပ်ပါနဲ့ ဆရာရယ်၊ ညပိုင်း အိုတီ ဆက်ဆင်းပါ့မယ်နော် ဆရာ”

“. . . . . . . . . . . . . . . . . . . .”

“ဟုတ်ကဲ့. . . လွှဲပြီးပါပြီ၊ ကျေးဇူးပဲ ဆရာ”

ရုံးကိစ္စ ပြီးသွားပြီမို့လို့ ကျွန်တော် သက်မမောကြီးချပြီး နာရီကြည့်လိုက်တယ်။

ရင်ခုန်သလို ခုန်နေတဲ့ စက္ကန့်တံအောက်မှာ ဆယ်နာရီထိုးတော့မယ်ဆိုတာ ပြနေလို့ ကျွန်တော် အပေါ်အကျႌ ကောက်စွပ်ပြီး ဝရံတာဖက် ထွက်မျှော်ဖို့ ပြင်လိုက်တယ်။ ဒါပေမယ့် ဝရံတာကိုကြောက်နေတဲ့ ကျွန်တော့်ခြေလှမ်းတွေက တုန့်ဆွဲထားတဲ့အတွက် မြေညီထပ်ကပ် ဆင်းစောင့်ဖို့ ဆုံးဖြတ်ပြီး လေသာဆောင်တံခါးကို ပိတ်လိုက်ပါတော့တယ်။

မနက်(၁၀)နာရီဆိုတာ ဒီဇင်ဘာလလို နှင်းဆွတ်ရာသီအတွက် ရေနွေးနဲ့ရေအေး စပ်ပြီး ရေချိုးရသလို သမ,မျှတတဲ့ ခံစားမှုတစ်မျိုး သေချာပေါက် ပေးနိုင်တဲ့အချိန်ကလေးပါ။ အခုကတော့ အဲသလိုမဟုတ်ဘဲ အုံ့ခဲနေတဲ့ မိုးသားတိမ်လိပ်နဲ့. . လေတစ်စက်မှ

www.burmeseclassic.com



မတိုက်ဘဲ အိုက်လှောင်လှောင်ကြီးကို ဖြစ်နေပါတယ်။

ကျွန်တော် မြေညီထပ် လှေခါးရင်းမှာ ထိုင်လိုက် ထလိုက်၊ လမ်းထိပ်ဖက်ကို မျှော်ကြည့်လိုက်နဲ့ ဂဏှာမငြိမ် သာစိန် ဖြစ်နေတာ တစ်နာရီကျော်ကျော် ကြာသွားပါပြီ။ မနေ့က ဆယ်နာရီ လာခေါ်မယ်လို့ မှာသွားပြီးမှ လေယာဉ်ဆိုက်ရောက်ချိန်ပဲ မှားလို့လား။

မှားရင် ဖုန်းဆက်ရမှာပေါ့။ ဟာ. . . ငါ မနေ့က ဖုန်းနံပါတ်မှ မပေးလိုက်ဘဲနဲ့. . ။(တောက်. . . ငါ့နှယ်ကွာ)

ဩော်. . သူ့လိပ်စာ ကဒ်၊ (ဟာ). . . ကျွန်တော် ကိုယ့်နဖူးကိုယ်ရိုက်ပြီး လှေခါးရင်းမှာ ဖင်ထိုင်ကျသွားတဲ့အထိ အားအင်တွေကုန်ခန်းလုလု ဖြစ်သွားတယ်။

ဘာကြောင့်လဲဆိုတော့ မနေ့က သူမ,ပေးတဲ့ လိပ်စာကဒ်ကို ရေစိုမှာစိုးလို့ ကားဒက်ဘုတ်ပေါ် ခဏတင်ထားရင်း မေ့ကျန်ခဲ့တာပါ. .၊ ပြီးပြီပေါ့. . ဖုန်းစောင့်လို့လည်း မရ၊ ဖုန်းဆက်လို့လည်း မရ၊ အချိန်ကလည်း လွဲ၊ ကျွန်တော် တစ်မနက်ခင်းလုံး ရင်ခုန်ခဲ့သမျှခုတော့ ရင်တုန်လာပါတယ်။

ဒီအဖြစ်ကြီးကို ထိပေါက်ပြီးမှ ထိလက်မှတ် ပျောက်တယ်လို့ပြောရင် အရမ်းကို ရိုးပါတယ်။ လေထီးခုန်ဆင်းခဲ့ပြီးမှ လေထီးမဖွင့်တတ်လို့ ဇောက်ထိုးပြုတ်ကျနေတာပါ။ အဲဒီအခိုက်မှာပဲ မနေ့က သူမ,ပြောခဲ့တဲ့ စကားတစ်ခွန်းကို အမှတ်ရလိုက်မိတယ်။

(၂၂)လမ်းမှာ ကွန်ပျူတာအရောင်းဆိုင်။

ကျွန်တော် ဝုန်းခနဲ ခုန်ထ ပြေးထွက်လာပြီး တွေ့တဲ့တက္ကစီငှားစီးပြီး (၂၂)လမ်းကို မောင်းခိုင်းရပါတော့တယ်။

"အပေါ်လား. . အလယ်လား. . အောက်လား"





"ဘယ်,ဘလောက်မှန်းတော့ မသိဘူးဗျ. . . ရှာကြည့်ရမှာပဲ"

မိနစ်နှစ်ဆယ်လောက် ကြာမြင့်တဲ့အချိန်မှာတော့. . ကျွန်တော် (၂၂)လမ်းကို ရောက်လာပါတယ်။ လောလောဆယ် ကားယာဉ်ကြောသင့်တဲ့ အလယ်ဘလောက်မှာပဲရပ်ခိုင်းပြီး လမ်းလျှောက်ရှာကြည့်လာခဲ့တယ်။ မတွေ့ရင် အောက်ဘလောက်၊ အဲ့ဒါမှ မတွေ့ရင် ဟိုးအပေါ်ဘလောက် ပြန်တက်မယ်။ ဒီနေ့ တွေ့ကိုတွေ့ရမှဖြစ်မယ်မဟုတ်လား။

ဆိုင်တွေ့ရင် သူမကို တွေ့ချင်မှတွေ့မှာပါ။ ဒါပေမယ့် ဖုန်းဆက်သွယ်နိုင်တဲ့ အခြေအနေတော့ သေချာပေါက်ပါပဲ။

ကျွန်တော် ကံကောင်းပါတယ်။ အလယ်ဘလောက်ရဲ့ အလယ်လောက်မှာလဲ နေရီရီဆိုတဲ့အမည်နဲ့ ဆိုင်းဘုတ်ကို တွေ့လိုက်ရလို့ ထခုန်မတတ် ဝမ်းသာသွားပြီး ဆိုင်ထဲ အပြေးအလွှား ဝင်လိုက်တယ်။

"ဘာများ လိုအပ်ပါသလဲရှင်"

အရောင်းဝန်ထမ်းကောင်မလေးရဲ့ ဖော်ရွေမှုက အားကိုးစရာပါပဲ။

"တစ်ဆိတ်လောက် ကူညီပါလား"

"ဟုတ်ကဲ့. . . ပြောပါရှင်"

"ဒီဆိုင်ရဲ့ပိုင်ရှင် နေရီရီကို သိပါတယ်နော်"

"ဩော်. . . သိတာပေါ့၊ ကျွန်မတို့ဘော့စ်ပဲဟာ"

"အစ်ကိုက သူ့သူငယ်ချင်းပါ၊ သူနဲ့ တွေ့ချင်လို့ပါ"

"ဟုတ်. . . ဟိုက အခန်းထဲမှာ ရှိပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . သူ ဒီနေ့ လေဆိပ်မသွားဘူးလား"

"မသိဘူးရှင့်. . . အဲ့ဒီမှာပဲ မေးကြည့်လိုက်ပါ"

"ကောင်းပါပြီ. . ."

ကျွန်တော်လှမ်းကြည့်လိုက်တော့ အဲကွန်းတပ်ထားတဲ့ မှန်လုံခန်းထဲမှာ အန်ကယ်ကြီးတစ်ယောက်နဲ့ ရယ်ကာမောကာ စကားပြောနေတဲ့ သူမကို တွေ့လိုက်ရပါတယ်။ ဘာဖြစ်ဖြစ် တွေ့ချင်တာတွေ့ရပြီဖြစ်လို့ ပျော်ပြီး အခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်တယ်။

"နေရီရီ. . ."

ကျွန်တော့်အထင်. . ဟယ်. . ကိုငရဲ. . ဘာညာဆိုပြီး ဝမ်းသာအားရ ခရီးဦးကြိုပြုလိမ့်မယ်လို့ ထင်တာပါ။ တကယ့်အခြေအနေကတော့ ဘယ်တုန်းကမှ မသိဖူး မမြင်ဖူးတဲ့ သူတစ်ယောက်က သူမနာမည်ကိုခေါ်ပြီး ဝင်လာလို့ အံ့အားသင့်နေပုံမျိုးပါ။

အဲ့ဒီအခါမှာ အန်ကယ်ကြီးက. . .

"ဘာကိစ္စလဲ မောင်ရင်"

"ခင်ဗျာ. . ဪ. . ကျွန်တော်က နေရီရီရဲ့သူငယ်ချင်းပါ၊ ဒီနေ့ လေဆိပ်မှာ ဧည့်ကြိုသွားမယ်ဆိုလို့. . ."

"ဟင်. . . သမီးမသိဘူး လေးလေးချို၊ ကြိုရမှာက မနက်ဖြန်မှပါ၊ ဒါ. . ဒါပေမယ့် သူ့ကိုလည်း မပြောမိပါဘူး၊ သူငယ်ချင်းလည်း မဟုတ်ဘူး. ."

"ငါသိပြီ. . ရပြီ. ."

"ဟာ. . . နေရီရီ၊ မနေ့က ကျွန်တော်တို့ ကော်ဖီသောက်ရင်း"

"လာ. . လာ. . မောင်ရင်. . အပြင်ထွက်ကြမယ်"





"ခဏလေးပါ အန်ကယ်၊ ကျွန်တော် သူနဲ့. . ."

"ကောင်းကောင်းခေါ်ရင် လာကွာ"

ပြောပြောဆိုဆို လေးလေးချိုဆိုတဲ့ ပုဂ္ဂိုလ်ကြီးက သူ့ရဲ့ အားနိုးဗလကြီးနဲ့ ကျွန်တော့်ကို ခပ်သာသာပဲ ဆွဲထုတ်လာခဲ့ပါတယ်။ ဆိုင်ထဲက ကောင်မလေးတွေအမြင်မှာတော့ ကျွန်တော် ဘာကောင်ဖြစ်မယ်ဆိုတာ တွေးကြမှာပါ. .။ အကောင် ကောင်းကောင်းထဲက မဟုတ်နိုင်လို့ ရှက်စရာကောင်းပါတယ်။ ဆိုင်အပြင်ဖက်ရောက်မှ ပုဂ္ဂိုလ်ကြီးက. . .

"မင်း မနေ့က ငါ့တူမကို ဘာနဲ့ဧည့်ခံလိုက်သလဲ"

"ကော်. . ကော်ဖီနဲ့ပါ"

"ကောင်းပြီ. . လာ. . ဟိုးကဆိုင်မှာ ငါက ကော်ဖီနဲ့ ပြန်ဧည့်ခံပေးမယ်"

အဲ့ဒီအပြင် ရွေးစရာလမ်းမရှိတဲ့ ကျွန်တော့်အဖို့ အားနိုးကြီးဘေးကနေ လွယ်အိတ်တစ်လုံးလို လိုက်ပါလာခဲ့ရပါတော့တယ်။

ဆိုင်ထဲရောက်တော့ ဦးအားနိုးကြီးကပဲ ကော်ဖီနှစ်ခွက် မှာပေးပြီး. . .

"အခု မင်းကို ကော်ဖီတိုက်ပြီးပြီဆိုရင် ငါ့တူမဆီက ရစရာမကျန်တော့ဘူးလို့ ငါထင်တယ်၊ အဲ့ဒီတော့ ခုချိန်ကစပြီး အနှောင့်အယှက်မပေးနဲ့တော့. . . ဟုတ်ပြီလား"

"ဗျာ. . . ကျွန်တော် မနှောင့်ယှက်ပါဘူးဗျာ၊ ကျွန်တော်လည်း ဘွဲ့ရလူပျို. . မိကောင်းဖခင်သားသမီးပါ"

"မင်းမပြောလည်း ငါခန့်မှန်းတတ်ပါတယ်၊ ဒါပေမယ့်လည်း ဒီလောက်နဲ့ ရပ်လိုက်ပါ၊ မဟုတ်ရင် မင်းရှေ့က ကောင်တွေလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကကက္ကန္ဒြေပျက်မှုနဲ့ အဖမ်းခံရမှာပဲ"

"ခင်ဗျာ. . ဟာ. . မဖြစ်နိုင်တာဗျာ၊ မနေ့က မိုးလေထဲ သူ ကားပျက်လို့ ကျွန်တော်ပဲ ကူညီခဲ့တာ၊ အိမ်မှာတောင် ကော်ဖီနဲ့ ဧည့်ခံလိုက်သေးတယ်၊ ကျွန်တော့်အလုပ်အကိုင်၊ နေတဲ့အိမ်၊ ကျွန်တော့်နာမည်၊ သူ အကုန်သိတယ်၊ မယုံရင် မေးကြည့်ပါ"

"ဟုတ်တယ်. . . မနေ့ကတော့ သိတယ်၊ ဒီနေ့ မသိတော့ဘူးကွ"

"ဟမ်. . ."

ကော်ဖီလာချပေးလို့ ပုဂ္ဂိုလ်ကြီးက သူ့ဖက် ကော်ဖီပန်းကန်လေး တွန်းရွှေ့ပေးပြီး. . .

"မင်းကတော့ လူရိုးလူအေးပုံပေါက်လို့ သနားပြီး ပြောပြလိုက်မယ်၊ ငါ့တူမက အားအက်ဆီးဒင့်ဖြစ်ပြီး ဦးခေါင်းဒဏ်ရာနဲ့ မှတ်ဉာဏ်ပျောက်ဆုံးနေတဲ့ကလေးပဲကွ"

"ဟာ. . ."

"သူ့ရဲ့မှတ်တမ်းက တစ်ရက်စာပဲ ခံတယ်၊ ဒီနေ့ဖြစ်ပျက်တာပဲ သိတယ်၊ နောက်တစ်နေ့ မမေးနဲ့တော့. . ဘာမှမသိတော့ဘူး၊ ကံဆိုးတဲ့ကလေးပါကွာ၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ. . . ငါ့အစ်ကို လင်မယား ပြန်လာမယ့်နေ့ကို သူကိုယ်တိုင် လေဆိပ်ကို သွားကြိုတယ်၊ လေယာဉ်ကလည်း ပျက်ကျလို့ ငါ့အစ်ကို လင်မယားနှစ်ယောက်စလုံး ဆုံးသွားတယ်၊ သူကလည်း သွားကြိုရင်း ကားတိုက်မှုဖြစ်ပြီး ခုလိုဖြစ်သွားတယ်၊

တစ်ခု ကံကောင်းတာက. . အဲ့ဒီအက်ဆီးဒင့် မဖြစ်ခင်နောက်ပိုင်းကာလအားလုံး သူမှတ်မိတယ်၊ ရှေ့ကို ဘာမှမမှတ်မိ





တော့ဘူး၊ အဲ့ဒါကြောင့် သူ့ရဲ့တစ်နေ့တာ အစီအစဉ်ထဲမှာ မနက်ဖြန် သူ့မိဘတွေ ပြန်လာမယ်၊ (၁၀)နာရီမှာ လေဆိပ်သွားကြိုရမယ်ဆိုတာ အမြဲပြောနေတာပေါ့ကွာ"

ကျွန်တော် အသက်ရှူဖို့တောင် စိတ်မပါတော့လောက်အောင် ဖြစ်သွားပါတယ်။

နေရီရီနဲ့ ပတ်သက်ပြီး ဘာမှ မျှော်လင့်စရာ မကျန်တော့ဘူး မဟုတ်လား။ သူ့ဦးလေး ဦးအာနိုးကြီးတိုက်တဲ့ ကော်ဖီတောင် သောက်ချင်စိတ် မရှိတော့တဲ့အတွက် ပြန်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဒါပေမယ့် ပြောတော့ပြောရမယ်. . .

"ကျွန်တော်ကို ခွင့်ပြုပါ၊ ဘယ်လိုပဲဖြစ်ဖြစ် နေရီရီကို မြင်မြင်ချင်းပဲ ကျွန်တော် ခင်မင်. . စွဲမက်မိပါတယ်"

"ဟေ. . . ခင်တယ်ဆို ရပြီလေကွာ"

"အဲ့သလောက်နဲ့ မပြည့်စုံလို့ပါ၊ အချိန်တိုတိုလေးအတွင်းမှာလို့ ဆိုနိုင်ပေမယ့် ကျွန်တော့်စိတ်ထဲမှာတော့ နက်နက်ရှိုင်းရှိုင်း ရင်းနှီးမိတာပါပဲ၊ အဲ့ဒါကြောင့်. . နောက်နောင် ဆုံမိခဲ့ရင်လည်း ခုတစ်ခေါက်လိုပဲ ရိုးသားစွာ စောင့်ရှောက်ကူညီခွင့်ပေးပါလို့ တောင်းဆိုပါရစေ"

ဦးအာနိုးကြီး မျက်မှောင်တွန့်ချပြီး စဉ်းစားတယ်၊ ပြီးမှ မျက်ခုံးတွေ ဆတ်ခနဲ ပြန်ဖြန့်ကြည့်ပြီး. . .

"ဟုတ်ပြီ. . . ငါလက်ခံတယ်၊ ဒီကလေးမအတွက် စောင့်ရှောက်ဖို့ လိုတာအမှန်ပဲကွ၊ ငါကလည်း ဆိုင်တစ်ဖက်နဲ့ဆိုတော့ အလုံးစုံ မကြည့်ရှုနိုင်ဘူး၊ မနေ့က မင်းကူညီခဲ့တာကိုလည်း အသိအမှတ်ပြုပါတယ်၊ ကျေးဇူးလည်းတင်တယ်၊ နောက်နောင် ကြုံကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှင်လည်း စောင့်ရှောက်ပေးပါကွာနော”

“ဟုတ်ကဲ့ပါ. . . ကျွန်တော် ရုံးပြန်တက်ရဦးမှာမို့လို့ ခွင့်ပြုပါဦး”

“ကောင်းပြီ. . ဪ. . ကြုံမှ စောင့်ရှောက်ခိုင်းတာနော်”

“ဟုတ်. . ခင်ဗျ. . ကျွန်တော်ထင်တယ်လေ၊ ခဏခဏကြုံမှာပါ. . ”

“ဘာ. . . ”

ကျွန်တော် ခပ်သုတ်သုတ်ပဲ ထွက်လာခဲ့ပါတယ်။

ဘာပဲဖြစ်ဖြစ် လေးလေးချိုဆိုတဲ့ အာနိုးဗလကြီးကိုတော့ ကျွန်တော် သတိထားရပါတယ်၊ ကျွန်တော့်ရဲ့သဘောထား အမှန်ကိုလည်း ပြောပြပြီးပြီဆိုတော့. . .။





www.burmeseclassic.com







# အခန်း(ငါး)

"ဟား. . ဟား. . ဟား. . ဟား. . မင်းနှယ်ကွာ၊ ဒါမျိုးကျတော့ မင်းမျက်လုံးက မမြင်တော့ပါလား"

"အင်းဗျာ. . . ဘယ်လိုမှကို မထင်မိတာ၊ သေချာတာတော့ အရမ်းလှတဲ့ မျက်ဝန်းပိုင်ရှင်ပဲ၊ ကျွန်တော် အဲ့ဒီတစ်ချက်တည်းနဲ့တင် အားလုံးမေ့သွားတာ"

ကျွန်တော့်အဖြစ်ကို ပြန်ပြောပြလို့ ကိုဝင်းရီတို့ ပတ်ဘုတ် မရအောင် ရယ်ကြရင်း ကျွန်တော့်ကိုလည်း ငတုံးတစ်ကောင်လို ဝိုင်းကြည့်ကြတယ်။ ကြည့်လဲကြည့်ပစေဗျာ. . ကျွန်တော်ကတော့



www.burmeseclassic.com

www.burmeseclassic.com



နေရီရီနဲ့ ပတ်သက်ပြီး ရှုံးထွက်ပွဲမှာ ဘဲဥမကွဲခဲ့တာတောင် တန်တယ် ထင်တုန်းပါပဲ။ အဲဒီအချိန်မှာ မနေ့က များသွားတဲ့အရှိန်နဲ့ ငြိမ်ပြီး ကောင်းနေသေးတဲ့ ကိုစိုင်းက. . .

"နေဦး ငရဲ မင်း အခွေကြည့်ပြီး စိတ်ကူးယဉ်နေတာလား"

"ဟာ. . . မဟုတ်တာဗျာ၊ တကယ့်အစစ်ကြီးကို ခံစားနေရတာဗျ၊ မနေ့က နေ့ဝက်ခွင့်ယူတာ အဲ့ဒီကိစ္စပဲ"

"မဟုတ်ဘူး. . မင်း အခုပြောပြနေတဲ့အကြောင်းက ငါ ကြည့်ဖူးတဲ့ ဇာတ်ကားတစ်ကားနဲ့ တူနေတယ်"

"ဟာ. . . အဲ့ဒါ တိုက်ဆိုင်တာပဲ ဖြစ်နိုင်လိမ့်မယ်"

"အေးပါ. . . ငါကလည်း မဖြစ်နိုင်ဘူးလို့ မပြောပါဘူး၊ ဒါပေမယ့် အဲ့ဒီကားက (၂၀၀၄)ခုနှစ်လောက်က တကယ်ပေါက်ခဲ့တဲ့ ကားပဲ၊ 50 FIRST DATES ကွာ၊ ဇာတ်ကားနာမည် ခုထက်ထိ မှတ်မိနေသေးတယ်"

"အဲ့. . အဲ့ဒီအခွေ ရှိနိုင်သေးလား"

"ငါ့အိမ်မှာကို ရှိနေသေးတယ်၊ အော်. . . အခွေတော့ မဟုတ်ဘူးကွ၊ ဟိုတစ်ရက်ကမှ ငါ့ညီ စိုင်းမောင် ဆယ့်နှစ်ကားတွဲ DVD ခွေ ဝယ်လာလို့ အဲ့ဒီထဲမှာပါလာတာ၊ မနက်ဖြန် ငါယူလာပေးမယ်"

ကိုစိုင်းစကားက ကျွန်တော့်ကို အံ့အားသင့်စေပေမယ့် နားထောင်နေတဲ့စာရေးအဖွဲ့ကိုတော့ သဲသဲယပွားစေပါတယ်။ ငရဲတစ်ကောင် ဖွန်ကြောတင်းပြီး စိတ်ကူးယဉ်နေပြီပေါ့။ အခွေကြည့်ပြီး ပုံတူထုတ်နေပြီပေါ့။

မတတ်နိုင်ဘူးဗျာ. . . ကျွန်တော် တကယ်ဖြစ်ခဲ့တယ်ဆို



တာ ပရိသတ်လည်း အသိပါ။ ဒါ. . 'အင်'မဟုတ်ဘူးဆိုတာ အသိသာကြီးပဲ။ အဲဒီလိုနဲ့ပဲ ကျွန်တော်တို့စကားဝိုင်း အဆုံးသတ်ပြီး ရုံးပေါ် ပြန်တက်သွားကြတယ်။

ကျွန်တော်တို့ ပြန်ရောက်သွားချိန်. . ဌာနထဲမှာ အရမ်းကောင်းတဲ့ ရိုးမန့်ဒရန်မာဇာတ်တွေ ဖြစ်နေတယ်ဆိုတာ အပျိုကြီး မမရဲ့ လွမ်းချင်းမျက်ရည်ကြောင့် ကျွန်တော်တို့ သတိထားမိလိုက်ပါတော့တယ်။ ဘယ်လိုလဲ. . . ဘာဖြစ်တာလဲလို့ ဒဲ့မေးလို့ မကောင်းတော့ ဒီလိုပဲ ကျီးကြည့်ကြောင်ကြည့်နဲ့ ခေါင်းချင်းဆိုင် တွတ်ထိုးနေတဲ့ စာရေးမတွေနား မယောင်မလည် ရောက်သွားတယ်။ ကျွန်တော့် စီနီယာ မဆွေက လေသံနဲ့. . .

"ဟဲ့. . . ငရဲ နင်သွားချော့လိုက်ပါလား"

"ဟာ. . . ဘာလို့ ချော့ရမှာလဲ"

"သနားပါတယ်ဟယ်. . . ဌာနမှူးက ခင်မိုးကြည်လေးနဲ့ မနေ့က ရုံးမှာလက်မှတ်ထိုးလိုက်ပြီတဲ့"

"နှစ်ဦးသဘောတူ. . ."

"အင်းလေ"

"ဟာ. . . ဒါဆို တို့မမ လွတ်သွားပြီပေါ့"

"သြော်. . . အဲ့ဒါကြောင့် သွားချော့လိုက်လို့ ပြောနေတာ"

"နေဦး. . . ချော့မယ့်သူ ရှိတယ်"

"ဘယ်သူလဲ"

"ကိုစိုင်း"

"ဟင်. . . ဦး. . ဦးစိုင်းက"

"ဟုတ်တယ် မဆွေ၊ သူ့ခမျာ အသည်းကွဲပါပြီဆိုပြီး ညနေ

www.burmeseclassic.com

www.burmeseclassic.com



တိုင်း လှိမ့်ပက်နေတာ၊ ဒီသတင်းသာကြားရင်. . .”

“အရက်ပြတ်ပြီပေါ့”

“ပျော်ပြီး အမူးကစ်မှာ”

စာရေးမတွေ နှာခေါင်းတွန့်ပြီး ကျန်ခဲ့မှ ကျွန်တော်လည်း ကိုစိုင်းစားပွဲဆီ ကူးလာတယ်။

“ကိုစိုင်း”

“ဘာလဲ”

“ခင်ဗျားတော့ ပွပြီဗျ”

“နှာခေါင်းလား”

“မဟုတ်ဘူး. . . မျက်နှာ၊ သောက်တာများတော့. . ဟား ဘာတွေလာပြောနေမှန်း မသိဘူး၊ သတင်းကောင်း. . သတင်းကောင်း”

“ဘာ. . . သတင်းကောင်းလဲ”

ကျွန်တော် တိုးတိုးလေး ပြောပြလိုက်တာကို ကိုစိုင်း အကျယ်ကြီး ထရယ်ပါတော့တယ်။

“ဟား. . ဟား. . ဟား. . ရွှေချဉ်ပေါင် တုံးကာမှ မယ်ဘုန်း ပြန်လာလို့ ရမလားကွ”

“မောင်ဘုန်း လုပ်စမ်းပါဗျာ”

“မရဘူးကွာ. . . မယ်ဘုန်းပဲ၊ ဒီမှာ ငရဲ. . မောင်စိုင်းဆိုတဲ့ လူက နဖူးသာ ပြောင်ချင်ပြောင်မယ်၊ ဘယ်တော့မှ မျက်နှာမပြောင် ဘူးကွ၊ လစာပြုတ်ချင်ပြုတ်ပစေ. . ဂေါင်ဆိုတဲ့အထည်မှ ဝတ်တာ ဘောထုပ်တော့ ဆောရီးကွာ”

ရုတ်တရက် ကိုစိုင်းစကားသံက အတော်ကျယ်ထွက်လာ





တာပါ။ ဒါပေမယ့် သူ့စကားရဲ့အဓိပ္ပါယ်ကို ဘယ်သူမှ နားမလည် လိုက်ပါဘူး။ နားလည်သလောက်ကတော့. . .

“ဟဲ့. . ငရဲ၊ နင်က ဘောထုပ်ထည်များ လပေး လိုက်ရောင်း နေရသလား. . အတော်ငတ်ချေးကျတဲ့ကောင်”

“ဟာဗျာ. . . အစ်မတို့ကလည်း”

“ဘာ. . အစ်မတို့ကလည်းလဲ၊ ကိုစိုင်းက ငါ့ဖောက်သည်ဟဲ့၊ ပြီးခဲ့တဲ့လက ဂျော်ဒန်းနိုးတစ်ထည် ယူထားတာတောင် မကျေချင် သေးဘူး၊ နင် ဖောက်သည်မလုနဲ့နော်”

ကိုစိုင်း နဖူးလေးပဲ ရွှေးကုတ်ပြီး. . .

“မင်း ဒိုးတော့၊ ကြာရင် စပိုဒါ လပေး ဝယ်တာပါ ပါလာ တော့မယ်. . . ချီးပဲ”

ကျွန်တော် အသာကိုယ်ရှိန်သတ်ပြီး ကိုယ့်စားပွဲ ကိုယ်ပြန် တပ်နေလိုက်ရတယ်။ ဩော်. . . ဒါကြောင့် ဌာနမှူး ဒီနေ့ ရုံးမတက် တာကိုး၊ သူ့အလုပ်ဝတ္တရားတွေ ဘယ်သူ့များ လွှဲထားခဲ့ပါလိမ့်. . ။

ကိုစိုင်း အခွေယူလာပေးလို့ ကျွန်တော်ကြည့်လိုက်တော့ အဟုတ်ပင် တိုက်ဆိုင်လွန်းပါတယ်။ မင်းသား မင်းသမီး ဇာတ် ကောင်စရိုက် အနည်းငယ် ကွဲပြားတာကလွဲလို့ ဇာတ်လမ်းဖြစ်ပုံ တူလွန်းတယ်ဗျ။ ဇာတ်လမ်းထဲမှာတော့ မင်းသမီးနှင့်မင်းသား ဇာတ် ပေါင်းသွားတယ်။

လက်ထပ်ပြီးတာတောင် မမှတ်မိလို့ အကြိမ်ကြိမ် ချစ်ရေးဆို နေရတဲ့အဖြစ်ကြီးဗျ။ သိပ်တော့ မနိုပ်လှပေမယ့် ရင်ခုန်စရာကြီး။ ဘာပဲဖြစ်ဖြစ် ဒါလေးကြည့်လိုက်တာ ကျွန်တော် တကယ်အားရှိသွား ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အတိတ်မမေ့ဘဲ ပစ္စုပ္ပန်မေ့နေတဲ့ ကောင်မလေးကို မင်းသားချဥ်းကပ်ပုံက အရမ်းကို ပါးနပ်လွန်းတာဗျ။ အဲ့ဒါ ပညာပဲလေ။

ဟဲဟဲဟဲ. . . ကျွန်တော်လည်း. . . ။



ဒီနေ့ကတော့ ရုံးပိတ်ရက်ပါ။ ရင်ထဲက ခံစားမှုလေးကလည်း. . ကောင်း၊ ရာသီဥတုကလည်း. . ကောင်း၊ လစာလေးကလည်း ထုတ်ထားတာ ပူပူနွေးနွေးလေးဆိုတော့ ခါတိုင်းလို ဘဏ်ထဲထည့်တန်သလောက်ထည့်၊ သုံးဖို့ ချန်သလောက် ချန်တာမျိုး မလုပ်တော့ဘဲ လစာငွေ အပြည့်ပါတဲ့ ပိုက်ဆံအိတ်လေး ခါးကြားထိုးပြီး ပိုးသာပန်းသာရှိအောင် (၂၂)လမ်းဖက် မယောင်မလည်လေး ခရီးထွက်ခဲ့ပါတယ်။

ကျွန်တော့်အစီအစဥ်က နေရီရီ ဆိုင်ကိုသွားမယ်၊ ကွန်ပျူတာနဲ့ ပတ်သက်ပြီး ဟိုမေးဒီမေးလေးလုပ်၊ မှန်လုံရုံးခန်းထဲမှာ ငြိမ်ငြိမ်းရှိနေမယ့် ရင်ခုန်သံလေးကို တစ်ပတ်စာအတွက် တစ်ခါကြည့်ပြီး ပြန်မယ်၊ ပိုက်ဆံကတော့ လိုအပ်ရင် သုံးလိုက်မယ်ပေါ့ဗျာ။

ဒါပေမယ့် ကျွန်တော် မျှော်လင့်စီစဥ်ထားတာ အားလုံးက

www.burmeseclassic.com



ထုံးစံအတိုင်း ကမောက်ကမတွေ ဖြစ်လာပါတယ်။ ကျွန်တော် ငှားစီးသွားတဲ့ကားက သိမ်ဖြူမီးပွိုင့်ကို မဖြတ်ခင် တင်းနစ်ကွင်းထဲက မြင်ကွင်းတစ်ချို့ကို မြင်လိုက်ရလို့ ရင်တွေ ဒိုင်းခနဲ ခုန်ထွက်ပြီး ကားဆရာကို ချက်ချင်းရပ်ခိုင်းပစ်လိုက်တယ်။

"(၂၂)လမ်းဆို"

"ဟုတ်တယ်. . . မသွားတော့ဘူး၊ ဒီမှာ ကားခ"

ကျွန်တော် ကားခအပြည့်ပေးပြီး ကပျာကသီ ထွက်လာခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ တင်းနစ်ကွင်းအစပ်မှာ ယောကျ်ားတစ်ယောက်ရဲ့လက်ထဲက ရုန်းထွက်နေတဲ့သူဟာ နေရီရီ ဖြစ်နေလို့ပါပဲ။ ကျွန်တော် အနီးနား လျှောက်သွားတဲ့အချိန်အထိ သူမ မလွတ်နိုင်သေးပါဘူး။

"မင်း ငါ့ကို အရူးလုပ်ချင်တာပေါ့ ဟုတ်လား၊ အဟုတ်ဟုတ် ဂျော်နီကို တော်ကီလေးနဲ့ ကစားပြီး ထားခဲ့လို့ မရဘူးဆိုတာ လက်တွေ့ပြရတာပေါ့ကွာ"

တင်းနစ်ဝတ်စုံဖြူဖြူလေးနဲ့ စကတ်တိုတိုက သူမအလှကို ရင်ဖိုပေါ်လွင်စေနိုင်လွန်းတာကြောင့်ပဲလား၊ ဂျော်နီလို့ ပြောလိုက်တဲ့ ခေါ်တောကောင်ကပဲ တကယ် မခံမရပ်နိုင် ဖြစ်နေတာလားဆိုတာ ကျွန်တော် မခွဲခြားချင်တော့ပါဘူး။

သူမ ရုန်းနေတဲ့ကြားက သူ့ကားဆီကို မလွတ်တမ်း ဆွဲခေါ်သွားနေတဲ့ အနီပုဂ္ဂိုလ်ရဲ့ခြေလှမ်းတွေကိုလည်း ဆက်မလှမ်းစေချင်တော့ပါဘူး။ အဲ့ဒါကြောင့် ကျွန်တော် အနီးနား ရောက်လာတဲ့အချိန်မှာ ဂျော်နီဆိုတဲ့လူရဲ့လက်မောင်းကို ခပ်မြဲမြဲ ဖမ်းဆုပ်ပြီး တံ့ထားလိုက်တယ်။





"ကာယကံရှင်ဖြေ ဖျက်ဆီးမှုနဲ့ အချုပ်ထဲ မဝင်ချင်ရင် လွှတ်ပေးလိုက်တော့ကွာ"

ပုဂ္ဂိုလ်က ကျွန်တော့်ထက် အရပ်မြင့်တော့ ကျွန်တော့်ကို နှာတိုပြီး ငုံ့ကြည့်တယ်။

"မင်းက ဘာလဲ"

"ငါ့ကို သူ့ဦးလေး လေးလေးချို လွှတ်လိုက်တာကွာ. . . မေးကြည့်"

ဂျော်နီကောင်ကြီး မေးခွင့်မရပါဘူး. .၊ ကြောင်အနေတဲ့ သူ့လက်ထဲကနေ သူမ ရုန်းထွက်ပြီး. . .

"လေးလေးချိုကော ပါလားဟင်"

"မပါဘူး. . . မင်းကိုစိတ်မချလို့ မင်းနောက် လိုက်ခိုင်းလိုက်တာ၊ သူက မင်းအသိလား"

"ဟင့်အင်း. . . ကျွန်မ မသိဘူး၊ အဲဒါကို သိတယ်ဆိုပြီး. . အဟင့်. . ဟင့်. . ဟင့်. . အင့်. . အင့်"

"ဘာကွ. . . ဟိုတစ်နေ့က မင်းနဲ့ ညနေစာတောင် အတူစားလာတာ၊ ရွှေဘဲမှာ စားထားတာ ငါ ကလော်ထုတ်ပြရမလား"

"ဒီမှာ. . . မင်းဘာသာ ရွှေဘဲမှာမက ရွှေကြက်မှာပဲ လိုက်ကျွေးကျွေး. . မင်းလွှတ်လိုက်ပါ၊ မလွှတ်ရင်တော့ သက်ဆိုင်ရာနဲ့ ဖြေရှင်းကွာ၊ လောလောဆယ် (၁၉၉)ကို အကြောင်းကြားလိုက်မယ်"

"ရပြီ. . . အခုတော့ လွှတ်ပေးလိုက်မယ်၊ ဒါပေမယ့် ရင်နာထားတယ်နော် မောင်ရင်၊ အဲ့ဒီအကြွေးတော့ ပြန်ပေးရလိမ့်မယ်"

"အိုကေလေ. . အဲဒီနေ့က မင်း သူ့အတွက် ဘယ်လောက်ကုန်ခဲ့သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နှစ်သောင်းကျော် ကျတယ်ကွ"

ကျွန်တော် နှစ်သောင်းခွဲ ရေတွက်ပြီး ပေးလိုက်တယ်။

"ဒါဆို မင်း သူ့ဆီမှာ ရစရာ မရှိတော့ဘူးလို့ ငါသတ်မှတ်လိုက်ပြီ၊ နောက်ထပ်အလိုမတူမှုတွေ ထပ်ဖြစ်လာရင်တော့ မင်းကို အပြင်မှာ မထားတော့ဘူး. . . ရှင်းတယ်နော်၊ ကဲ. . နေရီရီ. . အပြင်မှာ ငါ့ကားရပ်ထားတယ်"

ကျွန်တော် ခပ်တည်တည် ဟစ်ဟော့ပစ်လိုက်တော့ ကျော်နီ နည်းနည်းဖြုံပြီး နောက်ဆုတ်သွားပါတယ်။ နေရီရီက. . .

"ကျွန်မမှာ ကားပါတယ်"

"ဒါဆို မင်းကားနဲ့ပဲ အရင်သွားမယ်၊ အိမ်ကိုလား. . ဆိုင်ကိုလား. ."

"အိမ်ကို အရင်ပြန်မယ်၊ ဟို. . ရှင့်ကားက"

"ရတယ်. . . ဖုန်းဆက်ပြီး တပည့်တစ်ယောက်ကို လာယူခိုင်းလိုက်မယ်"

ကောင်မလေးတစ်ကယ့်ကို ကြောက်ရွံ့နေတာပါ။ သူ့ကားကို သူကိုယ်တိုင်မောင်းဖို့တောင် ယုံကြည်ချက် မရှိတော့လို့ ကျွန်တော်ပဲ မောင်းလာပေးလိုက်တယ်။

"မင်းအိမ်ကို တစ်ခါမှမရောက်ဖူးဘူးကွ. . . လမ်းပြပေးဦး"

"ဟုတ်"

အဲ့ဒီအချိန်မှာပဲ သူမ လက်ကိုင်ဖုန်းဆီ ဖုန်းဝင်လာပါတယ်။

"ဟဲလို. . . လေးချိုလား"

". . . . . . . . . . . . . . . . . . . . . ."

"အင်း. . . သမီး အခု ပြန်လာနေပြီ၊ ဒီမှာ ဒုက္ခတွေရောက်





နေတာ၊ တော်သေးတာပေါ့. . . လေးချို အချိန်မှီ လွှတ်လိုက်လို့ သမီးကို အတင်းဆွဲခေါ်နေတာ သိလား. . ."

". . . . . . . . . . . . . . . . . . . ."

"အခု ရပါပြီ၊ လေးချို လွှတ်လိုက်တဲ့သူက အိမ်ပြန်ခေါ်လာနေပြီ"

". . . . . . . . . . . . . . . . . . . ."

"ဟုတ်. . . ဒါပဲနော်"

သူမ ဖုန်းချလိုက်မှ. . .

"လေးလေးချိုက ဘာတဲ့လဲ"

"သူစိုးရိမ်နေတာတဲ့၊ ကျွန်မပြန်ရောက်မှ ဆိုင်သွားမယ်တဲ့၊ အခု စောင့်နေတယ်"

"အိမ်ကလား"

"အင်း. . ."

ကျွန်တော် ဘာမှမမေးတော့ဘဲ ကားကို ဂရုစိုက်မောင်းနေတုန်း သူမက ထပ်မေးတယ်။

"နေပါဦး. . . စောစောက ဟိုလူကို ဘာလို့ ပိုက်ဆံပေးရတာလဲ"

ကျွန်တော် ဘာပြောရမှန်းမသိဘူး ဖြစ်သွားတယ်. . ။

မင်းကြောင့် ကုန်ခဲ့တဲ့ပိုက်ဆံကို ပြန်အမ်းတာလို့ ပြောရင်လည်း ကိုယ်ပဲ အရှုံးဖြစ်မှာဆိုတော့. . .

"ဒီလိုလေ. . . သူက မင်းကို တခြားတစ်ယောက်နဲ့ မှားပြီး ဆွဲတာမဟုတ်လား၊ အဲ့ဒီမှားနေတဲ့တစ်ယောက်အတွက် သူကုန်ကျထားဖူးတာရှိတော့ မင်းကိုလည်း အဲ့ဒီတစ်ယောက်ပဲလို့ ထင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် နောက်တစ်ခါ ဒါမျိုးမနှောင့်ယှက်နိုင်အောင် အပြတ်ရှင်း ပေးလိုက်တယ်”

“ဘာတွေမှန်းလဲ မသိဘူး. . . ရှုပ်နေတာပဲ၊ ဒါပေမယ့် ရှင့်ကိုတော့ ကျေးဇူးတင်ပါတယ်၊ ရှင့်စတိုင်က အရမ်းမိုက်တယ်၊ မနတ်မြန် လေဆိပ်ကို သွားကြိုရင်တောင် ရှင့်ကိုပဲ အဖော်ခေါ်မှ ဖြစ်တော့မယ်ထင်တယ်”

လာပြန်ပြီ. . . လေဆိပ်။ သူမ အကြောင်းသိပြီးသားဖြစ်လို့ လေဆိပ်ကိစ္စ ရင်မခုန်တော့ပေမယ့် အဲ့ဒီနေ့က ဟပ်ထိခဲ့တာတော့ ရင်နာနာနဲ့ပဲ ပြန်အမှတ်ရနေမိပါတယ်။

“ဘယ်လိုလဲ. . . ရှင်လိုက်ပေးနိုင်ပါ့မလား”

“မင်းသာ ခေါ်မယ်ဆို ဘလက်ဟိုးထဲပဲ ခုန်ချရချရ လိုက်ပေးမှာပါ”

“တကယ်. . . အဟတ်ဟတ်. . . အဲ့ဒါကြောင့် ရှင်အရမ်းမိုက်ပါတယ်နော်ဆို၊ ဒါနဲ့ နာမည်ကရော”

“ငရဲပါ. . . ရဲထွဋ်လို့ ခေါ်တယ်”

“ငရဲ ဟုတ်လား”

“ဟုတ်တယ်. . . ငါက အချစ်နဲ့ပတ်သက်ရင် ငရဲကျသလို ခံစားလိုက်ရတဲ့ကောင်ဆိုတော့ ငရဲလို့ခေါ်တာ ကောင်းပါတယ်”

“အဟိဟိ. . . ငရဲတဲ့၊ အင်း. . . ကိုငရဲ”

“ဗျာ. . .”

“ဟင်း. . . နာမည်ကြီးကလည်း ကြောက်လိုက်တာ”

“မကြောက်ပါနဲ့ မမြဝင်းရဲ့၊ ဟဲဟဲဟဲ. . . ကိုယ် မိုးပေါ်ထောင်ဖောက်လိုက်တာပါ”





“ရှင်. . .”

“သြော်. . . မင်းသားခင်မောင်ရင်ကြီးကို သတိရလို့ပါ”

ကျွန်တော်လည်း ဘာမှမထူးတာမို့လို့ ပါးစပ်ထဲ တွေ့ရာပဲ လျှောက်ပြောလာခဲ့တယ်။ သူမကတော့ ကျွန်တော့်ကို ကြည့်လိုက် ရယ်လိုက်နဲ့ စောစောက တင်းနစ်ကွင်းကိစ္စ မေ့သွားပုံပါပဲ။ ဘာပဲဖြစ်ဖြစ် ကောင်းပါတယ်။ ချစ်သူပျော်နေတယ်လေဗျာ။

ခြံထဲကို ကားဝင်လိုက်တယ်ဆိုရင်ပဲ လေးလေးချို့လို့ ခေါ်တဲ့ ဦးအာနိုးကြီး လုံးလုံး,လုံးလုံးနဲ့ ပြေးထွက်လာပါတယ်။ ကားရပ်တာနဲ့ ကျွန်တော့်ကို ငုံ့ကြည့်ပြီး. . .

“သြော်. . . လက်စသတ်တော့ မင်းကိုး”

“ဟုတ်ကဲ့ လေးလေးချို”

“အံမာ. . မင်းကများ လေးလေးချိုလေး ဘာလေးနဲ့”

“ခင်မင်မှုပါခင်ဗျာ”

“မခင်နဲ့ကွာ. . မင်းခင်ချင်တာ ငါသိနေတယ်၊ ကဲ. . ကျေးဇူးတင်တယ်၊ မင်းပြန်တော့”

“ဟာ. . . လေးချိုကလည်း၊ သူ့ကို ကော်ဖီလေးဘာလေး တိုက်ဦးလေ၊ သူသာ အချိန်မီ မရောက်လာရင် သမီးတော့ သွားပြီ သိလား၊ ဟိုကုလားဒိန်က အတင်းချုပ်ခေါ်ပြီး သူ့ကားထဲထည့်တော့မှာ. . .”

“ဘာ. . . ကြည့်စမ်း ငါ့တူမကိုများ”

“အဲဒီအချိန် သူရောက်လာလို့ပေါ့၊ ပြီးတော့ အဲဒီကောင်ကို သူ့ပိုက်ဆံတွေတောင် ပေးလိုက်ရသေးတယ်”

“ဟေ. . . ဘာကြောင့်လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ပြီးမှ ကျွန်တော်ရှင်းပြပါ့မယ်"

ဒါကို ဦးအာနိုး သဘောပေါက်ပြီး. . .

"အေး. . လာ. . ဝင်ထိုင်ဦးကွာ၊ ကဲ. . . သမီးဇည့်သည်ကို သမီးပဲ ကော်ဖီဖျော်ပေးလိုက်၊ ဒေါ်ထွေးတော့ ဈေးက ပြန်မလာသေးဘူးကွ"

"ဟုတ်. . ခဏတော့ စောင့်နော်၊ သမီးရေချိုးပြီးမှ ဖျော်ယူလာ[illegible]"

အဲဒါနဲ့ပဲ လေး[illegible]ကြီးနဲ့ကျွန်တော် အပျံစား ဧည့်ခန်းကြီးထဲက အကောင်းစားဆက်[illegible]မှာ ထိုင်ဖြစ်ကြတယ်ဆိုပါတော့. . .။

"ဘယ်လိုဖြစ်တာ[illegible]ကွ. . . ဒါနဲ့ မင်းနာမည်က"

"ရဲထွဋ်ပါ"

"အေး. . . ရဲထွဋ် ပြောစမ်းပါဦး"

"သူကံကောင်းတယ် ပြောရမှာပဲ လေးလေး၊ ကျွန်တော်မြို့ထဲထွက်လာတုန်း ကွင်းထဲမှာ ဆွဲလားရမ်းလား လုပ်နေတာကို ကားထဲက လှမ်းမြင်လိုက်တာ"

အဲဒီနောက် အဖြစ်အပျက်အားလုံးကို ပြောပြလိုက်တယ်။

လေးချိုကြီး နားထောင်ရင်းက သက်ပြင်းကြီးချပြီး. . .

"ဒီအတိုင်းဆိုရင်တော့. . . နေရီရီ ဘယ်သွားသွား တစ်ယောက်ပါမှ ဖြစ်တော့မယ်ထင်တယ်"

"အမှန်ပဲလေးလေး၊ ကျွန်တော်လည်း ဘာကိုမှ စိတ်မချနိုင်တော့ဘူး"

"ဘာကွ. . . စိတ်မချနိုင်အောင် မင်းနဲ့ဘာဆိုင်လို့လဲ"

"ဟာ. . ဘွာ. . ဘွာ. . လေးချို၊ ကျွန်တော်က ဟိုလိုပါ. .





ဒီ. . ဒီလိုလေ"

"ဟိတ်ကောင်. . . ဟိုလိုဒီလိုတွေ လုပ်မနေနဲ့၊ အခုတောင်ကုလားဒိန်နဲ့မင်းနဲ့ ခွင်ဆင်ပြီး ဇာတ်လုပ်တာ မဟုတ်လား"

"ဟာ. . . ဒါတော့ ဘုရားပေးပေး ကျမ်းပေးပေးပါ လေးလေးချိုရယ်၊ အားလုံး အမှန်တွေချည်းပါပဲဗျာ၊ ကျွန်တော် မညာပါဘူး"

"ညာလို့လည်း မရပါဘူး၊ ငါ့မျက်လုံးက ဟောသလို လှမ်းကြည့်လိုက်တာနဲ့ ဘယ်ကောင်က ဘာဆိုတာ အကုန်သိတယ်၊ ငါ့အစ်ကိုရှိတုန်းက ငါ့ကို နတ်မျက်စိလို့တောင်ခေါ်တာ"

"ဗျာ. . ."

"မဗျာနဲ့. . အရမ်းလျင်ပြီး အရမ်းစူးရှတဲ့မျက်လုံးကို ငါက ပိုင်ဆိုင်ထားတာ၊ မျက်လုံးလျှင်လွန်းလို့ မျက်မြင်သက်သေ လိုက်ပေးရတာလည်း မနည်းတော့ဘူး၊ ဒီမျက်လုံးကြောင့် ပြဿနာတွေ ရှင်းရတာလဲ မနည်းတော့ဘူးကွ"

"ခင်ဗျာ. . ."

ကျွန်တော် အာခေါင်တွေ ခြောက်လာပါတယ်။ ကျွန်တော်သူ့မျက်လုံးကို မဝံ့မရဲ အကဲခတ်ကြည့်တော့. . သူပြောသလောက် ဟုတ်နိုင်ပါတယ်။ စွန်ရဲတစ်ကောင်ရဲ့မျက်လုံးလို စူးရဲတောက်ပမှုကတော့ ပြောစရာမရှိပါဘူး။ နေရီရီရဲ့မျက်လုံးတွေလိုပဲ တောက်ပလင်းလက်နေတာကြောင့် သေချာပေါက် တူဝရီး တော်စပ်တယ်ဆိုတာလည်း ငြင်းစရာမရှိပါဘူး။

"မျက်လုံးကြောင့် ပြဿနာတက်တယ်၊ ဟုတ်လား လေးချို"

ကျွန်တော် ထောက်ပေးလိုက်တော့ လေးချိုကြီး လှုပ်ခန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာပြီး. . .

"ဒီလိုကွ. . ဥပမာ. . ငါဖြစ်ဖူးတဲ့ ပြဿနာတစ်ခုပေါ့ကွာ၊ အဲဒီတုန်းက ငါတို့ ဒီလောက်လည်း မချမ်းသာသေးဘူး၊ ကိုယ်ပိုင်ကားလည်း မရှိဘူးဆိုတော့ ဘတ်(စ်)ကားနဲ့ပဲ သွားကြလာကြတယ်၊ မှတ်မှတ်ရရ အဲဒီတုန်းက (၁၅)ကားလို့ ခေါ်တဲ့ ဘတ်(စ်)ကားတွေက မှတ်တမ်းရုံးရောက်ရင် ဘောက်ထော်ထဲ ကွေ့ဝင်ပေးရတယ်၊

ဘောက်ထော်ဘူတာမှာ လူအတင်အချလုပ်ပြီး ပြန်ထွက်လာမှ တက်တဲ့ကား ဆက်တက်၊ ဆင်းတဲ့ကား ဆက်ဆင်းပဲ၊ အဲဒီမှာ အတက်ကားကို ငါက ကျောက်ကုန်းကွေ့က တက်စီးပြီး လိုက်လာတယ်၊ ဘူတာကွေ့တောင် မရောက်သေးဘူး၊ ငါက ကားပေါ်မှာ ခါးပိုက်နှိုက် ပါလာတာကို တွေ့ရောကွ၊ သိတယ်မဟုတ်လား. . . နတ်မျက်စိလေကွာ. . ၊

ငါ့ဘေးမှာ ရှိနေတဲ့လူက တစ်ယောက်ကျော်မှာ ရှိနေတဲ့ အမျိုးသမီးရဲ့ ဘေးလွယ်အိတ်ကို ခွဲတော့မှာ၊ ဘူတာကွေ့မှာ ကားအယိမ်းနဲ့ ရောပြီးလုပ်မယ်လည်း ကြံရော. . . ငါ အသာလေး ကပ်တွန်းလိုက်တာ အဲဒီလူရဲ့လက်က ဟန်ချက်ပျက်ပြီး အိတ်ကို လက်မရောက်ဘဲ အမျိုးသမီးခါးကို တို့လိုက်သလို ဖြစ်ရောကွ၊

ဟား. . ဟိုအမျိုးသမီးကလည်း ခါးတို့ရင် ယောင်တတ်တဲ့ အမျိုးနဲ့မှတိုးတော့ ဖေနဲ့တုတ်ပြီးယောင်လို့ သူ့ဘေးနား ကပ်ပြီးရပ်နေတဲ့လူနဲ့ ပြဿနာတွေ တက်ကုန်တယ်၊ ခါးပိုက်နှိုက်ကတော့ အလုပ်မဖြစ်တော့ဘူး၊ ငါ့ကိုလည်း မကြည်တော့ဘူး၊ အဲဒါနဲ့ အဲဒီ ခါးပိုက်နှိုက်က ကျောင်းရှေ့မှတ်တိုင်မှာ ဆင်းသွားတယ်၊ မရိုးဆန်းမှတ်တိုင်နားလည်းရောက်ရော ငါ့နောက်က ဦးလေးကြီး အိတ်ခွဲခံ





ရလို့ ခါးပိုက်နှိုက်. . ခါးပိုက်နှိုက်. . လို့ အော်ပါလေရောကွ"

"ဟင်. . . နောက်တစ်ယောက်လား"

"နားထောင်. . . ပြောပြမယ်"

ကျွန်တော် ဝင်ရှုလည်ပြီးထင်ပါတယ်၊ ဒါပေမယ့်လည်း. . . ဆက်နားထောင်လိုက်တယ်။

"ခါးပိုက်နှိုက်ဆိုတဲ့အသံလည်း ကြားရော. . ဘတ်(စ်)ကားဆရာ လုံးဝမရပ်တော့ဘဲ တာမွေရဲစခန်းကို မောင်းပြေးပါလေရောလား၊ စခန်းထဲရောက်တော့ ထုံးစံအတိုင်း ခရီးသည်တွေအားလုံးဆင်းခိုင်းပြီး ရှာတာပေါ့ကွာ၊ အဲဒီမှာ မွေ့ခြောက်ကိုက်တယ်"

"ဗျာ. . . ဘာဖြစ်လို့လဲ"

"ခါးပိုက်နှိုက်ဆိုတဲ့ကောင်က ငါ့ကို သောက်မြင်ကတ်ပြီး. . အနှိုက်ခံရတဲ့ ဦးလေးကြီးရဲ့ပိုက်ဆံအိတ်ကို ငါ့အိတ်ထဲ ထည့်ထားခဲ့ပြီး ကျောင်းရှေ့မှတ်တိုင်မှာ ဆင်းသွားတယ်ကွာ၊ ပစ္စည်းက ငါ့ဆီမှာ ရှာတွေ့တော့ ငါပြဿနာတက်တော့တာပေါ့"

"ဟောဗျာ. . . အဖမ်းခံရရောလား"

"လောလောဆယ်တော့ စခန်းမှာ နေခဲ့ရတာပေါ့ကွာ. . ၊ နောက်မှ ငါ့အစ်ကို လိုက်လာပြီး သူ့သူငယ်ချင်း ရဲမှူးတစ်ယောက် အကူအညီနဲ့ အာမခံပေးလို့ လွတ်လာတာဟေ့"

"ဟာ. . . တော်သေးတာပေါ့"

"မျက်လုံး. . မျက်လုံး. . ဘယ်လောက်ဒုက္ခပေးသလဲဆိုတာ၊ မမြင်ရင်လည်း အကောင်းသား၊ မြင်ပြန်တော့လည်း မနေနိုင်တာ တွေ့ရင် မနေနိုင်ဘူးကွ၊ အဲသလို မနေနိုင်တဲ့အမှုတစ်မှု ရှိသေးတယ်၊

ငါ့မရိုး အခု နေရီရိုကို မွေးတုန်းကကွ၊ အဲဒီတုန်းက ငါတို့တာ



www.burmeseclassic.com

www.burmeseclassic.com



တောင်ဥက္ကလာ(၁၀)ရပ်ကွက်မှာ နေတာ၊ နေရီရီကို မွေးတော့ အဲဒီက ကာသိုလစ်မှာလေ၊ ခုတော့ မိခင်နှင့်ကလေးဆေးရုံကြီးပေါ့၊ အမှန်တော့ ငါ့အစ်ကို စောင့်ရမှာ၊ အစ်ကိုက နယ်ထွက်နေတော့ မွေးလူနာအတွက် လူနာစောင့်ဖို့ ငါပဲ သွားရတယ်၊ အထဲမှာတော့ မဟုတ်ဘူးပေါ့ကွာ. . အပြင်ကနေ စောင့်ရတာ၊

နေရီရီကို မွေးတုန်းက ပထမ သားဖွားဆောင်အဟောင်းမှာ၊ အခုမှ အတွင်းဖက် အဆောင်သစ် ပြောင်းသွားတာ၊ အဲဒီမှာ မိန်းမမီးဖွားရင် ယောကျ်ားတွေက အပြင်ဖက်မှာ ထိုင်ခုံငှားပြီး စောင့်ကြတယ်၊ ထိုင်ခုံတစ်လုံး ငှားရင် တစ်ည နှစ်ရာပေးရတယ်၊ ပက်လက်ထိုင်ခုံလေ၊ နေ့ဖက်တော့ မလိုဘူးပေါ့၊ ညဘက်ကျတော့ စောင့်ရင်းအိပ်ရင်း သက်တောင့်သက်သာ ရှိအောင် ငှားထိုင်ကြတာ၊

အဲဒီမှာ အလစ်သုတ်သမားတစ်ကောင်က သူလည်း လူနာစောင့်ပုံဖမ်းပြီး ပက်လက်ထိုင်ခုံ ငှားပြီး ဝင်ထိုင်တယ်၊ လူနာရှင်တွေ အများကြီးပေါ့ကွာ၊ လူတွေများ ပိုက်ဆံရှာဖို့သာ ပျင်းတာ၊ ကလေးမွေးဖို့တော့ တယ်ဝီရိယကောင်းပါ့ဆိုတော့. . အလစ်သမားကတိုဖောရှောရိုက် ဒီဖောရှောရိုက်နဲ့ သူ့မိန်းမက အမွှာမွေးမယ်ဆိုတာတောင် ပါသေး၊

ဒီကောင် ဒီလောက်စကားများပုံထောက်တော့ တယ်မရိုးလှဘူးပေါ့၊ စကားသာ ပြောတာ. . မျက်လုံးက ကျီးကန်းတောင်းမှောက်၊ လူနာရှင်တွေဆိုတော့ လိုအပ်ရင် သုံးဖို့ လူတိုင်းမှာ ပိုက်ဆံပါတယ်၊ နည်းတာနဲ့များတာပဲ ကွာတယ်၊ တစ်ချို့ ပိုက်ဆံရှိတဲ့သူတွေ ကလေးလာမွေးတာ စီးပွားရေး ရင်းနှီးမြှုပ်နှံဖို့ လာသလိုပဲ၊ ပိုက်ဆံအိတ်အနက်တောင့်တောင့်ကြီး ချိုင်းကြားညှပ်လို့ဟ၊ ငါ သံသယ



ရှိနေတဲ့ကောင်က အဲသလိုလူတွေနားမှာ ခုံခင်းထိုင်တာ၊

ထင်တဲ့အတိုင်းပဲ. . . ည(၂)နာရီလည်း ရောက်ရော စောစောက လူချမ်းသာတွေ ပိုက်ဆံအိတ်ပိုက်ပြီး ငိုက်ကုန်ရောကွ၊ ငါလည်း သတိထားနေတဲ့ကြားက မှေးခနဲ အိပ်ပျော်သွားတာ၊ ဆူညံ ဒွတ်သံကြားလို့ ထကြည့်တော့ ဟိုကောင်မရှိတော့ဘူး၊ ဟိုတစ်ယောက်လည်း သူ့ပိုက်ဆံအိတ် မသွားလို့ ဆွေ့ဆွေ့ခုန်နေပြီ၊ ဘာရလဲ. . . ဒီကောင့်မျက်နှာ ခွေးကိုက်ထားတာတောင် မှတ်မိနေတဲ့ နတ်မျက်စိပဲ၊

လာ. . ဟော့လူအော်မနေနဲ့၊ အဲဒီကောင် ကျုပ်မှတ်မိတယ်၊ ဆေးဝေးမပြေးနိုင်သေးဘူးဆိုပြီး တစ်အုပ်ကြီး ထွက်လိုက်ကြတာ၊ ဆေးရုံဟိုဖက် လက်ဖက်ရည်ဆိုင်နားလည်းရောက်ရော အဲဒီကောင် မိပါလေရော၊ ဒီကောင်ပဲဆိုပြီး ဂုတ်ဆွဲပြီး တွယ်ပစ်တာ၊ ငါ့ဗလနဲ့ သုံးချက်လောက် ဆင့်တီးပစ်တာ မနည်းနှာနှပ်ယူရတယ်၊ ငါလည်း အချုပ်ထဲ ရောက်သွားတယ်"

"ဗျာ. . . ဘာဖြစ်လို့လဲ"

"နယ်ထိန်းကို အလစ်သုတ်သမားဆိုပြီး လူမှားတီးမိလို့လေကွာ"

"ဟာ. . ဗျာ"

"တူတာလည်း ချွပ်စွပ်ကွ. . တစ်ပုံစံတည်း၊ ဒါပေမယ့်. . အမှုပေါ်ပေါက်လာတော့ စခန်းက သိပြီး ချက်ချင်းထွက်ဖမ်းတာ အဲဒီကောင်ကို မိလာတယ်၊ ယှဉ်ကြည့်လိုက်တော့. . လားလား. . အမွှာလို့ပြောတောင် ယုံတယ်၊ အထိုးခံရတဲ့နယ်ထိန်းကလည်း ငါ့ကို အေးဇူးတင်တယ်တဲ့၊ ခင်ဗျား မှားပြီဆိုကတည်းက ဒီကောင့်လက်

www.burmeseclassic.com

www.burmeseclassic.com



ချက်ဆိုတာ ချက်ချင်းသိလို့တဲ့"

"ကြော်. . . တော်သေးတာပေါ့"

"မတော်နဲ့ကွ. . . ဒီမျက်လုံးက ငါ့ကို တစ်သက်လုံး ဒု ပေးလာတာ၊ သေချာပေါက် အိမ်ထောင်ကျရမယ့် မိန်းမနဲ့တော လွဲအောင် ဒုက္ခပေးတာ"

"လုပ်ပါဦး လေးချို. . . ပြောပြစမ်းပါဦး"

လေးချိုကြီး ပြောချင်ပေမယ့် နာရီကြည့်လိုက်တယ်။

"ဆိုင်သွားရဦးမယ်ကွ၊ ငါ့တူမလည်း ရေချိုးတာ ရေထဲ အရည်ပျော်သွားပြီထင်တယ်"

"မပျော်ပါဘူး လေးချိုရယ်. . ၊ ရေနွေးကုန်နေလို့ wa heater ပြန်ဖွင့်ပြီးမှ ချိုးနေရလို့ပါ၊ အင့်. . . လေးချိုလည်းသောက် ကြော်. . . ကိုငရဲ ကော်ဖီသုံးဆောင်ပါဦး"

နာမည်ကြောင့် လေးချိုကြီး မျက်လုံးပြူးသွားပြီး. . .

"ဘာ. . ဘာဖြစ်တယ်၊ ကိုငရဲ ဟုတ်လား"

"အင်းလေ. . . သူ့နာမည်က ငရဲတဲ့. . . ခစ်. . ခစ်"

"အဝီစိကမှ လှသေးတယ်ကွာ၊ ဒါမှမဟုတ် ယောယုဝ ဘာတို့ပေါ့. . . ဟား. . ဟား"

လေးချိုကြီး သဘောကျပြီး ရယ်လို့ သူမပါ လိုက်ရယ်တယ် ကျွန်တော်ကတော့ ပြုံးရင်းနဲ့ပဲ နေရီရီရဲ့အလှတရားမှာ ငရဲကျနေ ပါတယ်။ တကယ်တော့ အချစ်ဟာ ငရဲကျခြင်းတစ်မျိုးပါပဲ။

တိတ်တခိုး ကြိတ်ပိုးတို့ဆိုတာ ပြိတ္တာဘုံဘဝ ရောက်နေတာ နဲ့ သိပ်မထူးပါဘူး။

"ကဲ. . . ကော်ဖီသောက်ပြီးရင် သွားကြမယ်၊ သမီးရေ





ဆိုင်ကို လိုက်ခဲ့မှာလား"

"လိုက်မယ်လေ"

"အိုခေ. . ကဲ. . ငရဲ မင်းကတော့ ယမမင်းဆီ ပြန်ပေါ့ကွာ၊ တို့တူဝရီး ဆိုင်ကို လစ်လိုက်ဦးမယ်"

"ဟုတ်ကဲ့. . နောက်တစ်ခါဆုံရင် စောစောက အကြောင်း း ပြောပါဦး"

"အေးပါ. . . ဆုံရင် ပြောတာပေါ့၊ ဒါပေမယ့် ဆုံစရာ မရှိ တော့ပါဘူး"

"ဗျာ. . . ဘာဖြစ်လို့လဲ"

"နောက်ဆို ငါ့တူမနောက် ငါပဲ လိုက်တော့မှာ"

"ဗျာ. . . "

"ဟင်. . . ဒါဆို မနက်ဖြန် လေဆိပ်ကို လေးချို လိုက်မှာ ပေါ့"

"အေးပေါ့ တူမကြီးရ"

"ဝေး. . . ပျော်လိုက်တာ၊ ကိုငရဲလည်း လိုက်ချင်လိုက်ခဲ့ လေ"

"ငရဲကျနေပါဦးမယ်ကွာ. . . ခေါ်မနေနဲ့"

ပြုံးကြပြန်တယ်။ ကျွန်တော်လည်း ပြုံးရင်းက နုံးလာပြီး ဆက်ကာ ပြန်ခဲ့ပါတယ်။

အဲဒီအခိုက်မှာပဲ နေရီရီ ထွက်လာပြီး. . .

"ကိုငရဲ. . . ခဏလေး"

ကျွန်တော် ရပ်စောင့်နေလိုက်တယ်။

"ဟို. . . အရေးကြီးရင် ခေါ်လို့ရအောင် ဖုန်းနံပါတ် ပေးခဲ့

www.burmeseclassic.com

www.burmeseclassic.com



လေ”

“ဟာ. . ဟုတ်သားပဲ၊ နေရီရီ့ဖုန်းနံပါတ်လည်း ပေးလေ”

“အင်း. . . ပေးမယ်”

အဲဒါနဲ့ပဲ ကျွန်တော်တို့နှစ်ယောက် ဖုန်းနံပါတ် အပေးအယူ ဖြစ်သွားကြတယ်။ အမှတ်တမဲ့ လှမ်းမြင်လိုက်တဲ့ မျက်လုံးထဲမှာတော့ လက်သီးထောင်ပြနေတဲ့ ဦးအာနိုးကြီးကို တွေ့လိုက်ရပါတော့တယ်။





# အချစ်ဋီကာ

သူချစ်ကိုယ်ချစ်
နှစ်ကိုယ်ချစ်တာ
အပြစ်မမြင်
ကြည်ကြည်စင်၏။
သူလျှင်မချစ်
ကိုယ်ပင်ချစ်တော့
အပြစ်လည်းရှောင်
အချစ်လည်းဆောင်သည်။
နှောင်ခါ...အမောဖောက်
အချစ်ပျောက်တတ်၏။
ချစ်ရမှာကြောက်
ဘေးရှောင်ခေါက်လည်း
ချိန်ခါရောက်သော်
စေ့စပ်နှောက်ပါ
အဖော်ရှာကား
စိတ်ထားရှင်းညို
နားလည်သိဖို့
အချိန်ရှိသမျှ...
ဖြန်းလိုက်ရသည်။

အိုမှ ငွတ်၍...
“ဒွတ်” ကုန်၏။
ဤပုံပမာ...
အလင်္ကာကို...
လေ့လာတွေးဆ
ဆင်ခြင်ကြကွယ်
ဘယ်ခါအကြောင်း
အချိန်နှောင်းလျှင်
မကောင်းမှန်းသိ
ပြုပြင်ကြည့်ပြီး
အသိစောစွာ
“အပိ” ရှာကြ...
ဒါမှ တစ်သက်
အချစ်တွက်နှင့်
ရတက်ဗျာပူ
လွတ်ကြောင်းယူသည်...
တူစုံမောင်မယ် ပျော်ခန်းသည်။



(အမည်သိစာဆို)

www.burmeseclassic.com







# အခန်း(ခြောက်)

ကျွန်တော် အခန်းပြန်ရောက်လာပြီးကတည်းက. . မအီမလည်ကြီး ခံစားနေရတယ်။ သူမဆီက ဖုန်းနံပါတ်ရခဲ့လို့ ပျော်သလိုကြီး ဖြစ်သွားပေမယ့် ဒီဖုန်းနံပါတ်က မနက်ဖြန်ဆိုရင် သက်တမ်းကုန်ပြီလေ။ ခုချက်ချင်း ဖုန်းပြန်ဆက်တော့လည်း အခုလေးတင် လူချင်းခွဲပြီး ပြန်ခဲ့ကြတာ၊ ဘာကိုအကြောင်းပြပြီး ဆက်ရမှာတဲ့လဲ။ ရှူးချင်တာပါပဲ ပရိသတ်ရယ်။ ကိုယ့်ဖက်က သေချာပေါက်ကြီးချစ်နေတော့ မခက်ဘူးလား။



www.burmeseclassic.com

ဟော. . .။

လက်ကိုင်ဖုန်းကို စိတ်ပျက်လက်ပျက် ချထားတုန်း ဖုန်းမြည်သံ ထွက်လာလို့ ကျွန်တော် ရင်တလှပ်လှပ်နဲ့ ယူကြည့်လိုက်တယ်။

ဘုရားရေ. . . နေရီရီရဲ့ဖုန်းဟ. . . ဝွတ်လှချည်လား။

အဲဒါနဲ့ ကျွန်တော်လည်း ဝမ်းသာအားရ ဖုန်းလက်ခံလိုက်တယ်။

"ဟဲလို. . . နေရီရီလား"

"မင်းအဘကွ. . . နေရီရီ မဟုတ်ဘူး"

(ဟိုက်. . . အာနိုးဟ)

"ခင်ဗျာ. . . ဒါ နေရီရီ လက်ကိုင်ဖုန်း မဟုတ်ဘူးလား"

"ဟုတ်တယ်. . . ငါပြောစရာရှိလို့ ယူပြောတာကွ"

"ဟုတ်ကဲ့ပါ လေးချို"

"ငါမေးမယ်. . . မင်း အခုလုပ်တဲ့အလုပ်က လစာဘယ်လောက်ရသလဲ"

"ဗျာ. . ဟို. . တစ်သိန်းလေးသောင်းပါ"

"များလှချည်လားကွ. . . မင်းက ဘာမို့လို့လဲ"

"ဟုတ်ကဲ့. . . ကျွန်တော်က သုတေသနအဖွဲ့မှူး ရာထူးနဲ့ပါ"

"သြော်. . သြော်. . ဒီလိုလား၊ ဟုတ်ပြီလေ. . တကယ်လို့ မင်း ငါ့ဆိုင်မှာ အလုပ်လုပ်ရမယ်ဆို လုပ်နိုင်မလား"

"ဟာ. . . လုပ်မှာပေါ့ လေးချိုရာ၊ အခုလား. ."

"နေဦးလေ. . စဉ်းစားပါဦး၊ လစာကတော့ နည်းတယ်ကွ"

"ရတယ်ဗျာ. . . ပေးချင်သလောက်သာပေးတော့"





"စဉ်းစားနော် ငရဲ ဒီခေတ် မင်းလစာမျိုး ရဖို့မလွယ်ဘူးကွ"

"ပြဿနာမရှိပါဘူး လေးချိုရယ်၊ လစာနည်းပေမယ့် အချိန်က များပါတယ်"

"ဘာကွ"

"ဟာ. . . ဒီလိုပါ၊ လေးချိုနဲ့က ရင်းနှီးနေပြီဆိုတော့. ."

"ဟေ့ကောင်. . . အပိုတွေ၊ မင်းကို လစာလေးသောင်းပေးမယ်. . . ဘယ်လိုလဲ"

"ကျေနပ်ပါတယ်ခင်ဗျာ"

"နေဦးကွ. . . ပြောစရာ ကျန်သေးတယ်၊ မင်းအလုပ်ဝင်ပြီဆိုတာနဲ့ ငါ့တူမကို ဆေးကုဖို့ ပြည်ပကို လွှတ်ရမယ်"

(ဟမ်. . .)

ကျွန်တော် လန့်မအောင်မိအောင် အတော်မျိုချ ထိန်းချုပ်ပြီး. . .

"ကောင်း. . . ကောင်းတာပေါ့ လေးချိုရယ်၊ သူ့ခမျာ. . ဒီဝေဒနာကြီးနဲ့ ဘယ်လိုရပ်တည်မှာလဲ၊ အခုတောင် လေးချို ရှိနေလို့သာပေါ့"

"အေး. . . မင်းနားလည်ရင် ပြီးတာပဲ၊ လာမယ့် တနင်္လာနေ့ကစပြီး အလုပ်ဝင်နိုင်မလား"

"အခုလည်း ဖြစ်ပါတယ်"

"တော်စမ်းပါကွာ. . . မင်း ဟိုမှာ ဝင်စို့ထွက်စို့တွေ ခေါ်စရာမှာ၊ တနင်္လာနေ့မှပဲ စဝင်တော့"

"ဟုတ်ကဲ့ပါ"

ကျွန်တော် ဖုန်းချပြီး အတော့်ကို အီစိမ့်နေတဲ့မျက်နှာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကို ငေးကြည့်နေမိတယ်။

စေ့ဆော်လာတဲ့ ကံတရားက အကောင်းလား အဆိုးလား ဆိုတာ မသေချာပေမယ့်. . လစာ တစ်သိန်းကျော်စား ဘဝကနေ ခြောက်သောင်းစားဘဝကို ငရဲကျသလို ကျသွားတာတော့ သေချာသွားပါတယ်။ အသက်ရှူရတာတောင် ကျပ်တောက်လာတဲ့အတွက် ပိတ်ထားတဲ့ လေသာဆောင်တံခါးကို ထဖွင့်ပြီး တိုးဝင်လာတဲ့လေကို တစ်ဝကြီး ရှိုက်သွင်းပစ်လိုက်တယ်။

ပြီးတော့ စိတ်ပျက်လက်ပျက်နဲ့ လေသာဆောင်ဖက် ထွက်ပြီး အောက်ကို တစ်ချက်ငုံ့အကြည့် လမ်းပေါ်မှာ ထမီဖြန့်ဝတ်နေတဲ့ မိန်းကလေးက သူ့ဘာသာ မလုံမလဲစိတ်နဲ့ မော့ကြည့်ပြီး ကျွန်တော်နဲ့ အကြည့်ချင်း ဆုံသွားလို့ လက်ဝါးထောင်ပြပြီး မျက်စောင်းပင့်ထိုးတဲ့အတွက် ကျွန်တော် လန့်ကာ အခန်းထဲ ပြေးဝင်လာခဲ့ပါတယ်။

(ငါ့နှယ်ကွာ. . .)

ၛ ၛ ၛ ၛ





ကျွန်တော် အလုပ်ထွက်စာ တင်လိုက်တဲ့သတင်းကြောင့် ကိုဝင်းရိုတို့ စာရေးအုပ်စု အတော်တုန်လှုပ်ပြီး ဝိုင်းမေးကြတယ်။ ထုံးစံအတိုင်း ရုံးအောက်မြေညီထပ်က ကင်(န်)တင်းမှာပါ။

"မင်း. . မင်း စိတ်တော့ မှန်ပါတယ်နော် ငရဲ"

"*ဟာ. . . အလတ်ကြီးပါဗျာ*"

"နေပါဦး. . . ဘာဖြစ်လို့ ထွက်မှာလဲ"

ကျွန်တော် အမှန်အတိုင်း ပြောရင်ကောင်းမလားလို့ စဉ်းစားပေမယ့် မပြောရဲပါဘူး။

"ဒီလိုပါပဲ. . မလုပ်ချင်တော့လို့"

"မင်း ရူးနေလား၊ ငါတို့ကုမ္ပဏီက ကိုရီးယားနဲ့ ဖက်စပ်လုပ်တော့မှာ၊ လစာတောင် ဒေါ်လာနဲ့ ပေးတော့မှာ"

"သိတယ်. . . ဒေါ်လာက ဗိုက်ကိုပဲ ဖြေရှင်းပေးနိုင်တယ်။ ရင်ဘတ်ကို မရှင်းနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ဘာဖြစ်တယ်"

"ဘာမှ မဟုတ်ပါဘူးဗျာ၊ ဒါ နှုတ်ဆက်ပွဲလို့ သဘောထားပြီး ကျွန်တော်ရှင်းခဲ့မယ်. . . သွားတော့မယ်"

"ဟာ. . . ဒီကောင်၊ ဟေ့. . ရဲထွဋ်. . ငရဲ၊ ငရဲကျမယ့်ကောင်. . ချီးပဲ"

"အရှူး. . . မင်းရူးသွားပြီကွ လဒရဲ့"

နောက်မှာ မြည်တွန်တောက်တီး ကျန်ခဲ့ကြပါတယ်။ အားမလို အားမရနဲ့ လှမ်းဆဲတဲ့လူလည်း ဆဲကြပါတယ်။ ကျွန်တော် စိတ်မဆိုးပါဘူး။ လုပ်ဖော်ကိုင်ဖက် သံယောဇဉ်ကြောင့် စိတ်မကောင်းတောင် ဖြစ်မိပါတယ်။ အမှန်တကယ်လည်း သူတို့က ကျွန်တော့်ရဲ့ မိတ်ဆွေကောင်း အစ်ကိုကြီးတွေပါ။ ကျွန်တော်သာ တကယ်ရူးသွားတာပါ၊ အချစ်ရူးလို့ ခေါ်ပါတယ်။

နေရီရီကို ချစ်မိသွားတဲ့စိတ်က ခဏကလေးအတွင်းမှာပဲ နှတ်ရှိုင်းစွဲမြဲသွားပါတယ်။ ဘာကြောင့်လဲလို့ မေးရင် ကျွန်တော့်မှာ အဖြေမရှိပါဘူး။ ချစ်မိတဲ့စိတ်က သံနှိပ်ဆိုရင် ကျွန်တော့်စိတ်ဝိညာဉ်ဟာ အဲဒီမှာ ချိပ်မိသွားပါပြီ။

ဈေးထဲက အမဲသားဆိုင်မှာ အသားစိုင်ကြီးကို သံချိပ်နဲ့ တွဲထားသလို တွဲလွဲကြီး မြဲနေတော့တာပါ။ ဓားနဲ့ကျောက်သွားတဂွျားဂွျား ပွတ်ပြီး. . ပါးပါးလှီးရောင်းမယ့်သူ အနားမှာသာ ရှိရင် ကျွန်တော့်နှလုံးသားလည်း တစ်ပိဿာ ဘယ်လောက်ဈေးလို့ သတ်မှတ်ခံလိုက်ရုံပါပဲ။

အဲသလောက်ကို ချစ်တဲ့အတွက် အဲဒီမိတ်ဆွေကောင်းတွေနဲ့ အဲဒီခံစားခွင့်တွေကို ကျောခိုင်းခဲ့တာပါ။



ကျွန်တော် ရုံးက ထွက်လာပြီး (၂၂)လမ်းထဲက သူမတို့ဆိုင်ကို ကားငှားပြီး ထွက်လာခဲ့ပါတယ်။ သူမဆီ ဖုန်းခေါ်ဖို့ သတိရပေမယ့် လေးငါးရက်လောက် ကြာသွားပြီး ဖြစ်တဲ့အတွက် ဖုန်းသက်တမ်းလေးလည်း လေးငါးပြန်လောက် ကုန်လွန်သွားပါပြီ။

ဒီရက်တွေမှာတောင် သူမရဲ့မှတ်ဉာဏ်ပျောက်ဆုံးမှုကြောင့် ပြဿနာတွေ ဘယ်လောက်ထပ်တက်ခဲ့သလဲဆိုတာ မတွေးဝံ့စရာပါ။ ဒါကို ကုသဖို့ ပြည်ပလွှတ်မယ်ဆိုတဲ့ကိစ္စအတွက် ကျွန်တော် ရင်နာစွာနဲ့ပဲ သဘောတူမိပါတယ်။ ဘာကြောင့်လဲဆိုတော့ သူမ မှတ်နှာလှလှလေးနဲ့ ဝေးသွားပေမယ့် ကျွန်တော် ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ သူ့မှတ်ဉာဏ်ထဲမှာ ထာဝရ ရှိစေချင်ပါတယ်။

တစ်ကမ္ဘာလောက်ခြားနေလည်း သူမမှတ်ဉာဏ် ပြန်ရလာရင် ရည်းစားစကားတစ်ခွန်းတော့ ပြောဖြစ်အောင် ပြောလိုက်ပါဦးမယ်။

ဆိုင်ကိုရောက်တယ်ဆိုရင်ပဲ ဆိုင်ထဲက ထွက်လာတဲ့ နေရီရီနဲ့ တည့်တည့်တိုးပါတယ်။ ကျွန်တော်သာ ယောင်ယမ်းနှုတ်ဆက်ဖို့ ဟန်ပြင်ပေမယ့် သူမကတော့ သူစိမ်းတစ်ယောက်လို အမှတ်တမဲ့ ကြည့်သလို ကြည့်ပြီး ဖြတ်ကျော်သွားပါတယ်။ ဒါကို လှမ်းကြည့်နေတဲ့ လေးချိုကြီးကတော့ ရယ်တာပေါ့။

အခန်းထဲရောက်မှ လေးချိုက. . .

"ရင်မနာပါနဲ့ကွာ. . . တမင်တကာလုပ်တာ မဟုတ်ပါဘူး သူ တကယ်မမှတ်မိတာ"

"ကျွန်တော် နားလည်ပါတယ်၊ ဒါနဲ့ သူ ဘယ်တော့သွားမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက. . မင်း ဘယ်တော့ အလုပ်စဝင်မလဲဆိုတာ ပြောလေ"

"မနက်ဖြန် စလို့ရပါပြီ၊ ကျွန်တော့်ဟိုဘက်က ပြီးခဲ့ပြီ"

"အာ. . . ကောင်းတာပေါ့ကွ၊ ဒါဆို မနက်ဖြန်ကစပြီး သူ့ကို ထွက်ဖို့ ပြင်ခိုင်းရတော့မယ်၊ လောလောဆယ်တော့ သူ့နောက် ခဏလိုက်သွားဦးကွာ၊ ဟိုတလောက မင်းနဲ့ငါနဲ့ ထိုင်တဲ့ဆိုင်ပဲ ကော်ဖီထွက်သောက်တာ"

"ဒီမှာပဲ မှာသောက်ပါတော့လားဗျာ၊ အန္တရာယ်များလိုက်တာ"

"မရဘူး မောင်ရင်၊ သူ့သဘောဆန္ဒအတိုင်း မဖြစ်ရင် ပိုဆိုးတယ်ဟ"

"ဒါဆို ကျွန်တော် လိုက်သွားမယ်"

"ဟေ့. . . ငါလွှတ်လိုက်တာဆိုပြီး ဝင်ဖောမယ် မကြံနဲ့ အဝေးကစောင့်ကြည့်"

ဦးအာနိုးကိုက အကွက်စေ့လွန်းတာကြောင့် ကျွန်တော် ပိုပြီးရင်ခံနေရပါတယ်။ ဒါပေမယ့်လည်း မတတ်နိုင်ပါဘူး။ ဝယ်လာပြီးမှ အင်ဂျင်ကျနေမှန်းသိလည်း မပြင်နိုင်သေးရင် မီးခိုးတလူလူနဲ့ မောင်းရတော့မှာပါပဲ။

လောလောဆယ်တော့ မီးခိုးမအူဘဲ အတွေးတွေအူပြီး ဆိုင်ကိုရောက်လာပါတယ်။ နေရီရီတစ်ယောက်ထဲ အတွင်းဖက်စားပွဲမှာ ဝင်ထိုင်ပြီး လက်ဖက်ရည်တစ်ခွက် မှာလိုက်တယ်။ ဘေးတိုက်အနေအထားလေးကိုပဲ တစိမ့်စိမ့်ကြည့်ရင်း ရင်ထဲ စိမ့်စိမ့်ဝင်လာတဲ့ဒဏ်ကို မခံစားနိုင်တော့ပါဘူး။





အဲဒါကြောင့် လာချပေးတဲ့ လက်ဖက်ရည်ပန်းကန်လေး ကိုင်ပြီး သူမစားပွဲကို ပြောင်းလိုက်ပါတယ်။

"ဒီမှာ ထိုင်လို့ရမလား"

"ရတယ်လေ. . . ကျွန်မ ဝယ်ထားတဲ့ခုံမှ မဟုတ်တာ"

"ကျေးဇူးပဲ"

ကျွန်တော်ဝင်ထိုင်ပြီး ဘယ်ကစလို့ ဘာပြောရမှန်းမသိအောင် ဖြစ်နေတယ်။ ပြောလည်း ဒီလိုပါပဲ၊ ဒီနေ့ အိုကေတယ်ပဲ ထား၊ မနက်ဖြန်ဆို ပလုံသွားပြီ မဟုတ်လား။ ဒါပေမယ့်. . အတွေး တစ်ခုရလို့။ မဟုတ်လည်း အပျင်းပြေဆိုသလို စကားစလိုက်တယ်။

"ဒီက နေရီရီကို ကျွန်တော် မိတ်ဆက်ချင်ပါတယ်"

"ရှင်. . . ရှင့်ကိုလည်း မသိပါလား"

"ဟုတ်ကဲ့. . နောက်တော့သိမှာပါ၊ ဘာကြောင့်လဲဆိုတော့ မနက်ဖြန်ကစပြီး. . ကျွန်တော်က နေရီရီတို့ဆိုင်ရဲ့ ဝန်ထမ်းတစ်ယောက် ဖြစ်လာမှာမို့လို့ပါ"

"ဟုတ်လား. . . အဲ့ဒီကိစ္စ လေးချိုလည်း ဘာမှပြောမထားပါလား၊ လေးချို ခန့်လိုက်တာလား"

"ဟုတ်ကဲ့"

အဲ့ဒီခဏမှာ စကားပြတ်သွားပြီး သူမ ကျွန်တော့်ကို အကဲခတ်သလို ကြည့်ပါတော့တယ်။

ကြည့်ပါ၊ ရင်ထဲရောက်အောင် ကြည့်လိုက်စမ်းပါ နေရီရီ၊ ငါသေရင်တောင် အသေမဖြောင့်အောင် ချစ်နေတဲ့ကောင်ပါ။ ငါ့ကိုယ်ငါ ပိုးဖလံမှန်း သိနေရက်နဲ့. . အချစ်တွေ မြင့်နေရတဲ့ မီးလျှံထဲ မိုက်မိုက်မဲမဲ ခုန်ချလိုက်တဲ့ကောင်ပါ။ တစ်ကမ္ဘာလုံးက



www.burmeseclassic.com

www.burmeseclassic.com



'ငကြောင်' လို့ တညီတညွတ်တည်း သတ်မှတ်ကြလည်း ချစ်ရတာ အမြတ်ပဲဆိုတဲ့ စိတ်နဲ့ ကြိတ်ပြီးပျော်ပစ်လိုက်မှာပါ။

ငါဟာ. . . အဲ့သလောက်မက ချစ်နေခဲ့ပါတယ် နေရီရီ။

"အဟင်းဟင်း. . ရှင့်ပုံစံက မဆိုးပါဘူး. . အမည်ကရော"

"ရဲထွဋ်ပါ. . . ငရဲလို့ခေါ်လည်း ဖြစ်ပါတယ်"

"ငရဲ. . . အဟင်းဟင်း. . . မိုက်တယ်၊ ကျွန်မ အဲ့သလိုပဲ ခေါ်မယ်. . ဖြစ်လား"

"ဟာ. . ဖြစ်ပါတယ်၊ နေရီရီ ခေါ်မယ်ဆို. . ငရဲ တိရစ္ဆာန်ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံ ကြိုက်တဲ့ဘုံသာ ပို့ပြီးခေါ်ပါ"

"အခစ်ခစ်ခစ်. . . မလုပ်ပါနဲ့၊ ငရဲကြီးနေပါဦးမယ်. . . ခစ်ခစ်ခစ်"

"နေရီရီက ရယ်ရင် အလှမ်းလှပြီး ချစ်စရာကောင်းတယ် နော်"

"ရှင်. . ."

"ကျွန်တော် မိန်းကလေးတွေ ရယ်တာ အများကြီး မြင်ဖူးပါတယ်၊ ဒါပေမယ့် နေရီရီလောက် ခံစားမှုမကောင်းဘူး၊ နေရီရီ ရယ်တာကို ငေးမိတာ တို့ဆေးနဲ့ အတို့ခံလိုက်ရသလိုပဲ၊ ရုတ်တရက်ကြီး မေ့သွားတယ်"

"အဟင်းဟင်း. . . ရှင်က အလုပ်တောင် မဝင်ရသေးဘူး အလုပ်ရှင်ကို မြှောက်ပင့်ပြီး အခွင့်အရေး လိုချင်နေပြီ"

"ဟာ. . . အဲ့သလို မဟုတ်ဘူးဗျ၊ မယုံရင် မှန်ထဲ ပြန်ကြည့်ပြီး ရယ်ကြည့်ပါ"

ကျွန်တော် အလန့်တကြား ပြန်ဖြေရှင်းရင်း ကရင်ပတ်ဘူး



ကို ထုတ်ပေးလိုက်တယ်။

"ဟင်. . . ရှင်က အဲ့ဒါ ဆောင်ထားတယ်လား"

"ဟုတ်. . . မျက်လုံးကို ကြည့်ဖို့ပါ၊ ကျွန်တော်က မျက်လုံး တစ်ခုတော့ အရမ်းဂရုစိုက်တယ်ဗျ၊ ဒါက. . မျက်စဉ်းဆေးလေ၊ အဲ့ဒါကတော့ သွားလေရာရာပဲ"

"ဟုတ်လား. . . မျက်စိဝေဒနာ ရှိလို့လား"

"မရှိပါဘူး. . . ရှိမှာကြောက်လို့ ဂရုစိုက်ပေးတာပါ"

"အဟင်းဟင်းဟင်း. . . ရှင်နဲ့လေးလေးချိုကတော့ လာတွဲမိနေပြီ"

"ခင်ဗျာ. . . ဘာကြောင့်လဲ"

ကျွန်တော်သိပေမယ့် စကားမပြတ်ချင်လို့ ခင်းပေးလိုက်တာပါ။

"လေးလေးချိုလည်း သူ့မျက်လုံးကို အရမ်းဂရုစိုက်တာ၊ အရမ်းလည်း မြင်တတ်လို့ သူ့မျက်လုံးကို နတ်မျက်စိတဲ့လေ. . . အဟိဟိ၊ အဲ့ဒီနတ်မျက်စိကြောင့် သူ့ရည်းစား သူ့ကို အထင်လွဲသွားတာ၊ တစ်ခါတည်း ပြတ်ရောပဲ"

"ဟုတ်လား. . . ပြောပြပါဦး"

"ဟိုတစ်နေ့က အိမ်မှာဆုံတော့ ပြောပြနေတယ်လေ"

(ဟင်. . . )

ကျွန်တော့်မျက်လုံးအိမ်လေး ကျုံ့ဝင်သွားမှန်း ချက်ချင်းပဲ ပြီး ပျာယာခတ်သွားတယ်။ ကျွန်တော်လည်း အဲဒါကို သေချာမြင်၊ သေချာသတိထားမိလိုက်တာပါ။ အဲဒါကြောင့်. . .

"ဟို. . ဟိုတစ်နေ့က ကျွန်တော်တို့ ဆုံကြတာ မှတ်မိတယ်

www.burmeseclassic.com



ဟုတ်လား"

"အား. . ကျွတ်. . ကျွတ်. . ခေါင်းတွေ ကိုက်လာပြီ၊ ပြန်တော့မယ်"

"နေရီရီ. . . ခဏ. . ခဏလေးပါ"

"ဟင့်အင်း. . . ပြန်တော့မယ်၊ ခေါင်းကိုက်တယ်"

သူမ ချက်ချင်းထပြန်ပြေးသွားပေမယ့် ကျွန်တော် ပျော်သွားတယ်။ သူမ မှတ်ဉာဏ်တွေ ပြန်ရတော့မယ်ဆိုတဲ့အတွေးနဲ့ တကယ်ပျော်ခဲ့တာဗျာ။

ဒီအတိုင်းဆို ပြည်ပ,မထွက်လည်း သူမ သတိရနိုင်တာလေးတွေ ပြန်ပြောပေးရင်. . အဟုတ်. . ဟုတ်. . ဟုတ်ပြီကွ။

"ရှင်းမယ်"

ၛ ၛ ၛ ၛ





ဒီကိစ္စကို လေးချိုကြီးကို အသိပေးရမယ်လို့ အားခဲပြီး ဆိုင်ဘက် ပြန်လျှောက်အလာ. . ဆိုင်ထဲကနေ ခြေလှမ်းကျဲကြီးနဲ့ ထွက်လာတဲ့ လေးချိုကြောင့် ကျွန်တော် ရပ်စောင့်နေလိုက်ပါတယ်။ အနားရောက်တာနဲ့ လေးချိုကြီးက ကျွန်တော့်ရင်ဘတ်အကျႌကို ဆောင့်ဆွဲပြီး. . .

"မင်းကို ငါ့တူမအနားမကပ်နဲ့လို့ မှာလိုက်ရဲ့သားနဲ့၊ မင်းငါ့ကို စမ်းတယ်ပေါ့"

"ကျွန်. . ကျွန်တော်. ."

"ဟိုမှာ ခေါင်းကိုက်တယ်ဆိုပြီး အော်ဟစ်နေပြီကွ"

"ဟာ. . . ဒါဆို ကျွန်တော်. ."

"မလိုဘူး. . . မင်းပြန်တော့၊ မင်း ငါ့ဆိုင်ကို လုံးဝမလာနဲ့တော့"

"ဟာ. . . လေးချို၊ ကျွန်တော် ဒီမှာအလုပ်ဝင်ဖို့ အလုပ်

www.burmeseclassic.com



ထွက်ခဲ့ပြီလေ”

“ဒါ မင်းသမိုင်းပဲလေ၊ ငါက စဉ်းစားပါလို့ပြောတာ မင်း ရှုတ်လိုမိတာပဲ”

“ကျွန်တော် တောင်းပန်ပါတယ် လေးချို၊ နောက်တစ်ခါ မဖြစ်စေရပါဘူး”

“မင်း ဒိုးတော့ကွာ၊ မင်းမဒိုးရင် မင်းကိုငါ ထိုးမိတော့မယ်”

အဲဒီနောက် ကျွန်တော့်ရင်ဘတ်ကို ဆောင့်တွန်းထားခဲ့ပါတယ်။ သူ့ဗလကြီးနဲ့မို့လို့ ကျွန်တော် ပုံခနဲ လဲမကျအောင် အတော်ထိန်းယူပြီး ရပ်ကျန်ခဲ့တယ်။ ဒါပေမယ့် . . ကျွန်တော့်ကိုယ်ထဲမှာ ကျွန်တော့်ဝိညာဉ် ရှိမနေပါဘူး၊ သေသွားတာထက် ဆိုးတဲ့အဖြစ်နဲ့ ကျွန်တော့်ကံကြမ္မာကို ကျွန်တော့်ဝိညာဉ်ကတောင် ယုံကြည်မှု မရှိတော့ပါဘူး။

“တီ. . . တီ”

“ပွမ်. . . ပွမ်”

“ဟေ့ကောင်. . . လမ်းလယ်ခေါင်မှာ ဘာလုပ်တာလဲတွ”

“တီ. . .”

“ပွမ်. . .”

“ဟေ့ကောင် သောက်ရူး. . . ဖယ်ကွ. . . ချီးပဲ”

ကျွန်တော် မဖယ်ပါဘူး။ ဖယ်ပေးရမယ်ဆိုတဲ့ အသိစိတ် ဝိညာဉ်တွေ ပျောက်ဆုံးနေတဲ့အတွက် ဒီအတိုင်းရပ်ပြီး ဇက်ကျိုးနေပါတယ်။ အဲဒီအချိန်မှာပဲ တစ်စုံတစ်ယောက်က ကျွန်တော့်ကို လမ်းဘေးဆွဲခေါ် သွားပါတယ်။

ဒီတော့မှ ကျွန်တော် လှည့်ကြည့်မိပြီး တစ်ကိုယ်လုံး ဝုန်းခနဲ





မြောက်လွင့်တက်သွားသလို ခံစားလိုက်ရတယ်။

“နေရီရီ”

“ရှင့်ကို လေးချို ထိုးလို့မသေဘဲ ကားသမားတွေ ဝိုင်းရိုက်သတ်လို့ သေလိမ့်မယ်၊ မနက်ဖြန် အလုပ်ဆင်း၊ အခု ပြန်တော့”

“ဟာ. . . ဝမ်းသာလိုက်တာ နေရီရီရယ်”

သူမ လှည့်ထွက်သွားပါတယ်။ ကျွန်တော်ကတော့ ရပ်ကြည့်နေလိုက်တယ်။

(ငါရင်ခုန်လိုက်တော့မယ် နေရီရီ)





www.burmeseclassic.com

www.burmeseclassic.com

အဲဒီစိတ်နဲ့
အိပ်လို့ကလည်းမပျော်...
အော်ဟစ်လို့လည်းမရ...
ကိုယ့်ဒုက္ခ ကိုယ်ရှာရင်း
အိပ်မက်တစ်ခုရဲ့ထောင့်ကျဉ်းထဲမှာ
ငါဟာ ခွေခေါက်မှောက်လဲ
သေမလောက် စွဲမက်ခဲ့ဖူးတယ်...။







# အခန်း(ဆွဝ်)

"ပျော်တယ်. . . ဘယ်လိုပဲဖြစ်နေနေ ချစ်မယ်ကွာ"

ဒါဟာ. . ကျွန်တော့်ရဲ့ခိုင်မာပြတ်သားတဲ့ ဆုံးဖြတ်ချက်ပါ။ နေရီရီနဲ့ ဆုံစည်းခွင့်ရပြီးကတည်းက နေ့လည်း ဒီစိတ်၊ ညလည်း ဒီစိတ်၊ ကန်တော့ဗျာ. . အိမ်သာတက်ချင်တာတောင် ဒီစိတ်ကလေးနဲ့ပဲ တက်နေရလို့ ခုတလော ချုပ်တောင် ချုပ်နေသလိုပါပဲ။ နေရီရီကို ချစ်တဲ့စိတ်ကလည်း ချုပ်တည်းပြီး ချစ်နေရတာကိုး။ အဲ့ဒီတော့ ဝည်တ်သွားရာ ဓါတ်သက်ပါတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



အဲ. . . ဆိုင်က ဘယ်အချိန်ဖွင့်ပါလိမ့်။

ဒီနေ့ အလုပ်စဝင်ရမယ့်နေ့မို့လို့ ကျွန်တော့်မှာ အခုမှ လခစားဝန်ထမ်းဘဝကို စရတော့မယ့် လူငယ်လေးတစ်ယောက်လို ရင်ခုန်နေတာပါ။

ကျွန်တော်ထွက်လာခဲ့တဲ့ကုမ္ပဏီမှာ အလုပ်စဝင်တုန်းက လိုပေ့ါ။ သုတေသနဌာနဆိုတာက နောက်မှရောက်တာ။ စစဝင်ချင်း ရုံးပိုင်းဆိုင်ရာ စာရေးဝန်ထမ်းဆိုတော့ အိမ်ကနေ လိုလိုမယ်မယ် ဆိုပြီး ဘောလ်ပင်အနီအပြာ၊ ခဲတံ၊ ပေတံ၊ ဖိုင်ကဒ် အထူအပါး၊ စတာပလာ၊ ပင်ဘူး၊ ကော်ရစ်ရှင်း. . အိုး. . အစုံပဲ။ အနက်ရောင် သားရေဖျော့နဲ့ ချုပ်ထားတဲ့ ဘေးလွယ်အိတ်တစ်လုံး အပြည့်အဖောင်းပဲ။ A.4 စာရွက်တောင် အရွက်နှစ်ဆယ်လောက် လိုလိုမယ်မယ် ပါသေးတယ်။

ထမင်းချိုင့်ကလည်း တစ်ဖက်၊ ပိုပြီးများသွားတာက အလုကုန်ပစ္စည်း ထုတ်လုပ်မှုနဲ့ ပတ်သက်ပြီး ကျွန်တော်လေ့လာစုဆောင်းထားတဲ့ စာရွက်စာတမ်းတွေ၊ စာအုပ်တွေကြောင့်ပါ။ အိတ်ထဲဖောင်းကားနေလို့ ဌာနမှူးက မင်းအိတ်ထဲက ဘာတွေလဲလို့ မေးတာနဲ့ ကျွန်တော်ထုတ်ပြလိုက်တာ ဌာနမှူး စားပွဲလွတ် နေရာအကုန်ပြည့်သွားတယ်။ ဌာနမှူးလည်း မျက်လုံးပြူးသွားတယ်။

ဒါ ဘာလုပ်တာလဲဆိုတော့. . အလုပ်မှာ လိုမယ်ထင်လို့ပါပေ့ါ။ ဝိုင်းရယ်ကြတယ်ဗျ။ ဌာနမှူးကလည်း ကုမ္ပဏီကို သိက္ခာချတာလားဆိုပြီး ဆူလိုက်ကြိမ်းလိုက်တာမှ. .။ အင်းလေ. . . မသိရင် တော်တော်မွဲတဲ့ကုမ္ပဏီမို့လို့ ကိုယ့်ပစ္စည်းနဲ့ကိုယ် လာရတဲ့ပုံမျိုး ဖြစ်နေတာကိုး။





ဒါပေမယ့် ကျွန်တော်ပြောချင်တာက အသစ်ဆိုတာ ဒီလိုပါပဲ။ အင်္ကျီအဝတ်အစားအသစ်တွေတောင် ဝယ်လာရင် ကြည့်လိုက်စမ်းပါ။ ကုန်အမှတ်တံဆိပ်တွေ တို့လို့တွဲလောင်း ပါသေးတာပဲ မဟုတ်လား။ အနည်းဆုံး အထည်က တောင့်တောင့်ကြီးတော့ ဖြစ်နေသေးတာပါပဲ။ ကိုယ်ဝတ်မယ်ဆိုမှ တံဆိပ်တွေ ဖယ်ခွာပစ်ရတာ။

အဲ့သလိုပေ့ါ. .၊ ကျွန်တော့်ကိုလည်း ရုံးတစ်ရုံးရဲ့ ပုံမှန်ဆော့ကစ်ထဲ ထည့်မောင်းပြီဆိုတော့ မလိုအပ်တာတွေ ဖယ်လိုက်တာပေ့ါ ဒါပါပဲ။ သိပ်အဆန်းကြီးတော့ မဟုတ်ပါဘူး။

ဒါပေမယ့်လည်း လူတစ်ယောက်ဆိုတော့ ရှက်တော့ ရှက်မိတာပေ့ါ။ ကိုယ်မှ မသိသေးဘဲကိုး။ အခုလည်း ကျွန်တော့်မေဂျာနဲ့ သိပ်မဆိုင်တဲ့(တော်တော်လေး မဆိုင်တဲ့)အလုပ်ကို ဝင်ရမှာပါ။

ဒီတစ်ခါတော့ ဟိုတစ်ခါလို ပလုံတုံ ပလာတာ ဘာမှကိုမပါဘဲ လူကောင်ကြီးသက်သက် လာခဲ့တာပါ။ ဆိုင်ရှေ့ရောက်တယ်ဆိုရင်ပဲ ဆိုင်ပေါက်ဝမှာ ခါးထောက်ပြီးရပ်နေတဲ့ လေးချိုကြီးကို တွေ့ရပါတော့တယ်။

“လေးချို. . . မင်္ဂလာပါခင်ဗျာ”

“ဘာကွ”

“အညာဆယ်ရောပါခင်ဗျာ”

“ဟေ့ကောင်. . . မင်းဘာလာလုပ်တာလဲ”

“ဒီနေ့ ကျွန်တော်အလုပ်စဝင်ပြီလေ”

“ဘာ. . . မင်းကို ဘယ်သူလာခိုင်းလို့လဲ”

“နေ့ရှိရှိပါ”

“ဟမ်. .”



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က ကျွန်တော့်ကို သေသေချာချာ မှာလိုက်တယ်"

"ငါမေးမယ်ကွာ. . . မင်းရူးနေတာလား၊ ရူးချင်ယောင်ဆောင်တာလား"

"ဗျာ. ."

"ဗျာမနေနဲ့. . . နေရီရီအခြေအနေကို မင်းမသိဘူးလား၊ မင်းလည်း တစ်ရက်စာ မှတ်ဉာဏ်နဲ့ကောင်လား"

"ကျွန်တော့်ကို မကျီစားပါနဲ့ လေးချိုရာ၊ ကျွန်တော် ဟိုဖက်ကလည်း အလုပ်ထွက်လိုက်ပြီ၊ ဒီမှာ လေးချိုပေးသလောက်နဲ့ လုပ်ပါ့မယ်လို့ ကတိခံပြီးသားပဲဗျာ"

"မှန်တယ်. . တစ်နေ့ကအထိတော့ ဟုတ်တယ်၊ ဒါပေမယ့် မနေ့က မင်းအပြုအမူတွေ မရိုးသားဘူးလို့ ယူဆလို့ ငါပြောပြီးသားကိစ္စ ပယ်တယ်ကွာ. . . ရှင်းပြီလား၊ ကဲ. . . ဒိုးတော့"

ကျွန်တော် ခေါင်းငိုက်စိုက်ကျသွားပါတယ်။

လေးချိုပြောသလို ကျွန်တော်ရူးချင်ယောင်ဆောင်တာတော့ မဟုတ်ပါဘူး။ ရူးကိုရူးသွားတာပါ။ အရူးဆိုတာ ရှေ့နောက်ဘာမှ ဆင်ခြင်တွေးတောမနေဘဲ စိတ်ထဲပေါ်လာတာ တစ်ခုတည်းကိုပဲ လုပ်ဆောင်နေတတ်တာပါ။ ကျွန်တော်လည်း ဒီလိုပါပဲ။

နေရီရီကို စတင်တွေ့ပြီးကတည်းက အသိမှန်၊ အတွေးမှန် မဟုတ်တော့ဘဲ. . ချစ်တယ်. . ချစ်တယ်ဆိုတဲ့စိတ်နဲ့ မကြောက်မရွံ့ လုပ်နေတော့တာပါ။ ဒါဟာ အချစ်ပဲလို့ မတရား မစွပ်စွဲရက်ပါဘူး။

တကယ်တော့ အချစ်ဟာ သိပ်ကိုဖြူစင်ပါတယ်။ ချစ်တတ်တဲ့ စိတ်ဝိညာဉ်လေးတစ်ခု လူ့ခန္ဓာကိုယ်ထဲ ပူးကပ်လာတာဟာ ဘာမှမသိနားမလည်တဲ့ အရိုင်းအစိုင်းလေး မြို့ကြီးပြကြီးဆီ ရောက်





လာသလိုပါပဲ။ မြို့ကြီးသား လူယဉ်ကျေးတွေကသာ အရိုင်းစိုင်းလေးကို နားလည်ပေးဖို့ပဲ လိုပါတယ်။ အရိုင်းစိုင်းလေးကတော့ ရိုးသားစွာ ရိုင်းပျနေမှာပါပဲ။

အဲ့သလိုပါပဲ. . . လူကသာ ချစ်တတ်တဲ့စိတ်ရဲ့ သဘောသကာရကို နားလည်ရမှာပါ။ နားမလည်ဘူးဆိုရင်တော့ ရူးနေလို့ပေ့ါ။ ကျွန်တော်ရူးပါတယ်။ နေရီရီကို ချစ်တယ်ဆိုတာတစ်ခုပဲ သိပြီး ဘာမှနားမလည်ချင်တော့ပါဘူး။

အဲဒီအခိုက်မှာပဲ နေရီရီကိုယ်တိုင် မောင်းလာတဲ့ကားလေး ဆိုင်ရှေ့မှာ ရပ်လာပါတော့တယ်။ သူမက ကားကို သပ်ရပ်ကျွမ်းကျင်စွာပဲ နောက်ဆုတ်ရပ်တန့်ပြီးမှ ကားထဲက ထွက်လိုက်တယ်။

ကျွန်တော့်အတွက်တော့ အားဆေးတစ်ခွက်ပါပဲ ပရိသတ်ရယ်။

ရေအရမ်းငတ်ပြီး အာခေါင်တွေ ခြောက်နေတဲ့အချိန်မှာ ဘီယာလေး. . အဲ. . အဲ. . ရေကြည်အေးအေးလေးတစ်ခွက် ရလိုက်သလို(မသောက်ရသေးဘူးနော်) ခံတွင်းထဲ ခြောက်နေရာက ချွဲကပ်လာတယ်။ အားတက်လာတာတော့ အမှန်ပဲဗျာ။

ဒါပေမယ့်လည်း အကြောင်းကသိနေတော့ တက်လာတဲ့အားက ပျော့ပျော့လေးပါ။ အားပျော့ပျော့လေး တက်လာတယ်ပေ့ါဗျာ။ ဘာပဲဖြစ်ဖြစ် ရေနစ်နေတဲ့သူအဖို့ မြက်တစ်ပင်လည်း အသက်ကယ်နိုင်နိုးနိုးပေ့ါ။

အဲဒီအခိုက်မှာပဲ ဦးအာနိုး(လေးချိုကြီးကိုပြောတာပါ) သူ့ငြင်းဆန်မှုကို ခိုင်မာအောင် ထပ်ပြီးသက်သေပြလိုတဲ့ဟန်နဲ့. . .

"သမီးရေ. . . ဒီမှာ အလုပ်ဝင်ဖို့လာတာလဲ မနေ့က သမီး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ထားတာဆို"

သွားပြီပေါ့. . .။ သူမရဲ့မှတ်ဉာဏ်နဲ့ ထုံးစံအတိုင်း. . . ဟင့်အင်း. . . သမီးမခေါ်ပါဘူးလို့ ငြင်းလိုက်ရင်. .။

ဒါပေမယ့် သူမမျက်နှာလေး ကျုံ့ပြီးကြည့်ရင်း. . .

"ဪ. . ဟုတ်တယ် လေးချို့ သိမ့်သိမ့် အလုပ်ထွက်တော့ မှာဆိုတော့ သူ့နေရာမှာ အစားထိုးဖို့လိုတယ်၊ အဲဒါကြောင့် သမီး ခေါ်လိုက်တာ"

"ဟမ်"

လေးချို့ကြီးရဲ့မျက်လုံးတွေ ပြူးထွက်လာတယ်။ ပြီးတော့ အထိတ်တလန့်အသံနဲ့. . .

"နေရီရီ"

"ရှင်"

"သိမ့်သိမ့် အလုပ်ထွက်မယ့်ကိစ္စ ငါလည်း မသိပါလား"

"မနေ့က သူ့ကို လေးချို့ ထိုးမယ်ကြိတ်မယ် လုပ်နေတုန်းတ လေ"

"ဟေ. ."

"ပြီးတော့. . သူ့ကိုလည်း အလုပ်ခန့်ဖို့ လေးချို့ပဲ တစ်ပတ် လောက် ကြိုပြီးခေါ်ထားတာ၊ ဒါနဲ့ နေပါဦး၊ ရှင်ရော ကုမ္ပဏီတ ထွက်လိုက်ပြီလား"

"ပြီးပါပြီ"

"အိုခေလေ. . . ဒါဆိုလည်း ကျွန်မရုံးခန်းထဲလိုက်ခဲ့"

ပြောပြီး သူမ ဆိုင်ထဲဝင်သွားတော့ ကျွန်တော်လည်း ပျော်ပြီး နောက်က လိုက်သွားတယ်။



တွေ့တယ်မဟုတ်လား ပရိသတ်။ အဲဒါ. . ကံဇာတာ အ ညှောင့်ထွက်လာတာလို့ ခေါ်တယ်ဗျ။

အဟတ်ဟတ်. . . ပျော်လိုက်တာ။

ခဏလေးနော်. . . ကျွန်တော် အထဲလိုက်ဝင်လိုက်ဦးမယ်။

"အိုး. ."

ရှေ့ကို လှမ်းနေတဲ့ ကျွန်တော့်ခြေလှမ်းတွေခမျာ နောက် ကနေ ပခုံးကို လှမ်းဆွဲလိုက်တာကြောင့် တစ်ပေသာသာလောက် မြောက်ခနဲဖြစ်ပြီး လာလမ်းအတိုင်း တစ်ပတ်လည်သွားတယ်။

"အာ. . . လေးချို့ကြီး လွှတ်ပါဗျ"

လေးချို့ လွှတ်ပေးပြီး မိုက်တိုင်စန်လို ခါးထောက်ကြည့် ရင်း. . .

"ဒီပုံအတိုင်းဆို ငါ့တူမ မှတ်ဉာဏ်တွေ ပြန်ရလာပြီ၊ အဲဒီ တော့ ငါသတိပေးလိုက်မယ်၊ မင်းဘာအကြံအစည်နဲ့ ဒီမှာ လာပြီး အလုပ်ဝင်တယ်ဆိုတာ ငါသိတယ်၊ မင်းလိုကောင်မျိုးနဲ့ ငါ့တူမကို လုံးဝသဘောမတူနိုင်ဘူး၊ မင်း ဒါကိုမကြောက်ရင်တော့ ရှေ့ဆက် တိုးကြည့်ပေါ့ကွာ"

ပြောပြီး လက်သီးထောင်ပြတယ်။

အတော်ကြီးတဲ့လက်သီးဗျ။ အသည်းယားစရာပဲ. . .။

"လေးချို့ရာ. . . နည်းနည်းတော့ လျှော့ပေးပါလားဗျာ"

"မလျှော့နိုင်ဘူးကွာ. . . ယူချင်ယူ မယူချင်နေ"

"အိုခေ. . . အိုခေ. . ယူပါ့မယ်ဗျာ. . နော်"

"ယူ. . ဟာ. . ဟေ့ကောင်. . ငါဈေးရောင်းတာနဲ့ မှား ပြောတာ၊ မရဘူးနော်. . ယူရင် အသေပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နားထင်လေးကုတ်၊ နှာခေါင်းလေးပွတ်ပြီး လှည့်ဝင်လာတော့ အရောင်းကောင်တာဆီက ကောင်မလေးတွေ ကြိတ်ပြီးရယ်နေတာ တွေ့ရတယ်။ ရှက်ပေမယ့် မတတ်နိုင်ဘူးဗျာ။ ကြိုက်မရှက် ငိုက်မရှက်ဆိုတဲ့စကားလည်း ရှိသားပဲ။

ရုံးခန်းထဲရောက်လာတော့ နေရီရီက သူ့ကို ရှေ့ကခုံမှာထိုင်ဖို့ မေးဆတ်ပြတယ်။ အဲဒီနောက် ကွန်ပျူတာ စကရင်ပေါ်က သူမအကြည့်တွေကို ရွှေ့ယူလာပြီး. . .

"ရှင် နောင်တမရဘူးလား"

"ဟင်. . . ဘာကိုလဲ"

"အခု ရှင် ဒီမှာအလုပ်ဝင်ပြီး ရတဲ့လခက ရှင်ထွက်လာတဲ့ ကုမ္ပဏီလစာရဲ့အစွန်းထွက်လောက်ပဲ ရှိတာလေ"

ကျွန်တော် ပခုံးတွန့်ပြီး ပြုံးလိုက်တယ်။ ငါးခူပြုံးလေးလို့ ထင်ရပေမယ့် ငါးခူပုံ မပေါက်အောင်တော့ သတိထားပြီး ပြုံးလိုက်ပါတယ်။ အဲဒီနောက်မှ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိတဲ့ လေသံမျိုးနဲ့. . .

"ကျွန်တော်ဖြစ်ချင်တာ ဖြစ်ခွင့်ရနေတာပဲ၊ နောင်တရစရာ မရှိပါဘူး"

"ဟုတ်လား. . . ရှင်က ဘာဖြစ်ချင်တာလဲ"

"အဲ. ."

ကျွန်တော်ဘဝမှာ အဲသလောက် ခက်ခဲတဲ့မေးခွန်းမျိုး တကယ်မကြုံဖူးခဲ့တာပါ။ ကျောင်းတုန်းက အော်ဆဲပစ်ချင်လောက်အောင် ခက်ခဲတဲ့ ဩဂဲနစ်ကိုတောင် ဖြေနိုင်ခဲ့တာ။

ဒီတစ်ခါတော့. . .





"ပြောလေ. . . ရှင်ဘာဖြစ်ချင်တာလဲ"

ကျွန်တော်ပင့်သက်ခိုးရှိုက်ပြီး သူမမျက်ဝန်းတွကို ခိုးဝှက်ကြည့်မိတယ်(ဖြောင့်ကို မကြည့်ရဲတော့တာ ဝန်ခံပါတယ်)။ အဲဒီနောက် ကျောမလုံသလို နောက်ကို တစ်ချက်ကြည့်လိုက်တယ်။

အခန်းကလည်း အဲကွန်းရှိတဲ့ မှန်လုံခန်းဆိုတော့ အပြင်မှာရှိနေတဲ့ လေးချိုကြီး မကြားလောက်ဘူးလို့ ထင်ပြီး. . .

"ကျွန်တော် အမှန်အတိုင်း အရမ်းပြောချင်တယ်၊ ပြောခွင့်ပြုမလား နေရီရီ"

"ပြောလေ. . . ရှင်နဲ့ကျွန်မ နှစ်ယောက်ထဲရှိတာ၊ လွတ်လွတ်လပ်လပ် ပြောပါ"

ကိုင်း. . ပေါက်တဲ့နဖူး မထူးဘူးပဲ ပြောရမလား၊ ကြောက်စိတ်လေး ပါးပါးလျားလျား ရှိပေမယ့် တံတွေးမြိုချပြီး. . .

"ကျွန်တော် နောင်တမရတဲ့ ပထမတစ်ချက်က နေရီရီ ရှိနေတဲ့နေရာမှာ နေခွင့်ရတာကြောင့်ပါ၊ ဒုတိယ တစ်ချက်က နေရီရီတို့ ဘယ်သူမှမနှောင့်ယှက်နိုင်အောင် ကာကွယ်ခွင့် ရနေတာကြောင့်ပါ၊ ဘာဖြစ်ချင်သလဲဆိုတဲ့ မေးခွန်းအတွက်ကတော့ အဖြေတစ်ခုပဲရှိပါတယ်၊ ကျွန်တော် နေရီရီကို စမြင်ကတည်းက ချစ်သွားတယ်၊ အခု နေရီရီနဲ့ ချစ်သူဖြစ်ချင်တယ်. . . အဲဒါပါပဲ"

"ဟားဟားဟား. . ခစ်ခစ်ခစ်. . ရှင်လည်း ယောကျ်ားတွေထဲက ယောကျ်ားတစ်ယောက်ပဲကိုး. . အဟင်းဟင်း"

"ဗျာ. . ယောကျ်ားမဟုတ်ရင် ဂန်ဒူးဖြစ်သွားမှာပေါ့ နေရီရီရဲ့"

"အင်. . . ဂန်ဒူးဖြစ်ရင်တောင် ဟုတ်သေးတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်. ."

"ဟုတ်တယ်လေ. . . ဂန္ဒီးက မိန်းမစိတ်ဆိုတော့ ကျွန်မ ကို ရည်းစားစကား မပြောတော့ဘူးပေါ့"

"အဲဒါတော့ မတတ်နိုင်ဘူး. . နေရီရီ၊ ကျွန်တော်ဟာ ယောက်ျားတစ်ယောက်ဖြစ်တယ်၊ အဲ့ဒါကြောင့် ချစ်တယ်"

"ဒါဆို ရှင့်ကို အလုပ်မခန့်တော့ဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ"

"အိုး. . . ကိုယ့်ကို ချစ်ကြိုက်နေမှန်းသိတဲ့ လူတစ်ယောက် ကို လစာပေးပြီး ခေါ်ထားရမှာလား. . . စဉ်းစားကြည့်ပါဦး"

"မဟုတ်ဘူးလေ နေရီရီ"

"ဟုတ်တယ်. . . အဲဒီအတိုင်းတော့ ကျွန်မ မလုပ်နိုင်ဘူး ကဲ. . . ရှင်ပြန်လို့ရပြီ"

ကျွန်တော် ငြိမ်ပြီး ပင့်သက်ရှိုက်သွင်းရုံကလွဲလို့ ဘာမှမ တတ်နိုင်တော့ပါဘူး။ ဒီထက်ပိုပြီး တောင်းဆိုရင်လည်း လေးချိုရဲ့ လက်သီးနဲ့ နီးစပ်လာရုံကလွဲလို့ ပိုမထူးတော့တာကြောင့် ထိုင်ရာက နေ ထရပ်လိုက်တယ်။ အဲဒီပုံစံကိုကြည့်ပြီး နေရီရီ မခိုးမခန့်လေးပြုံး ရင်း. . .

"ဘယ့်နှယ့်လဲ. . . ရှင်နောင်တရသွားပြီ မဟုတ်လား"

ကျွန်တော်စိတ်ဓါတ်ကျသွားပေမယ့် ဖွဲမကျသေးတဲ့အတွက် စောစောကလိုပဲ ပခုံးတွန့်ပြလိုက်ရင်း. . .

"ကျေနပ်စရာပဲ မဟုတ်လား နေရီရီ၊ ကျွန်တော့်အဖြစ်က မောင်ကြီးလည်းမမီ၊ ထီးတင်ပွဲလည်းမရောက်၊ မျောက်သစ်ကိုင်း လွတ်သလို ဆိုပေမယ့် အဲဒီဆုံးရှုံးမှုအားလုံးက နေရီရီကို ချစ်မိတဲ့



စိတ်ကြောင့်ဆိုတော့ အိုကေပါတယ်၊ အစကတည်းက နောင်တရစ ရာ မကျန်အောင် ချစ်ခဲ့တာမို့ အဆင်ပြေပါတယ်၊ ကျွန်တော်အရမ်း ချစ်ပါတယ် နေရီရီ"

ပြောပြီး ခေါင်းတစ်ချက် ဆတ်ညိတ်၊ နှုတ်ဆက်ပြီး အခန်း ထဲက ထွက်လာခဲ့တယ်။ အပြင်မှာ လေးချိုကြီး ကျွန်တော့်ကို စောင့် နေတဲ့ပုံပါ။ ကျွန်တော် အနားရောက်တယ်ဆိုရင်ပဲ. . .

"မင်းကို ငါ ဘာမှာလိုက်လဲ ဟေ့ကောင်"

"ခင်ဗျာ. ."

"မင်း အူကြောင်ကြောင် မလုပ်နဲ့၊ ဒီမှာ မြင်လား"

သူပြတဲ့နေရာကို ကြည့်လိုက်တော့ အင်တာကွန်း ဖြစ်ပုံရတဲ့ အသံသေတ္တာသေးသေးလေးပါ။

"မင်းနားထောင်လိုက်"

ထိုနောက် လေးချိုကြီးက ပုံမှန်ပြောဆိုနေတဲ့အသံနဲ့. . .

"သမီးနေရီရီ"

"ရှင်. . လေးချို"

သူမအသံက စောစောက သေတ္တာလေးထဲက ထွက်ပေါ် လာတာပါ။

"ဒီကောင့်ကို ဘာလုပ်မှာလဲ. . မောင်းထုတ်လိုက်ရတော့မ လား"

"ဟင့်အင်း. . လေးချို၊ မောင်းထုတ်စရာ မလိုပါဘူး၊ သူ့ ဘာသာသွားမှာပါ"

အဲဒီနောက် လေးချိုမျက်နှာကြီး ကျွန်တော့်ဘက်လှည့်ပြီး

"မင်း ကြားတယ်မဟုတ်လား၊ မင်းတို့ အခန်းမှာ ပြောဆိုနေ

www.burmeseclassic.com

www.burmeseclassic.com



တာ ဒီအပြင်ဖက်က အကုန်ကြားတယ်ကွ"


ဒီတော့မှ ကျွန်တော်လည်း ရှက်ပြီး ဘေးဘီဝဲယာ လှည့်ကြည့်လိုက်တယ်။ သိတဲ့အတိုင်း ကောင်တာတွေဆီက အရောင်းစာရေးကောင်မလေးတွေ. . တခိခိ၊ တစ်ချို့လည်း ပြုံးစိစိ ဖြစ်နေတာကြောင့် ဘာမှပြောမနေတော့ဘဲ လေးချိုရှေ့ကနေ ခပ်သွက်သွက် ထွက်လာခဲ့တော့တယ်။

(တောက်. . . ငါ့နှယ့်ကွာ၊ အင်တာကွန်း တပ်ထားတာ မမြင်ရလောက်အောင် ဒါမျိုးကျ ငါ့မျက်လုံးက ကြောင်တောင်တန်နေသလား မသိဘူး)

"ဆရာ. . . အောင်ဘာလေ ဖွင့်ဖို့ တစ်ရက်ပဲ ကျန်တော့တာ၊ သူဌေးလောင်း ကံစမ်းပွဲလေး နွဲလိုက်ပါဦးလား"

လှည့်ကြည့်လိုက်တော့ ထီလက်ပွေ့ရောင်းနေတဲ့သူကြောင့် ကျွန်တော် ဒေါပွပြီး. . .

"ဟေ့ကောင်. . . ကံမကောင်းလို့ ရှိတဲ့အလုပ်တောင် ပြုတ်တာ၊ မင်းဂျီးဒေါ်မို့လို့ ကံစမ်းရမှာလားကွ. . . ချီးပဲ"




www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၂၅)

အာမှန်တော့လည်း ပရိသတ်ရယ်၊ ကျွန်တော် ဟန်လုပ်ပြီး အပြုံးမပျက်သလို နောင်တမရသလို နေသာနေနေရတာ၊ ရင်ထဲမှာ အတော်ထိပါတယ်။ မအီမလည် မချိမဆန့်ကြီးဗျာ. . .တကယ်ပါ။ ခါတိုင်းတော့ ရုံးချိန်ရှိနေလို့ အလုပ်ထဲ ရောက်သွားရင် လုပ်ငန်းစိတ်နဲ့ဆိုတော့ သိပ်မထောင်းသာလှဘူးပေါ့။ ခုတော့ မိုးလင်းမိုးချုပ် အိမ်ထဲမှာ ကုတ်ရင်ကုတ်နေ၊ မဟုတ်ရင် ဆိုင်ထွက်ထိုင်. အဲဒါပဲ ဆိုတော့ စိတ်က နေရီရီဆီမှာပဲ ရှိနေလို့ အတော့်ကို မျှသာ မရှိက်



www.burmeseclassic.com

www.burmeseclassic.com



သာကြီး ခံရတာပါ။

သူ့ကိုတော့ သွားပြန်မပြောပါနဲ့. . ကျွန်တော့်စိတ်ထဲ နောင်တတောင် ရချင်ချင်ဗျ။

တွက်ကြည့်လေ. . . ကိုယ့်ဝင်ငွေနဲ့ကိုယ် ကန္ဒြေရရနေနိုင်တဲ့ဘဝကနေ အရူးထပြီး ထွက်ပစ်လိုက်တဲ့ကိစ္စ လမ်းထဲကလူတွေက ဒီနေ့အလုပ်မသွားဘူးလား မဆင်းဘူးလားနဲ့ မေးတာကို ဟိုလို ဒီလိုလုပ်ပြီး ဖြေနေရတာသာ ကြည့်တော့။

အဲဒါကြောင့် ပရိသတ်ကို သတိပေးချင်တာ၊ ကျွန်တော့်လိုတော့ အချစ်ရူးထပြီး မမိုက်လေနဲ့ဗျို့။ ဒါမျိုးက ဝတ္ထုတွေ ရုပ်ရှင်တွေထဲမှာပဲ ဖတ်လို့ ကြည့်လို့ကောင်းတာ။ တကယ့်အပြင်မှာတော့. . မလွယ်ကြောဗျ။

ဒီခေတ်ထဲ လစာတစ်သိန်းကျော် ရတဲ့အလုပ်မျိုးဆိုတာ လွယ်လို့လား။ ဒီကာလအတွင်း ကျွန်တော်လည်း တခြားအလုပ်အကိုင် အခွင့်အလမ်းလေး ရနိုးနိုး ရှာပါတယ်။ ဒါပေမယ့် အခြေခံလစာ သာသာလေးနဲ့ စရမှာဆိုတော့ စိတ်ထဲ သိပ်ဖီလင်မလာဘူးဗျ။

နေရီရီဆီမှာကတော့ ကျွန်တော့်အတွက် ချွင်းချက်ပေါ့။ ဒါက ရူးပြီးယိုင်မိတာ။ ကျန်တဲ့နေရာမှာ အဲလောက်ခံစားခွင့်နဲ့ ဘယ်လုပ်နိုင်မှာလဲ။ ကျွန်တော့်ပရိသတ်ဆိုလည်း ဒီလိုပဲနေမှာ. . ။ တစ်ခုတော့ ရှိတယ်။ ဒီကာလအတွင်း ဘာမှအလုပ်မရှိတော့ မျက်လုံးကို ပိုပြီးဂရုစိုက်ဖြစ်တယ်။

ဘဏ်ထဲ ထည့်ထားတာလည်း ဖဲ့ရွဲ့ပြန်ထုတ်ပြီး အသုံးစရိတ်ကလေးလုပ်၊ အမှန်အကန် ဗွီးရှင်းတစ်ခုမှာလည်း မျက်စိအထူးကု ဆရာဝန်နဲ့ မျက်လုံးကျန်းမာရေးကို စစ်ဆေး၊ အိမ်မှာလည်း အချိန်





မှန် မျက်စင်းခတ်တာတို့ဘာတို့ လုပ်ဖြစ်တယ်လေ။

အဲဒါကြောင့်လား မဆိုနိုင်ဘူးဗျ၊ EYE POWER တက်လာလို့ ပြဿနာတစ်ခုတောင် ဖြေရှင်းလိုက်ရတယ်။

တစ်နေ့ပေါ့ဗျာ. . အိမ်မှာ ဖြစ်သလိုချက်စားနေရာက ငြီးငွေ့လာလို့ အဲဒီနေ့ ညနေစာကို အပြင်မှာ ထွက်စားမယ်ဆိုပြီး ထွက်စားတာ။ အဲဒီအရင့်အရင်တွေတုန်းကလည်း ဒီလိုပဲ အိမ်မှာ ခံတွင်းမတွေ့ရင် အပြင်ထွက်စားတာမျိုးတော့ ရှိပါတယ်။ သိပ်အကောင်းစားဆိုင်ကြီးတွေမှာတော့ မဟုတ်ပါဘူး။ ကိုယ့်ဝင်ငွေနဲ့ကိုယ် သင့်ရာတင့်ရာလေးနဲ့ တင်းတိမ်တဲ့သဘောမျိုးပေါ့။ ဆိုင်ကတော့ ကျွန်တော်တို့လမ်းထိပ်မှာ ဖွင့်စားတဲ့ ထမင်းဆိုင်ပါ။ အရသာလည်းကောင်း၊ သန့်ရှင်းမှုလည်းရှိ၊ ဈေးလည်းသိပ်မကြီးလို့ ကျွန်တော် ခံတွင်းပျက်လာရင် အဲဒီကို ပြေးကာပဲဗျ။

ကျွန်တော်ကြိုက်တဲ့ ငါးရံ့အူတို့၊ ငါးတန်ဗိုက်သားတို့၊ ဂုံးသုတ်တို့ကိုလည်း ရှယ်ကို ရတာလေ။ အဲဒီနေ့က နည်းနည်းနောက်ကျသွားလို့ ဂုံးသုတ်ပဲ ရတော့တာနဲ့ အဲဒါတစ်ပွဲ၊ ဝက်သားကြော်နှပ်တစ်ပွဲ၊ ငါးခေါင်းသီးစုံချဉ်ရည်ဟင်း၊ ငပိတို့စရာနဲ့ တစ်ဝပဲ ကြိတ်ပစ်လိုက်တယ်။

အဲဒီအချိန်မှာ ကျွန်တော်နဲ့ ကပ်လျက်ဝိုင်းမှာ ကျွန်တော့်အရွယ် စုံတွဲတစ်တွဲလည်း စားနေကြတယ်ဗျ။ သူတို့ဝိုင်းက ဟင်းလျာကတော့ စုံတယ်ဗျာ။ ပုဇွန်အစိမ်းသုတ်၊ ကင်းမွန်အချိုချက်၊ အစိုးကြော်၊ ဝက်သားဆီပြန် ငါးဆုပ်ဆီပြန်ဟင်း၊ ပြီးတော့ ကျွန်တော့်လို ငါးခေါင်းသီးစုံဟင်းဗျ။ လှမ်းကြည့်တာတင် အတော်မြိန်တယ်။

အဲ. . အဲ. . ပြောချင်တာက ကျွန်တော့်မျက်လုံးပါ။ ကျွန်

www.burmeseclassic.com



တော်လှမ်းကြည့်လိုက်တဲ့ ကင်းမွန်ဟင်း ပန်းကန်ပြားထဲမှာ ကြွက်ပေါက်လေးတစ်ကောင် ပါနေတာ ကြုံကြုံဖန်ဖန်ကို မြင်လိုက်ရတာဗျ။ သိတဲ့အတိုင်း ကြွက်ပေါက်လေးဆိုတော့ အမွေးအမျှင်မရှိ နီတာရဲ လုံးလုံးကလေး။ ကင်းမွန်ကလည်း ချက်လိုက်ရင် ဟင်းအရောင်နဲ့ဆိုတော့ နီတာရဲလေး လုံးလုံးကလေး။

တမင်ထည့်ချက်ထားတာ မဟုတ်လောက်ဘူးဗျ။ ဟင်းပွဲတွေ ပြင်ထားတုန်း အပေါ်ကနေ ပြုတ်ကျတာပဲဖြစ်ရမယ်။ ဖြစ်ချင်တော့ ကောင်မလေးက ကင်းမွန်ကို အရမ်းကြိုက်ပုံပဲဗျ။ အဲ့ဒီမှာ ကောင်လေးက သူ့ကောင်မလေးကို မျက်နှာလုပ် အချစ်ပိုပြချင်တော့ ကင်းမွန်တစ်ဖတ်ကို ဇွန်းနဲ့ခပ်ပြီး ကောင်မလေးကို ပါးစပ်ဟခိုင်းတယ်။

အံမယ်. . ကိုရီးယားဘာသာနဲ့. . အာအာ. . လို့တောင်ပြောပြီး ဟခိုင်းတာ။ သူ ခွံ့မယ်ပေါ့။ ကောင်မလေးကလည်း ရှက်စနိုးနဲ့ ဟိုဟိုဒီဒီ မလုံမလဲကြည့်ပြီး မျက်နှာရဲရဲလေးနဲ့ ပြုံးပြီး ဟပေးလိုက်တယ်။ ဟိုကလည်း ခွံ့တော့မယ်။

အဲ့ဒီမှာ ကျွန်တော် မြင်လိုက်တာက ဇွန်းထဲမှာ ပါသွားတာ ကင်းမွန်မဟုတ်ဘူး. . ကြွက်ပေါက်လေး။ ပြောရင်းတောင် အာယားတယ်ဗျာ။ မင်း. . . ကြက်သီးတောင် ထတယ်။

ကျွန်တော် ဘယ်လိုမှမနေနိုင်တော့ဘဲ ကောင်မလေး ပါးစပ်နား ရောက်လုလုဖြစ်နေတဲ့ကြွက်ကို ဝုန်းခနဲထပြီး ပုတ်ချပစ်တာပေါ့။ အဲ့ဒီမှာ ကောင်လေး ဒေါ်ပွပြီး ကျွန်တော့်ကို အကြီးအကျယ် ရန်လုပ်တော့တာကလား။ ထိုးမယ်ကြိတ်မယ်တွေတောင် ဖြစ်ကုန်လို့ ကျွန်တော့်မှာ မနည်းရှင်းပြယူရတယ်။





ရှင်းပြတော့ အဲ့ဒီနှစ်ယောက် နည်းနည်းလက်ခံပြီး ကျွန်တော်ပုတ်ထုတ်လိုက်လို့ လွင့်သွားတဲ့ ကြွက်ပေါက်ကို ရှာကြတယ်။ ကျွန်တော် ကံဆိုးတယ် ပရိသတ်ရယ်၊ ဘယ်ခုံအောက် ရောက်ပြီး ဘယ်သူ့ခြေထောက်နဲ့ နင်းမိတိုက်မိမှန်း မသိလို့ ရှာမရတော့ဘူးဗျ။

ဆိုင်ရှင်ကလည်း တကယ်ရှာတွေ့ရင် သူတို့ ပြဿနာတက်မှာမို့လို့ မဖြစ်နိုင်ဘူးချည်း ငြင်းတာကြောင့် နောက်ဆုံးတော့ ကျွန်တော်ပဲ တောင်းပန်လိုက်ရတယ်။ ကာယကံရှင်စုံတွဲ ကျေနပ်အောင်လည်း သူတို့ဝိုင်းအတွက်ပါ ကျွန်တော်ရှင်းလိုက်ရလို့ အတော်အီစိမ့်သွားပါတယ်။ သူတို့လည်း ဆက်မစားဖြစ်။ ကျွန်တော်လည်း စားလို့ပြီးပြီမို့ ရှင်းပြီး ဆိုင်ထဲကထွက်လာမှ စောစောက ပျောက်နေတဲ့ ကြွက်ပေါက်ကို ဆိုင်အပြင်ဖက် ခြေနှစ်လှမ်းစာအရောက်မှာ ကျွန်တော်ပြန်တွေ့တာလေ။

ကျွန်တော် ဒေါ်ပွပြီး ပြေးကောက်၊ ဆိုင်ရှင်ကို ဒါဘာလဲ မြင်လားလို့ ပြမယ်ပေါ့။ ဒါပေမယ့် ကျွန်တော့်နောက်က ရောက်လာတဲ့လူက. . .

"ခင်ဗျား ဦးသွားတယ်ဗျာ. . . နှမျောစရာပဲ" တဲ့. . .။

ဒီလူ နည်းနည်းမူးနေတယ်ဗျ။ အဲ့ဒါနဲ့ ကျွန်တော်က. . .

"ဒါ ဘာမှတ်လို့လဲ၊ ကြွက်ဗျ. . . ကြွက်ပေါက်လေး"

လို့ပြောပြီး ပြလိုက်တော့. . .

"သိတယ်. . . ဆိုင်ထဲကနေ ပစ်ထုတ်လိုက်ကတည်းက အဖိုးတန်လေးဆိုတာ ကျုပ်မြင်တယ်၊ ခင်ဗျားမလိုချင်ရင် ပေးလေ"

ဆိုတော့ ကျွန်တော်လည်း စိတ်ရှုပ်တာရော ပြဿနာတိုးမှာ မဆွချင်တာရော ပေါင်းပြီး အဲဒီအမူးသမားလက်ထဲ ကြွက်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



လေးကို ရှေးဗျာဆိုပြီး ထည့်ပေးလိုက်တယ် ပရိသတ်ရေ။ အဲ့ဒီလူ ဘာလုပ်တယ်မှတ်လဲ။ ဝမ်းသာအားရနဲ့ ကြွက်ပေါက်လေးကို အကျီနဲ့ ဟိုပွတ်ဒီပွတ်လုပ်ပြီး ပါးစပ်ထဲ ပစ်ထည့်လိုက်တာဗျို့. . . ။

ကျွန်တော့်မှာ အူတွေအသည်းတွေပါ ပြောင်းဆန်ကုန်ပြီး စားထားသမျှ အန်ထွက်မလာအောင် အတင်းအောင့်ပြီး ခုန်ဆွခုန်ဆွ နဲ့ကို ထွက်လာရတာ. . ။ ကိုယ့်အခန်းကိုယ် ပြန်ရောက်တာတောင် ဗိုက်က ယားသလိုလို ရင်ဘတ်က ယားသလုလို ဖြစ်နေတုန်းဗျာ. . . တကယ်ပါ။

ကျွန်တော်ထိန်းထားပေမယ့် မရတော့ဘူးဗျ၊ အဲ့ဒီကြွက်ပေါက်လေးတွေနဲ့ပတ်သက်ပြီး တစ်ပတ်လောက် စားမဝင်အိပ်မပျော် ဖြစ်ခဲ့ဖူးတဲ့ ပြဿနာရှိဖူးတဲ့ကြားက ဒီလိုကြီးထပ်ကြုံရတော့. .

"ဝေါ့. . အော့. . ခတ်. . "

"ဝေါ့. . ထွီ. . "

ကုန်ရောဗျာ. . . ။ ဒီနေ့အဖို့ အခုမှတစ်ကယ်ကုန်တာ. . နှစ်ဝိုင်းစာရှင်းပေးလိုက်ရလို့ နှမြောတသဖြစ်နေပါတယ်ဆိုမှ ကိုယ်စားထားတာပါ အန်ထုတ်လိုက်တဲ့အဖြစ်. . ငါ့နှယ့်။

အမလေး. . . ဟူး. . ။

အဲ့ဒီကြွက်ပေါက်က ဒီလိုဗျ၊ ကျွန်တော်နယ်ကနေ ရန်ကုန်တက်လာဖို့ ပြင်ဆင်တော့ အိမ်ကပစ္စည်းတွေ အဒေါ်တွေဆီမှာ အပ်တန်တာအပ်ပြီး. . ကျွန်တော်လည်း ယူသင့်တာယူပေါ့၊ အများကြီးမဟုတ်ပါဘူး ကျွန်းသေတ္တာကြီးတစ်လုံးထဲပါ။ စာအုပ်တွေ. . အဝတ်အစားတွေနဲ့ အခြားဟာဟီရ အသုံးအဆောင်ပစ္စည်းတွေ ထည့်သယ်ဖို့. . ကျွန်းသေတ္တာကြီး တစ်လုံးထဲနဲ့ လုံလောက်တယ်ဆို





တော့ကာ အိမ်မှာ အဖေ့လက်သမားပစ္စည်းတွေ ထည့်ထားတဲ့ သေတ္တာကို မျက်စိကျတာပေါ့။

အဲ့ဒါကြောင့် အဖေ့တပည့်ဦးစောထေကို ခေါ်ရှင်းခိုင်းတယ်၊ အဲ့ဒီသေတ္တာအားဖို့ အခြားသေတ္တာအသေးနှစ်လုံးထဲ ခွဲထည့်ခိုင်းလိုက်တယ်. . ကျွန်တော်လည်း ဝိုင်းကူတာပေါ့. . ၊ လက်သမားပစ္စည်းထည့်တဲ့ သေတ္တာဆိုတာ အလေးကြီးဗျ၊ နေရာရွှေ့ဖို့မလွယ်ဘူး၊ အဖေရှိစဉ်တုန်းကလည်း အဲ့ဒီသေတ္တာ အဲ့ဒီနေရာကနေ ဘယ်မှရွှေ့တာမဟုတ်ဘူး။

အဲ့ဒါဗျာ ဖြစ်ချင်တော့ ပစ္စည်းတွေလည်း ထုတ်ဖယ်လို့ ကုန်သလောက်လည်းဖြစ်ရော. . သေတ္တာအနောက်ဖက် ဘေးထောင့်နားမှာ ကြွက်ကိုက်ဖောက်ထားတဲ့ အပေါက်ကိုတွေ့ရောဗျ။

ဦးစောထေက. . .

"ရဲထွဋ်ရေ. . မင်းလိုချင်တဲ့သေတ္တာက အပေါက်ကြီးနဲ့ဟ"

"ရတယ်. . ပေါက်လည်း အထဲကနေ သံပြားစနဲ့ ကပ်ရိုက်ပြီး ဟာထားပေါ့"

အဲ့ဒီအချိန်အထိ သေတ္တာကိုယူဖို့ ကျွန်တော်အမှန်တကယ် စိတ်မပျက်သေးဘူးဗျ၊ နောက်ထပ်ကျန်နေတဲ့ပစ္စည်းတွေ ဖယ်ထုတ်လို့လည်းပြီးရော ကျွန်တော့ဘက်ခြမ်းမှာ အမှိုက်တွေနဲ့ လုံးခွေနေလို့ ဖယ်ကြည့်လိုက်တာ. . . အားလားလား. . . လှုပ်တုတ်တုတ် ရဲတဲတဲ လေးတွေပဲရှိသေးတဲ့ ကြွက်ပေါက်ကလေးတွေဗျ။ အားလုံး. . လေးကောင်တောင်. . ။

"ဟာ. . ကြွက်ပေါက်ကလေးတွေဗျ. . "

ကျွန်တော်အသည်းယားပြီး အဲ့သလိုပဲအော်တဲ့အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဦးစောထေက. . .

"ဟေ. . ဘယ်မှာလဲ" ဆိုတော့. . "ဒီမှာပေါ့. . ". . ။

ကျွန်တော်လည်းပြလိုက်ရော ဦးစောထေ ဘာမပြောညာမပြောနဲ့ အဲ့ဒီလေးကောင်ကို တစ်ကောင်ပြီးတစ်ကောင် ပါးစပ်ထဲ ကောက်ထည့်ပြီး ဝါးပစ်တော့တာဗျို့. . ။ ကျွန်တော့်မှာ အူတွေယားပါးစောင်တွေယားလာပြီး သူ့နားမှာမနေနိုင်တော့ဘဲ ခတ်ဝေးဝေး သွား ခုန်ဆွခုန်ဆွ လုပ်နေရတယ်။ သူကဝါးစားရင်း ဘာလှမ်းပြောသေးတယ်မှတ်လဲ. . .

"မင်းတို့ရန်ကုန်က အကင်တွေ ဆာတေးတွေ ဘယ်လွှမ်းမလဲကွာ"တဲ့. . .

ကျွန်တော့်မှာတော့ စားပြီးသမျှ ထိုးအန်ချပြီး နေ့နေ့ညည အဲ့ဒါပဲ မျက်လုံးထဲမြင်နေလို့ တစ်ပတ်လောက်ကို ခံလိုက်ရတယ်။

ကျွန်တော်ကိုက အမှတ်မရှိတာဗျ. . တစ်ခါတုန်းက အဖေခေါ်ခိုင်းလို့ သူ့အိမ် ကျွန်တော်သွားခေါ်တော့. . သူ့အိမ်ရှေ့မှာ အသားစလေးတွေ ကြော်နေတယ်။ မွှေးလိုက်တာမှ တအားပဲ။

ဗိုက်ကလည်းစာနေလို့ ဦးစောထေ ဘာတွေကြော်နေတာလဲလို့ မေးမိတာ. .

"စားမလား. . " ဆိုတော့. . "အင်းပေါ့. . "

အဲ့ဒါနဲ့ ဦးစောထေက ဘေးမှာချထားတဲ့ ပန်းကန်နဲ့ ကြော်လှော်ပြီးသားလေးတွေ ခပ်ဆယ်ပြီး ဒယ်အိုးပါ မီးဖိုပေါ်က ချလိုက်တယ်ဗျ။

"အရက်နဲ့မြည်းဖို့ အမြည်းမရှိလို့ကွ. . ၊ ရော့စား. . အများကြီးပါ၊ ငါလည်း တစ်ခွက်လောက် ချလိုက်ဦးမယ်"



အဲ့ဒါနဲ့ သူလည်းသောက်လိုက်မြည်းလိုက် ကျွန်တော်လည်း အသားစကြော်လေး ဝါးလိုက်. . ရေသောက်လိုက်ပေါ့။ အရသာတ မိုက်တယ်ဗျ. . ချိုမွှေးလေး။ အဲ့ဒါကြောင့်. . .

"ဦးစောထေ ဒါဘာလဲဗျ. . ကောင်းသား. . "

"အေး. . ကောင်းရင်စား. . ၊ ငါ အမြည်းမရှိလို့ ပုတ်သင်ညိုတွေဖမ်းပြီး ကြော်နေတာ. . "

"ဝေါ့. . အော့. . "

ကျွန်တော်ဆိုတဲ့ကောင် ကြုံလိုက်ရင် အဲ့သလိုကောင်ပါ ပရိသတ်ရယ်. . . တစ်ကယ်ပါပဲ။

ဌ ဌ ဌ ဌ

www.burmeseclassic.com

www.burmeseclassic.com



ဒီမျက်လုံးကြောင့် ဖြစ်လာတဲ့အကြောင်းတွေကတော့ ပြောတောင်မပြောချင်ဘူး။ တစ်ခါတစ်လေတော့လည်း တွေးမိပါတယ်။ အမြင်အာရုံတွေကို လျှော့ပစ်တဲ့သဘောနဲ့ နေကာမျက်မှန်အနက်တွေဘာတွေ တပ်ထားရင် ကောင်းမလားလို့၊ ဒါလည်း. . တပ်နေကျမဟုတ်၊ တပ်ကျင့်လည်း မရှိတော့ စိတ်ထဲ ကြောင်တောင်ကျားတားဖြစ်ပြီး ခံစားနေရတာနဲ့ မတပ်ဖြစ်ပါဘူး။ မြင်ချင်လည်း မြင်လိုက်ပါတော့လားဗျာ. . ဂဝံခင်းလမ်းပေါ်မှာ ကျောက်ခဲတွေနဲ့ ရောနေတဲ့ ပတ္တမြားခဲတို့ ရွှေတို့ငွေတို့. . .။

ဘယ့်နှယ့်ဗျာ. . . ကြီးပွားမယ့်ဟာ ဘာတစ်ခုမှ မမြင်ဘဲ ပြဿနာတွေချည်း မြင်ပြီး အကျိုးနည်း ရှင်းနေရတာ။ ဝဋ်ပိတ်ကျင့်သလိုမျိုး ကျွန်တော်လည်းအမြင်ပိတ် စကြာပိတ် ကျင့်နေရမလို ဖြစ်နေပြီဗျာ။ တကယ်ပါ. . .။





ဒီနေ့တော့ အိမ်ထဲမှာလည်း မနေချင်၊ လက်ဖက်ရည်ဆိုင်လည်း မထိုင်ချင်လို့ ဘယ်ရယ်လို့ ရည်ရွယ်ချက်မရှိဘဲ အိမ်ကထွက်လာမိတယ်ဗျ။ လမ်းပေါ်ရောက်တော့ အငှားကားတစ်စီးက သွားမလားလို့ မေးတာနဲ့ ကျွန်တော်လည်း သွားမယ်လို့ ပြောပြီး ဝင်ထိုင်လိုက်တယ်။ ကားဆရာက. . .

"ဘယ်သွားမလဲ"

"မောင်းသာမောင်းဗျာ. . . ဘယ်ရောက်ရောက် ရောက်ချင်တဲ့နေရာရောက်"

"ဗျာ. ."

"မဗျာနဲ့. . . စိတ်ရှုပ်လို့ အပြင်ထွက်လာတာ၊ အဲ့ဒီတော့ စိတ်အေးမယ့်နေရာလေး တစ်ခုခု. . ခင်ဗျားဘာသာ ရွေးပြီးပို့ပေးတော့ဗျာ"

ကားဆရာ အူတိအူကြောင်ဖြစ်သွားပြီးမှ. . .

"ကန်တော်ကြီးထဲ သွားထိုင်ဗျာ၊ အဲ့ဒီမှာ မျက်စိအေးတယ်"

"ဗျာ. . . ကန်တော်ကြီးထဲ ဝင်ထိုင်မှတော့ တစ်ကိုယ်လုံးအေးပြီပေါ့ဗျ၊ အခန့်မသင့်ရင် ရေနစ်ပြီးတော့တောင် သေဦးမယ်"

"ဟာ. . . ကိုယ့်ဆရာကလည်း၊ အဲ့ဒီမှာ တံတားတွေ ထိုးထားတယ် မဟုတ်လား၊ အဲ့ဒီတံတားပေါ် လျှောက်ထိုင်ချင်ထိုင်၊ ရေပြင်ကိုငေး. ၊ သစ်တောစိမ်းစိမ်းကြီးတွေငေး. . ဘယ်လောက်အေးသလဲ"

အင်း. . မဆိုးဘူးပဲ။ ကျွန်တော် တွေးမြင်ကြည့်ရုံနဲ့ သဘောကျသွားပြီး ကားဆရာ ပို့ပေးမယ့်နေရာကို သွားဖို့ သဘောတူလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့လည်း တကယ့်ကို အဆင်ပြေပါတယ်။ အိအိလှုပ်လှုပ် ခုတ်ပြေးနေတဲ့ ကန်ရေပြင် စိမ်းမြမြထဲ ကျွန်တော့်အမြင်တွေ နှစ်မြုပ်ထားပြီး အာရုံခံစားမှုကို အအေးပတ်စေတယ်၊ အပူပတ်ထားတာများတော့ အရသာအတော်ရှိတယ်ဗျ၊ တအားကောင်းတယ်။

ပထမတော့ တံတားပေါ် ထိုင်ဖို့ပါပဲ။ ဒါပေမယ့် နေရောင်စူးရှပူလောင်မှုက တိုင်ပင်မြင့်လွန်းတော့ ကျွန်တော်မခံနိုင်တော့ဘဲ အရိပ်ရှာရပြန်တယ်။ အဲ့ဒီလိုနဲ့ ကျွန်တော်ဆက်လျှောက်လာရင်း တံတားအကွေ့ အချိုးလေးတစ်ခုနားမှာ ဗွီစီဒီ ရိုက်နေတာလား ဗီဒီယိုဇာတ်ဝင်ခန်း ရိုက်နေတာလားတော့ မသိဘူးဗျ။ ငွေရောင်ဘုတ်ပြားချပ်တွေ ထိုးထိုးထောင်ထောင် လုပ်ပြသူတွေ၊ စီစဉ်ညွှန်ကြားသူတွေ၊ သရုပ်ဆောင်တွေနဲ့ အတော်လေး စည်စည်ဝေဝေပါပဲ။

သူတို့အစီစဉ်နဲ့သူတို့ ရယ်ကြအော်ကြနဲ့ ပျော်စရာမို့လို့ ကျွန်တော်လည်း စိတ်ဝင်စားပြီး လှမ်းကြည့်မိသွားတယ်။

(ဟင်. . နေရီရီ. . )

မယုံနိုင်စရာပါပဲ။ အဲ့ဒီအဖွဲ့ထဲမှာပဲ စီးမျော ရောပါပြီး. . ရယ်မောပျော်ရွှင်နေတဲ့ နေရီရီကို တွေ့လိုက်ရတာကြောင့်. . ကျွန်တော်ရပ်ကြည့်မနေနိုင်တော့ဘဲ ဒရောသောပါးနဲ့ အပြေးရောက်သွားတယ်။

"ရယ်ဒီ. . . ကဒ်"

"ဟာ. . ဟေ့. . ဟေ့လူ ဘာလုပ်တာလဲ. . ဟေ့ဟေ့"

နောက်က လှမ်းအော်သံ ကြားပေမယ့် ကျွန်တော် ဂရုမစိုက်နိုင်ဘဲ နေရီရီ ရှိနေတဲ့နေရာဆီ ရောက်အောင်သွားလိုက်တယ်။



ကျွန်တော့်ကြောင့် နေရီရီပခုံးကိုဖက်ဖို့ ပြင်နေတဲ့လူလည်း အောင့်သက်သက်မျက်နှာနဲ့ တန်းလန်းကြီးဖြစ်ပြီး လှည့်ကြည့်တယ်။

ပြီးတော့ မကျေမနပ်ဖြစ်သွားတဲ့ဟန်နဲ့. . .

"ဟာ. . ဘာလဲကွာ. . အာရုံပဲ၊ ဆရာ. . ဒါဘာလဲ ဘယ်သူလဲ ဘာလုပ်တာလဲ"

ကျွန်တော် ဂရုမစိုက်နေဘဲ. . .

"နေရီရီ"

ကျွန်တော်ခေါ်တော့ သူမ လှည့်ကြည့်တယ်။ ထုံးစံအတိုင်း ချစ်မက်မူးစရာ မျက်လုံးတွေနဲ့ ကြည့်တာပါ။ ဒါပေမယ့် ထုံးစံအတိုင်းပဲ ဘယ်တုန်းကမှ မသိခဲ့ဖူးတဲ့ မျက်လုံးအကြည့်တွေပါပဲ။

"ရှင် ကျွန်မကို သိလို့လား"

ဒီတော့မှ ကျွန်တော်လည်း သတိဝင်လာတယ်၊ နေရီရီ မှတ်ဉာဏ်ကို သိနေတော့. . အင်း. . သိတယ်လို့ ပြောလို့မှ မရဘဲ၊ ပြီးတော့ အာရုံထဲ တစ်ချက်စူးဝင်လာတဲ့ ခံစားချက်နဲ့ မဆင်ခြင်နိုင်ခဲ့ဘူးလို့ ဆိုတာလည်း သတိရလာတယ်။

"ဒီမှာ. ."

နောက်ကနေ ပခုံးပုတ်ခေါ်လိုက်လို့ ကျွန်တော်လှည့်ကြည့်ပါတယ်။ ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော်မသိပေမယ့် ဒီအဖွဲ့ရဲ့ တာဝန်ရှိသူတစ်ယောက်ယောက် ဖြစ်မှာပါ။

"ဒါ ရုပ်ရှင်ရိုက်နေတာ. . ၊ သမီးရည်းစား ချိန်းတွေ့နေတာ မဟုတ်ဘူး၊ သူနဲ့ခင်ဗျားနဲ့ ဘယ်လိုပဲပတ်သက်ပတ်သက် ခုဟာလေး ဘေးထွက်စောင့်ပြီးမှ ရှင်းချင်သလိုရှင်း. . ဟုတ်ပြီလား၊ ကျွန်တော်ပြောတာ ပေါက်လား"

www.burmeseclassic.com

www.burmeseclassic.com



"အာ. . ပေါက်တယ်. . ပေါက်တယ်"

"ပေါက်ရင်. . ဖယ်ဗျာ၊ ကျုပ်တို့မှာ ပါးပါးလေးနဲ့ ပွတ်ပြီး လုပ်နေရတာ. . . စိတ်မညစ်ပါရစေနဲ့"

အမှန်ပြောရရင် ဒီလူ ဘာရည်ရွယ်ချက်နဲ့ ပွတ်နေမှန်း ကျွန်တော်မသိပါဘူး။ ဒါပေမယ့် ရုပ်ရှင်ရိုက်နေတယ်ဆိုတာ သိလိုက်တဲ့အတွက် သူပြောသလို ဘေးထွက်နေလိုက်ပါတယ်။ ထွက်ပြီးတော့လည်း ငြိမ်မနေပါဘူး။ လက်ကိုင်ဖုန်းထုတ်ပြီး (၂၂)လမ်းဆိုင်ကို ဖုန်းခေါ်လိုက်ပါတယ်။

"လေးချိုလား"

". . . . . . . . . ."

"အာ. . လေးချိုကို ပေးလိုက်စမ်းပါ၊ ဒီမှာ အရေးကြီးလို့"

"ဟာ. . . ဟိုလူ လုပ်ပြန်ပြီကွာ၊ ဟေ့. . . ဖုန်းပြောချင်ရင် ဝေးဝေးသွားပြော၊ ဒီမှာ အသံတွေ ဝင်ကုန်ပြီ"

"အိုခေ. . . အိုခေ"

ကျွန်တော် တောင်းပန်တဲ့အမူအရာမျိုးပါ လုပ်ပြပြီး သူတို့ အနားကနေ ခွာထွက်လာခဲ့တယ်။

". . . . . . . . . . . . ."

"ဟဲလို. . လေးချို"

". . . . . . . . . . ."

"ဘာကိစ္စလဲဆိုတော့ အခု နေရီရီ ကန်တော်ကြီးထဲ ရောက်နေတယ်၊ ရုပ်ရှင်အဖွဲ့တစ်ဖွဲ့နဲ့ သရုပ်ဆောင် ဝင်လုပ်နေတယ်၊ အဲ့ဒါ လေးချို သိ. . . . ."

". . . . . . . . . . . . . . . . . . . ."



"ဗျာ. . ဟုတ်. . ကျွန်တော်စောင့်နေမယ်လေ. . ဟုတ်"

တစ်ဖက်က ဖုန်းချလို့ ကျွန်တော်လည်း ပင့်သက်ချပြီး. . နောက်က အခြေအနေကို ငဲ့စောင်းလိုက်တယ်။ ဖုန်းထဲမှာ လေးချိုကြီး အတော်တုန်လှုပ်သွားပေမယ့် နေရီရီကတော့ အေးဆေးပါပဲ။ ရိုက်ကွင်းဒါရိုက်တာ စီစဉ်ညွှန်ကြားတဲ့အတိုင်း အတူတွဲသရုပ်ဆောင်တဲ့လူကို နောက်ကျောကနေ ဖက်ထားတာ စိနေတာပဲ။

(တော်ပါသေးရဲ့. . . ရှေ့ကနေ မဖက်လို့)

ဟာ. . . ဘာတွေလဲကွာ။ မမြင်ချင်ရင် မကြည့်နဲ့ပေါ့. . ။ အဲ့သလို ကျွန်တော့်စိတ်နဲ့ကျွန်တော် တိုင်ပင်မဝင်ဖြစ်နေတုန်း. . လက်ထဲမှာ ဖုန်းဝင်လာပါတယ်။

ကြည့်လိုက်တော့ နေရီရီ ဖုန်းဖြစ်နေလို့. . ကျွန်တော် အူကြောင်ကြားဖြစ်ပြီး ဖုန်းလက်ခံလိုက်တယ်။

"ကို. . ငရဲ. ."

"ဗျာ. ."

ကျွန်တော့်ဖြစ်ပုံကို ပရိသတ်မြင်အောင် ပြောရရင် တစ္ဆေကြောက်တတ်ပါတယ်ဆိုမှ တစ္ဆေအခြောက်ခံလိုက်ရလို့. . ပြူးလို့ရတာ အကုန်ပြူးထွက်ကုန်တယ်။

မျက်လုံးက အဓိကပေါ့ဗျာ(ဘုရားသခင် ကယ်တော်မူပါ)။

ကျွန်တော် ဘယ်လိုမှ မယုံကြည်နိုင်လို့ ရိုက်ကွင်းထဲ ရောက်နေတဲ့ နေရီရီကို လှမ်းကြည့်တော့လည်း. . ဟိုမှာအေးဆေးဗျာ။ လုံးဝဖုန်းမကိုင်ထားဘူးဗျာ။

ကုန်ကုန်ပြောမယ်. . . ဖုန်းကိုင်မယ့် လက်နှစ်ဖက်စလုံး ဟိုလူ(အဲ. . အဲ. . မင်းသားထင်ပါရဲ့)ကို ဖက်ထားတာမှ ကျစ်နေ

www.burmeseclassic.com



တာပဲ။ အဲ့ဒီမင်းသားကို ခုမှ ကျွန်တော်သတိထားမိတယ်။ တက်သစ်စထဲမှာမှ ဒီခေတ်ကောင်မလေးတွေပါးစပ်ထဲ ရောက်နေတဲ့ ပုဂ္ဂိုလ်ဗျ။

"ကိုငရဲ"

"ဗျာ. ."

ထပ်ခေါ်လို့ ကျွန်တော် ထပ်ပြုံးပြီး အလန့်တကြား ပြန်ထူးလိုက်တယ်။

"ရှင် နေရီရီကို တကယ်ချစ်တဲ့လူဆိုတာ ကျွန်မ ယုံကြည်လိုက်ပါပြီ၊ ရှင့်အတွက် စိတ်မကောင်းဖြစ်သလို ကျေးဇူးလည်း တင်မိပါတယ်"

"ခင်. . ခင်ဗျာ. . အခုပြောတာ နေ. . နေရီရီပါနော်"

"ရှင် ကျွန်မအသံ မမှတ်မိလို့လား"

"အာ. . မှတ်. . မှတ်မိတယ်လေ၊ ဒါပေမယ့် နေရီရီက. ."

"အဟင်းဟင်း. . . အခု လေးချို အဲ့ဒီကို လိုက်လာနေပြီ၊ လေးချိုလာရင် နေရီရီကို ခေါ်ပြန်သွားလိမ့်မယ်၊ ရှင်က ဆိုင်ကို လာခဲ့လေ၊ ဟင့်အင်း. . . ရှင်နဲ့ထိုင်ဖူးတဲ့ ဆိုင်နားက လက်ဖက်ရည်ဆိုင်ကစောင့်၊ ကျွန်မ လာခဲ့မယ်"

"ဟုတ်ကဲ့ပါ"

"ဒါပဲနော်"

တစ်ဖက်က ဖုန်းချသွားတဲ့အတွက် ကျွန်တော်လည်း သက်ပြင်းချပြီး ဖုန်းပိတ်လိုက်တယ်။ အဲ့ဒီအချိန်မှာပဲ ရိုက်ကူးရေးကိစ္စပြီးသွားပုံရတဲ့အတွက် သူတို့အဖွဲ့တွေ ပစ္စည်းသိမ်းတန်သိမ်းပြီး ပြန်ဖို့ပြင်ဆင်နေကြပါတယ်။





နေရီရီကတော့ ကိုရွှေမင်းသားနဲ့ စကားပြောလို့ အမျှင်မပြတ်နိုင်သေးပါဘူး။ ဒါပေမယ့်လည်း ပါးပါးလေးပွတ်ပြီး လုပ်နေရဘဲအဖွဲ့က ကိုရွှေမင်းသားကို ခေါ်သွားတဲ့အတွက် နေရီရီတစ်ယောက်ထဲ ဆွေးကျန်ခဲ့ပါတယ်။

သူမ ရှိရာ လျှောက်သွားတယ်။ ရောက်ရောက်ချင်းပဲ သူမက. . .

"နေပါဦး. . . ရှင်က ကျွန်မကို သိလို့လား"

"ဟမ်. . ."

"အူကြောင်ကြောင်တော့ မလုပ်နဲ့နော်"

"အာ. . . မလုပ်ပါဘူး နေရီရီရာ၊ ငါက လေးချိုရဲ့လူယုံပါ"

ဒီစကားက သူမနဲ့ကျွန်တော့်ကြား ဆက်စပ်မှုကို တစ်ခုတည်းသော ပေါင်းကူးတံတားအဖြစ် အမြဲသုံးနေကျမို့လို့ အလွတ်ရပြီး လွှတ်ခနဲ ပြောမိတယ်။

အဆင်ပြေပါတယ်. .၊ သူမရဲ့ကုတ်ကျနေတဲ့ မျက်မှောင်လေး ပြန်လင်းပြန့်လာပြီး. . .

"လေးချို လွှတ်လိုက်တာပေါ့"

"အင်းပေါ့ နေရီရီရဲ့၊ လေးချိုက မင်းကို စောင့်ရှောက်ဖို့ တာဝန်ပေးထားလို့ ငါ အမြဲ မင်းနားရောက်နေရတာပေါ့"

အဲ့ဒါကို သူမ အလိုမပြည့်သလို မျက်နှာလေးမော့ပြီး. . .

"ကောင်းပြီလေ. . . မနက်ဖြန်ကစပြီး ရှင့်ကို မခိုင်းတော့ဖို့ လေးချိုကို ပြောလိုက်ပါ့မယ်၊ လိုအပ်တယ်ဆိုလည်း လူလဲရမယ်"

"ဟေ. . . ဘာဖြစ်လို့လဲ"

"အလကား. . အလိုက်မသိတဲ့လူ၊ ရှင့်ကြောင့် မင်းသားတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို အထင်လွဲသွားပြီ. . . သိရဲ့လား"

"အဲဗျာ. ."

"ကဲ. . . အခု ဘာလုပ်မှာလဲ၊ မနက်ဖြန် လေဆိပ်သွားကြိုဖို့ ကိစ္စ စီစဉ်ရဦးမယ်. . . ပြန်မယ်"

"အင်း. . . ပြန်လေ၊ အာ. . . ခဏလေးနေဦး နေရီရီ စောစောကပဲ လေးချိုဖုန်းဆက်တယ်၊ သူလာခဲ့မယ်တဲ့"

"ဟင်. . . ဘာလာလုပ်ဦးမှာလဲ၊ ဒီက စူပါဝမ်းကို ခဏဝင်ဦးမှာ"

"ဝင်ပါ. . . စူပါတူးပါ ဝင်သွားပါ၊ ဒါပေမယ့် ခဏလေး တော့ စောင့်လိုက်ပါ"

"စိတ်ညစ်တယ်. . . တကယ်ပဲ၊ ဘာတွေ ဖယားလာကစ် မှန်း မသိဘူး"

ကျွန်တော်လည်း မထူးတော့ပြီမို့လို့ သူမကို လေးချိုလက်ထဲ လွှဲပေးနိုင်အောင် ကြိုးစားပြီး အချိန်ဆွဲထားလိုက်တယ်။ ပွည်ပွည် ပတွတ်ပတပ်နဲ့ စောင့်ရှာတယ်။ နာရီဝက်ပါပဲ. . . လေးချို ရောက် လာတယ်။

"သမီးနေရီရီ"

"လေးချို ဘာလိုက်လုပ်တာလဲဗျာ၊ သူမျှားဘာသာ တစ်ရတ် တစ်လေ လွတ်လွတ်လပ်လပ် ထွက်လည်တဲ့ဟာကို"

"အေးပါ. . လည်တာက လည်ပါ၊ စောစောက ရုပ်ရှင်ရိုက် တဲ့အဖွဲ့နဲ့ ရှိနေတယ်ဆို"

"ဟုတ်တယ်လေ. . . သမီးသဘောကျတဲ့ မင်းသားပဲဟာ၊ ဘာဖြစ်လို့လဲ"





လေးချို ခေါင်းတွေကုတ်ပြီး ကျွန်တော့်ဘက် လှည့်ကြည့် ရင်း. . .

"ကဲ. . . မင်းသွားလို့ရပြီ၊ ဩော. . နေပါဦး၊ သူ ဒီမှာရှိ နေတာ မင်း ဘယ်လိုလုပ် သိသွားပြန်တာလဲ"

ဆိုတော့လည်း ရမှတ်နည်းနေတာမို့လို့ အမှတ်ပြည့် ယူ ပစ်လိုက်တယ်။

"လေးချို သိပါတယ်၊ ကျွန်တော် သူ့ကို စောင့်ရှောက်ခွင့် ရရင် ကျေနပ်နေတဲ့ကောင်ဆိုတာ၊ အဲ့ဒါကြောင့် ကန်တော်ကြီးထဲ မလာဘဲ ကောင်းကင်ပေါ် တက်သွားလည်း ကျွန်တော်သိနေမှာပဲ လေ"

"တောက်. . . သောက်ကြီးနဲ့သောက်ကျယ် လုပ်နေသေး တယ်. . လစ်. . လစ်"

"ဟုတ်ကဲ့ပါ. . . ကျွန်တော် တာဝန်ကျေပါတယ်နော် လေးချို"

"ကျေတယ်. . . အကျေလွန်လို့ကို ခက်နေတာ၊ ကဲ. . . သမီးလေး၊ လာ. . . သွားစို့"

"လေးချို. . . သမီး စူပါဝမ်း ဝင်မှာနော်"

"အိမ်ဖြူတော်ကို ဝင်ချင်လည်း ရတယ်၊ အိုဘားမားဆီ ဖုန်း ဆက်ပေးမယ်"

"အိုဘားမား မရှိဘူးခင်ဗျ၊ ဥရောပခရီးစဉ်နဲ့ မနေ့ကပဲ. ."

"ဟော့ကောင်. . . မင်းမသွားသေးဘူးလား"

ကျွန်တော် အသာ ဇက်ကလေး ပုပြီး လှည့်ထွက်လာခဲ့ တယ်။ ကျွန်တော်လည်း ဟီလာရီကလင်တန်ဆီ ဖုန်းဆက်ကြည့်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမယ် ထင်တယ်။ သူမက ကြားဝင်စေ့စပ်တာတို့ ဖျန်ဖြေတာတို့ အရမ်းတော်တယ်လေ။ အဲ့ဒီတော့. . ကျွန်တော်နဲ့သူမကြားမှာ နားလည်မှုလွဲနေတဲ့ လေးချိုကြီးကို စေ့စပ်ဆွေးနွေးပေးရင် ကောင်းမလားလို့ပါ။

လောလောဆယ်တော့ ကျွန်တော်ကိုယ်တိုင် နားလည်မှုလွဲနေတဲ့ကိစ္စလေးကို အရင်ဖြေရှင်းဖို့ (၂၂)လမ်းဆီ ဦးတည်လိုက်ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com







# အခန်း(ကိုး)

'ဟာင်'. . လို့ အာမေဋိတ် တ,ပြီး မှင်တက်မိသွားတာက လွဲလို့ ကျွန်တော် ဘာမှမပြောပြတတ်လောက်အောင် အံ့အားသင့်သွားတယ်။ စောစောကပဲ လေးချိုကြီးနဲ့အတူ စူအောင့်အောင့်မျက်နှာနဲ့ လိုက်ပါသွားတဲ့ နေရီရီက အခု လက်ဖက်ရည်ဆိုင်ထဲထိုင်ပြီး ကျွန်တော့်ကို လှမ်းကြည့်နေတယ်လေ။

ဒါ ဖြစ်သင့်ရဲ့လား ပရိသတ်ရယ်. . . တွေးကြည့်ပါဦး။

အဝတ်အစားတောင် အရောင်နဲ့ပုံစံ လွဲမသွားဘဲ ဒီအတိုင်း ဒီမှာ ပြန်မြင်နေရတော့ ကျွန်တော်မတွေးတတ်တော့ဘဲ အူတူတူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားတယ်။

"လေးချို လာခေါ်သွားပြီလား"

"ဗျာ. . . ဘယ်သူ့ကိုလဲ"

"နေရီရီကိုလေ"

"ဟမ်. ."

"ကဲ. . . ထိုင်ပါဦး၊ လက်ဖက်ရည်မှာလေ"

ကျဆိမ့်တစ်ခွက် မှာလိုက်တယ်။ ဘာကိုဘယ်လို နားလည်ရမှန်း မသိတဲ့အတူတူတော့ ကျဆိမ့်တစ်ခွက်နဲ့ သဘောပေါက်လာတဲ့အထိ နေဖို့ စိတ်ကို လျှော့ချပစ်လိုက်ပါတယ်။ အဲ့ဒီအချိန်မှာပဲ သူမ ဖုန်းလက်ခံပြီး ဖုန်းပြောတယ်။

"ဟုတ်. . လေးချို"

". . . . . . . . . . . ."

"ရတယ်လေ. . . အဲ့ဒီမှာပဲ ညီမလေးနဲ့ အဆင်ပြေအောင် သာ စီစဉ်လိုက်တော့"

". . . . . . . . . . . ."

"ဟုတ်. . ဒါပဲနော်"

သူမ ဖုန်းပိတ်ပြီး ကျွန်တော့်ကို ငွေ့ငွေ့လေး ပြုံးပြတယ်။ ကျွန်တော်မှာတဲ့ လက်ဖက်ရည် ရောက်လာလို့ ကျဆိမ့်အရသာနဲ့ သူမရဲ့ပဟေဠိမျက်ဝန်းတွေကို ရောမြိုမိပါတော့တယ်။

ထို့နောက် သူမက. .

"ကျွန်မတို့ ခုလိုဆုံဖို့ စီစဉ်လိုက်တော့ ရှင်အံ့သြမသွားဘူးလား"

"ရူးမသွားအောင် တော်တော်သတိထားနေရတယ်"





သူမ ရယ်ပါတယ်။ ကျွန်တော်မရယ်နိုင်ဘဲ သူမ ဆက်ပြောမယ့်စကားကိုပဲ ငြိမ်ပြီးငံ့လင့်နေမိတယ်။

"အမှန်တော့ မသိချင်ယောင်ဆောင်နေလိုက်လည်း ဖြစ်တာပါပဲ၊ ဒါပေမယ့် နေရီရီနဲ့ ပတ်သက်ပြီး ရှင့်ဖက်က ခံစားမှုကို ကျွန်မ အသိအမှတ်မပြုလို့ မဖြစ်တော့လို့ ရှင့်ကို လှည့်စားသလို မဖြစ်ရအောင် ရှင်းပြချင်တာလေ"

"ကျွန်တော်လည်း သိချင်ပါတယ်၊ မ. . အဲ. . နေရီရီ. . အား. . မဟုတ်သေးပါဘူး"

"ဟုတ်ပါတယ်. . . နေရီရီက ကျွန်မပါပဲ"

"ဗျာ. ."

"စောစောက ကိုရဲထွဋ် တွေ့ခဲ့တာက ကျွန်မရဲ့အမြွှာ နှင်းရီရီပါ။ ဘယ်လိုပြောရမလဲ. . . ကျွန်မတို့ညီအစ်မက ခွဲမရအောင် တူတော့ နှင်းရီရီကို မှားပြီး နေရီရီလို့ ခေါ်မိကြတယ်၊ ညီမလေး ကလည်း အဲ့ဒီနာမည်ကို အရမ်းသဘောကျလို့ သူ့ကိုယ်သူ နေရီရီလို့ ပြောတတ်တယ်၊

ကျွန်မတို့က ဦးခေါင်းဆက်ပြီး မွေးလာတဲ့အမြွှာလေ၊ ဖေဖေ ပြည်ပမှာပဲ အလုပ်လုပ်တော့ မွေးဖွားမှုကို ပြည်ပမှာပဲ မွေးခဲ့ကြတယ်၊ ခွဲစိပ်ကုသမှုရလဒ်အရ ကျွန်မတို့နှစ်ယောက်က တစ်ယောက်ပဲ အသက်ရှင်ခွင့်ရမယ့်သူတွေပါ၊ ဒါပေမယ့် ဆရာဝန်ကြီးတွေ ကြိုးစားပေးမှုကြောင့် နှစ်ယောက်စလုံး အသက်ရှင်ခွင့်ရပေမယ့်. . ညီမလေးကတော့ ကံဆိုးပြီး မှတ်ဉာဏ်အားနည်းမှုတွေနဲ့ လူဖြစ်ခဲ့ရတယ်၊ အဲ့ဒီကြားထဲက ဖေဖေတို့အပြန်ကို လေဆိပ်သွားကြိုရင်း ကားအက်ဆီးဒင့်ဖြစ်လို့ ဦးခေါင်းဒဏ်ရာ ထပ်ရတော့ မှတ်ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှုံးမှုတွေ ထပ်ဖြစ်လာရတယ်၊

သူ့အတွက် မနက်ဖြန်ဆိုတာ ဘယ်တော့မှ ရှိလာမှာမဟုတ်ပါဘူး ကိုရဲထွဋ်၊ အဲ့ဒါကြောင့် သူ့ကို ပြည်ပမှာရှိတဲ့ အစ်မတို့နဲ့ပဲထားပြီး အမြဲတမ်း ဦးနှောက်နဲ့အာရုံကြော စစ်ဆေးမှု လုပ်ပေးနေရတယ်၊ ပိုဆိုးတာက ဖေဖေနဲ့မေမေ လေယာဉ်ပျက်ကျပြီး ဆုံးပါးခဲ့ရတာကို သူ မသိသေးဘူး၊ သိလည်း ခံနိုင်ရည်ရှိမှာမဟုတ်လို့ အသိမပေးရဲဘူး၊ သူ ဒီကိုပြန်ရောက်လာတာလည်း သိပ်မကြာသေးပါဘူး၊ အစ်မတို့ ဥရောပခရီးစဉ်ကိစ္စ ရှိနေလို့ ဒီကို ခဏပြန်ပို့ထားတာ. . ရှေ့အပတ်ထဲမှာပဲ အစ်မလာပြန်ခေါ်တော့မှာလေ၊ ကျွန်မပြောချင်တာကတော့ အဲ့ဒါပါပဲ၊

သူ ဒီမှာနေသွားတဲ့ကာလလေးမှာ ပြဿနာနည်းနည်းရှိပေမယ့် အဲ့ဒီပြဿနာအချို့ကိုလည်း ရှင့်အကူအညီနဲ့ အန္တရာယ်မဖြစ်ခဲ့လို့ ကျေးဇူးတင်ပါတယ်၊ ရှင် သူ့ကို ချစ်တဲ့စိတ်ကိုလည်း အသိအမှတ် ပြုပါတယ်၊ ဒါပေမယ့် ညီမလေးက ရှင် တတ်စွမ်းသလောက်နဲ့ စောင့်ရှောက်ပေးဖို့ မလုံလောက်တဲ့သူဆိုတော့ ကြိုးစားပြီး မေ့လိုက်ပါ၊ ရှင့်ဖက်က ဘယ်လောက်ပဲ တမ်းတမ်းစွဲ ဖြစ်နေပါစေ. . သူ ဘာမှသိမှာ မဟုတ်ဘူး ကိုရဲထွဋ်၊ သူသိတာ ဒီနေ့ပဲ၊ မနက်ဖြန်ဆိုမသိတော့ဘူး. . . အဲ့ဒါကြောင့်ပါ"

"အဲ့ဒါ ပြဿနာပဲဗျာ"

"ရှင်. . ဘာဖြစ်လို့လဲ"

"ကျွန်တော်ချစ်တာ နေရီရီ၊ ကျွန်တော်ချစ်တဲ့အကြောင်းဖွင့်ပြောခဲ့တာလည်း နေရီရီကိုပဲလေ၊ နှင်းရီရီကိုမှ မဟုတ်တာ"

"ဟာ. . . အဲ့. . အဲ့ဒါ ရှင်မှားသွားတာလေ"





"မှားလည်း အမှန်အတိုင်း ဖြစ်နေတာပဲမဟုတ်လား နေရီရီ"

"အို. . ရှင်. . ဒါတော့"

"မဖြစ်နိုင်ဘူးလို့ မပြောပါနဲ့၊ တကယ်တော့. . နေရီရီနဲ့ နှင်းရီရီက နာမည်လေးသာလွဲပြီး တစ်ယောက်ထဲပါ၊ မယုံရင် မှန်ထဲပြန်ကြည့်ပါ၊ ကျွန်တော်ချစ်ခဲ့တာ နှင်းရီရီ မသိသလို နှင်းရီရီကိုလည်း မှားပြီး ဖွင့်မပြောခဲ့မိဘူးလေ၊ နေရီရီကိုပဲ တည့်တည့်ကြီး ပြောခဲ့တာ၊ အဲ့ဒါအမှန်ပဲ နေရီရီ"

"မရဘူး. . . ဒါ ရှင် မလိမ့်တပတ်နဲ့ စကားကပ်တာပဲ၊ ဒီအတိုင်းဆို ကျွန်မအထင်ကြီးမိတာ အလကားဖြစ်ကုန်ပြီ"

"မတတ်နိုင်ဘူးဗျာ. . . ကျွန်တော် တကယ်မလိမ့်တပတ်လုပ်တယ်ဆိုရင် အဲ့ဒါ နေရီရီကြောင့်ပဲ၊ နေရီရီ ပြောပြတဲ့အတိုင်းဆို နှင်းရီရီကို အပြင်ထွက် လည်ပတ်နိုင်အောင် အလွယ်တကူ လွှတ်ပေးထားမှာ မဟုတ်ဘူး၊ အနည်းဆုံး အစောင့်အရှောက်နဲ့ အထိန်းအကွပ်နဲ့ ရှိကိုရှိရမယ်၊

ဒီနေ့ဖြစ်ပျက်ခဲ့တဲ့ကိစ္စမှာ နှင်းရီရီက အလစ်အငိုက် ထွက်လာလို့ပဲ ဖြစ်ရမယ်၊ နောက်တစ်ချက်က. . ဖုန်းထဲကနေ ကိုငရဲလို့ခေါ်လိုက်တဲ့နာမည်က နှင်းရီရီကို ပြောပြမိတာဆိုရင် နေရီရီ သိစရာအကြောင်းမရှိဘူး၊ နှင်းရီရီကလည်း အဲ့ဒီနာမည်ကို မှတ်မိစရာအကြောင်းမရှိဘူး၊

ပြီးတော့ နှင်းရီရီမှာ အဲ့သလိုပြဿနာနဲ့ အားနည်းချက်ရှိတဲ့အတွက် ဆိုင်ကို ဘယ်တော့မှလာမှာ မဟုတ်သလို လာခွင့်လည်းပြုမှာမဟုတ်ဘူး၊

တောင်းပန်ပါတယ် နေရီရီ၊ လှည့်စားသလို ဖြစ်မှာစိုးရင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို မလှည့်စားပါနဲ့တော့၊ ကျွန်မ အပျင်းပြေ ကစားမိတာပါလို့ပြောလည်း ကျွန်တော်ကျေနပ်လိုက်မှာပါ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော် နေရီရီကို ချစ်တယ်၊ အရာအားလုံးကို စွန့်လွှတ်ပြီး ချစ်ခဲ့တာမို့လို့ ကျွန်တော့်ဘာသာ တန်ဖိုးထားပါ့မယ်"

ကျွန်တော် အကုန်သွန်ချပစ်လိုက်သလို. . ရင်ဘတ်ထဲ ဟောင်းလောင်းပွင့်သွားတော့မှ စကားကို ရပ်ပစ်လိုက်တယ်။

ထပ်ပြောစရာ မကျန်တော့ဘူး မဟုတ်လား။

ကျွန်တော်ကြည့်လိုက်တော့ သူမ မျက်နှာကို ငုံ့ချထားပါတယ်။ ဒါပေမယ့် ပြုံးယောင်သမ်းနေတဲ့ နှုတ်ခမ်းဖူးဖူးလေးတွေကို ကျွန်တော် မြင်လိုက်ရတယ်။ ဒီရက်တွေမှာ ကျွန်တော်ဂရုစိုက်ထားတဲ့ မျက်လုံးကျွန်းမာရေးက ဒီနေရာမှာ လှလှပပကြီးကို အကျိုးပြုနေပြီဆိုတာ ကျွန်တော်နားလည်လိုက်တယ်။

အဲ့ဒါကြောင့် စားပွဲပေါ် လက်သည်းချွန်မြလေးနဲ့ ရှက်မွှန်ကုတ်ခြစ်နေတဲ့ သူမရဲ့လက်ဖမိုးလေးကို အုပ်ကိုင်ဆုပ်ယူလိုက်ပါတယ်။ သူမ လန့်ပြီးရုန်းပေမယ့် ကျွန်တော်မလွှတ်တော့ပါဘူး။

"ကျွန်တော့်ကို မလှည့်စားတော့ဘူး မဟုတ်လား"

"လွှတ်ပါ"

"ကျွန်တော်မေးတာ ဖြေပါ"

"ကျွန်မကို လွှတ်ပေးပါ"

"မလွှတ်တော့ဘူး နေရီရီ၊ ကျွန်တော်တို့ ပထမဦးဆုံး ဆုံကြပြီး ကျွန်တော့်အခန်းမှာ ကော်ဖီအတူသောက်ကြကတည်းက. . ဒီလက်ဖမိုးအိအိလေးကို ဆုပ်ယူထားချင်တာပါ"

"ကိုငရဲ"





"ချစ်တယ်လို့. . ပြော"

"ကိုယ့်လူ တစ်ကယ်ငရဲကျချင်ပြီထင်တယ်"

အသံက ကျွန်တော့်နောက်ကမို့လို့ နေရီရီမော့်ကြည့်ပြီး မျက်နှာအမူအရာ ချက်ချင်းပြောင်းလဲကာ လက်ကိုဆတ်ခနဲ ရုန်းထွက်လိုက်တယ်။

ကျွန်တော်လည်း. . ဘာလဲပေါ့. . ဆိုပြီး လှည့်ကြည့်မယ်လုပ်တော့. . ကျွန်တော့်ဘေးကခုံကိုဆွဲပြီး ဝင်ထိုင်တော့တာဗျ။

ဘုရားသခင်. . .။ ကျွန်တော့်ထက်ရော နေရီရီထက်ပါ ဆယ်နှစ်လောက် အနည်းဆုံး အသက်ကြီးနိုင်တဲ့ အမျိုးသားကြီး၊ ခန့်ခန့်သန့်သန့်ကြီးဗျ၊ အနောက်တိုင်းဝတ်စုံ ဝတ်မထားပေမယ့် စတိုင်ဘောင်းဘီနဲ့ စပို့ရှပ်နဲ့ ရေဘင်မျက်မှန်နဲ့ သားရေတုပိုက်ဆံအိတ်အနက်ကြီးနဲ့ဆိုတော့. . မနည်းလန်းလန်းကြီးဗျာ။

ကျွန်တော် အဲ့သလို အံ့ဩသလို ပြူးကြောင်ကြောင်ကြည့်နေတုန်း အမျိုးသားကြီးက ရေဘင်မျက်မှန်ကို ဟန်ဟန်ပန်ပန်ချွတ်ပြီး ကျွန်တော့်ကို မျက်ခုံးတစ်ဖက်မြှင့် မျက်လုံးတစ်ဖက်ကျဉ်းသလိုလုပ်ပြီး ကြည့်တယ်။ ပြီးမှ. . . နှုတ်ခမ်းတစ်ဖက်ပါ တွန့်သွားပြီး နေရီရီဖက်ကို အသာလှည့်ကြည့်ရင်း. . .။

"ဒီကောင်လေးက နှင်းရီရီကို စောင့်ရှောက်ပေးတယ်ဆိုတာလား. ."

"ဟုတ်ကဲ့. . ဦး. ."

"အဟင်းဟင်း. . အခု. . လူများနေတယ်လို့ရော အညီးလေးက ပြောမပြဘူးလား. . ."

"အ. . အခု. . အဲ့ဒါထိုင်ပြောနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနောက် အမျိုးသားကြီးရဲ့ မျက်လုံးအကြည့်တွေ ကျွန်တော့်ဘက် လည်လာပြီး. . .။

"မောင်ရင်. . . ငရဲကျဖို့ လက်တစ်လုံးပဲ လိုတော့တယ်ကွ သိရဲ့လား၊ ဒါ. . ကိုယ်နဲ့မကြာခင် လက်ထပ်တော့မယ် ဇနီးလောင်းလေး"

အဲ့သလိုပြောရင်း ဆိုင်အတွင်းဘက်လှည့်ပြီး. . .

"ဒီကို စနိုးတာဝါ တစ်ခုလောက် ချပေးပါ"

ပြီးမှ. . . ကျွန်တော့ဘက် ပြန်လှည့်ပြီး. . .

"ကိုယ့်နာမည်က ပီတာအောင်မြင့်ပါ၊ မြန်မာပြည်ကို တင်သွင်းတဲ့ ပိုလန်ကားကုမ္ပဏီရဲ့ တစ်ဦးတည်းသော ကိုယ်စားလှယ်ပေါ့၊ ဒါနဲ့ မောင်ရင်က ဘာလုပ်သလဲ ပြောပါဦး"

ရင်ထဲမှာ အောင့်သလို နာသလို အန်ချင်သလို ဖြစ်နေပေမယ့်လည်း ဦးပီတာအောင်မြင့်ကြီးက လူကြီးလူကောင်းစတိုင် ဖမ်းပြီး ဉည့်ထောက်ခံစကား ပြောနေတော့ကာ ကျွန်တော်လည်း အရှိကိုအရှိအတိုင်းပဲ ပြောလိုက်တယ်။

"အရင်ကတော့ အလှကုန်ပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီ တစ်ခုမှာ သုတေသနဌာနမှူး လုပ်ခဲ့ပါတယ်၊ အခုတော့ နေရီရီတို့ဆီမှာ ဝန်ထမ်းတစ်နေရာရဖို့ အလုပ်လျှောက်ထားတယ်"

"ဟော. ."

ဦးပီတာကြီး တစ်ကယ်လန့်သွားပြီး. .။

"သည်းလေး. . ဒါ မဖြစ်နိုင်ဘူးနော်"

အဲ့ဒီအခိုက်မှာ စားပွဲထိုးလေးက စနိုးတာဝါတစ်ပွဲ လာချပေးလို့ ဦးပီတာကြီး ကဗျာကသီယူကာ ဖောက်ဖွင့်ပြီး စောစောက



ကျွန်တော်လှမ်းဆုပ်ထားတဲ့ နေရီရီရဲ့ လက်ဖဝါးတစ်ခုလုံးကို စနိုးတာဝါနဲ့ ယူပြီးသုတ်သင်တယ်။

"အသည်းလေးနဲ့ပတ်သက်လာရင် ကိုယ်လုံးဝအစွန်းအထင်းမခံဘူးဆိုတာ. . . သည်းလေးသိပါတယ်ကွာ"

ဒါကိုကျွန်တော်ကြည့်ပြီး နည်းနည်းဖီး(လ်)တက်တယ်ဗျာ။ တစ်ကယ်ပါ. . ကြည့်ပါဦး၊ သူ့မိန်းကလေးလက်ကို ကျွန်တော်ကိုင်လိုက်လို့ဆိုပြီး စနိုးတာဝါနဲ့ သုတ်သင်ပစ်နေတာဗျာ။

တောက်. . ဒါတော့ နည်းနည်းများသွားပြီဗျာ၊ ကျွန်တော် ကျိတ်မှိတ်ပြီး သည်းခံနေပေမယ့် မရတော့ဘူးဗျ။

အဲ့ဒါကြောင့် ဘေးဘီဝဲယာ လှည့်ကြည့်တော့ လမ်းတစ်ဖက်စတိုးဆိုင်လေးတစ်ဆိုင်ဗျ၊ ကျွန်တော် သိပ်တွေဝေမနေဘဲ ရင်ထဲက ဒေါသအတိုင်း လှစ်ခနဲ လမ်းတစ်ဖက်ဖြတ်ကူး. . . ပလတ်စတစ်အိတ်အကြီးကြီးတစ်လုံး ဝယ်လာခဲ့တယ်။ ပြီးတော့. . နေရီရီလက်ကို အပေါ်ကနေ စွပ်ချလိုက်ပါတယ်။

"အိုး. ."

"ဟာ. . ဟော့ကောင်. . မင်းဘာလုပ်တာလဲ"

"ဖုံကပ်မှာစိုးလို့လေ၊ မဟုတ်ရင် ခင်ဗျား. . စနိုးတာဝါဖိုးနဲ့ မွဲလိမ့်မယ်. . . အဲ့ဒါကြောင့်ပါ. . ."

"မင်း. . မင်း. . နော်. ."

ဦးပီတာ အတော်ပေါက်ကွဲပြီး လက်သီးကြီးတရွယ်ရွယ်နဲ့ ဖြစ်နေလို့ ကျွန်တော်လည်း သူ့လက်သီးကြီးကို ဖမ်းဆုပ်ပြီး ပြန်တွယ်မယ်ပေါ့. .။

"ဟော့ကောင်. . . အခုလွှတ်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဘောင်းခနဲ ဖြတ်ဝင်လာတဲ့အသံကြီးကြောင့် ကျွန်တော် လှည့်ကြည့်လိုက်တော့ လေးချိုကြီးကို မျက်ထောင့်နီနီကြီးနဲ့ တွေ့လိုက်ရလိုက်တယ်။

"ငါထင်တယ်. . . ထင်လို့ကို ပြန်လာကြည့်တာ၊ ထင်တဲ့အတိုင်းပဲ. . . လာစမ်း. . မင်း"

ပြောရင်း ကျွန်တော့်ကော်လံစကို ဆွဲပြီး ဆိုင်ထဲက ခေါ်ထုတ်သွားလို့ ကျွန်တော့်မှာ ယက်ကန်ယက်ကန်နဲ့ ပါသွားတယ်။

"အာ. . . လေးချို လွှတ်ပါဗျ"

"မလွှတ်ဘူးကွာ"

ကျွန်တော် ဘယ်လိုမှ မခုခံနိုင်တဲ့ ခွန်အားကြီးမို့လို့ ဒီအတိုင်းပဲ ကိုရိုကားယား ပါသွားရင်း သူတို့ဆိုင်ထဲ ရောက်သွားတယ်။

ပြီးတော့ ကျွန်တော့ကို နေရီရီရဲ့ရုံးခန်းထဲအထိ ခေါ်သွင်းသွားပြီး. . .

"ဒီဖက်က စားပွဲက မင်းအလုပ်စားပွဲ၊ လစာကတော့ ပေးတဲ့ရက်ကျမှကြည့်၊ အလုပ်ကို အပိုးကျိုးအောင်လုပ်၊ အပိုးမကျိုးရင် အရိုးကျိုးပြီသာ. . . မြင်ထား. . . ကြားလား"

"ဗျာ. . ဟုတ်. . အဲ. . ဗျာ"

အဲ့ဒီနောက်. . လေးချို အခန်းထဲက ထွက်သွားပြီး နေရီရီ ဝင်လာတယ်။ ပြီးတော့ အူကြောင်ကြောင်ဖြစ်နေတဲ့ ကျွန်တော့်ကို ကြည့်ပြီး ခိုးခိုးခစ်ခစ် ရယ်ပါတော့တယ်။

ဝတ္ထုဆန်ဆန် ပြောရရင် ဒါ ကျွန်တော့်ကို လှည့်စားရုံတင် မဟုတ်ဘူး။ ချာလည်,လည်သွားအောင် လှည့်စားပစ်တာပေါ့။

ဇာတ်ကောင်စရိုက်ကျကျ ပြောရရင်. . ယောက်ျားတစ်



ယောက်ရဲ့ မာနနဲ့သိက္ခာကို ထိပါး ပျက်ရယ်ပြုတာပေါ့။

ဇာတ်လမ်းဆန်ဆန်ဆို ကျွန်တော် ဒီနေရာကနေ ဝုန်းခနဲ ခုန်ထွက်ပြီး ကျောခိုင်းပစ်လိုက်မှာပါ။ မင်းတို့မိန်းမတွေ ဘာညာဆိုပြီး မာန်ပါတဲ့ ဒိုင်ယာလော့တွေနဲ့ ငေါ့ပစ်လိုက်ဦးမှာပါ။ ဒါပေမယ့် ဒါက ဝတ္ထုမှ မဟုတ်တာ။ ကျွန်တော်လည်း ဇာတ်ကောင်မှ မဟုတ်တာ။ ဇာတ်လမ်းလည်း မဟုတ်ဘူးလေဗျာ။

တကယ့်အဖြစ် တကယ့်ဘဝကြီးထဲ တကယ်ချစ်တဲ့စိတ်နဲ့ တကယ်ရူးသွပ်နေတဲ့ကောင်ဆိုတော့. . .

"အို. . . ကိုရဲထွဋ် ဘာလုပ်တာလဲ"

"ဖက်တာလေ"

"လေးချို လာနေပြီ"

"ဟော့ကောင်"

"ခင်ဗျာ. . . လေးချို"

"မျက်လုံးက မမြင်ပေမယ့် အင်တာကွန်းကကြားတယ်ကွ"

"အဲ. ."

ကျွန်တော် လန့်ပြီးလွှတ်လိုက်ပေမယ့် ရင်ထဲမှာ ဘယ်တော့မှ လွှတ်မသွားဘူးဆိုတာ သူမ သိသွားတယ်။ လေးချိုလည်းသိတယ်။ ဆိုင်ကကောင်မလေးတွေလည်း သိကုန်တယ်။ ပရိသတ်လည်း သိတယ်ဆိုတော့ကာ. . .

ကျွန်တော် ဒီနေရာမှာရပ်လိုက်ရင် ဘယ်လောက်ပေပေါ့မယ်လို့ ဘယ်သူမှလည်း ပြောမှာမဟုတ်လို့ မရပ်တော့ဘူးဗျာ။

အဲ့ဒါကြောင့် လေးချိုမကလို့ လေးခါးပဲဖြစ်ဖြစ် ဝခူဆိုတော့ဘဲ ဆူလက်စသွေးနဲ့ ပူလက်စစိတ်ကို လွှတ်ပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"နေရီရီ ကျွန်တော့်ကို ရှူးသွားတာ မြင်ချင်နေတာလား. .၊ ကျွန်တော်ဘာကိုဘယ်လို နားလည်ရမလဲဗျာ"

သူမပြုံးပြီး အင်တာကွန်း ပိတ်လိုက်တယ်။ ပြီးမှ. . .

"ရှင်ခုချိန်ထိ လက်မခံသေးဘူးလား၊ ကျွန်မမှာ လက်ထပ်မယ့်သူရှိတယ်လေ. . အဲ့ဒါကို ဘယ်လိုရှင်းပြရဦးမှာလဲ"

ကျွန်တော် ဘာမှမပြောတော့ဘဲ သူမမျက်လုံးတွေကို စိုက်ကြည့်နေလိုက်တယ်။ လေးချို့ရဲ့ နတ်မျက်စိကို မမီရင်တောင် ကျွန်တော့်ရဲ့ Eye power မညံ့ဘူးဆိုတာ ကျွန်တော်သိတယ်။

အဲ့ဒါကြောင့် သူမမျက်ဝန်းလှလှလေးတွေနောက်က လျှို့ဝှက်မှုအားလုံးကို ကျွန်တော်ဖော်ထုတ်မယ်။ ကျွန်တော်ထင်တယ် တစ်မိနစ်လောက်ပါပဲ သူမလက်နက်ချလိုက်တယ်။

"ကဲ. . တော်ပြီ. . အလုပ်ပျက်တယ်"

သူမ အင်တာကွန်းပြန်ဖွင့်ပြီး. . .

"လေးချို. . ."

"အေး. . ပြော. . တူမကြီး. ."

"ဦးအောင်မြင့်နဲ့ ကွန်တိန်နာကိစ္စပြီးရင် ရှယ်ယာကိစ္စလေး ဆွေးနွေးလိုက်ပါဦး"

"အခု. . အဲ့ဒါပြောနေတာ. ."

"ဟုတ်. ."

သူမ အင်တာကွန်း ပြန်ပိတ်လိုက်တယ်။

"ကဲ. . ရှင် သဘောပေါက်ပြီနော်၊ စောစောက လေးချို့နဲ့ ဦးအောင်မြင့်တို့ပေါင်းပြီး ရှင့်ကိုကြပ်တာ၊ ပြောရရင်တော့ သူတို့အတွက် ရှင့်ကို နောက်ဆုံးလူတွေ့စစ်လိုက်တာပဲလေ. . . အဟင်းဟင်း. ."

"ဟာ. . ဒါ. . ဒါဆို. ."

"ဟိုးဆရာ. . ခဏနေ လေးချိုရော ဦးအောင်မြင့်ပါ ရုံးခန်းထဲဝင်လာကြတော့မယ်၊ ကိုယ့်သိက္ခာနဲ့ကိုယ်နေ. . . ဒါပဲ"

ကျွန်တော်အခုမှပဲ သက်မမောကြီးချပြီး ဗလောင်ဆူနေတဲ့ အရှူးပိုးလည်း ငြိမ်သွားတယ် ထင်ပါရဲ့. . ။

တစ်သက်လုံးလွဲလာတာ ဒီတစ်ခါတော့. . . ဟဲဟဲဟဲ. . .

ပရိသတ်ကြီးရေ. . .

"မင်္ဂလာပါ. . ."





www.burmeseclassic.com